၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။
www.transcomjournal.com
အတွဲ (၈)၊ အမှတ် (၃)

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
# TRANSCOM NEWS JOURNAL

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်




# အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ

ဓာတ်ပုံ - ကိုကိုမြင့်

လေကြောင်းလုံခြုံရေးလုပ်ငန်းမှာ...

အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီနှင့် လုပ်ငန်းကော်မတီဟူ၍ ဖွဲ့စည်းထား . . .

ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန . . .

အဖွဲ့ဝင်တွေကတော့ ဝန်ကြီးဌာနအသီးသီးက ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကိုယ်စားလှယ်များ၊

ကကကြည်း၊ ကကလေ၊ စရဖအရာရှိချုပ်ရုံးကကိုယ်စားလှယ်များ . . .

လုပ်ငန်းကော်မတီရဲ့အဖွဲ့ဝင်တွေကတော့ . . .

ဝန်ကြီးဌာနအသီးသီးက ညွှန်ကြားရေးမှူးချုပ်များ၊ အမြဲတမ်းအတွင်းဝန်များ . . .

အတွင်းရေးမှူးက ညွှန်ကြားရေးမှူးချုပ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန . . .

တွဲဖက်အတွင်းရေးမှူးက ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ရဲမှူးချုပ်၊ လေကြောင်းရဲတပ်ဖွဲ့တို့ဖြစ်.... » စာ- ၉

myanmar national airlines

70TH ANNIVERSARY

NEW ROUTE ANNOUNCEMENT

MYANMAR NATIONAL AIRLINES HAS EXTENDED TO PHUKET




| DAY | SECTOR | DEPT | ARRV | A/C |
|---|---|---|---|---|
| FRIDAY SUNDAY | YANGON-PHUKET | 1755 | 2015 | E190 |
| FRIDAY SUNDAY | PHUKET-YANGON | 2155 | 2235 | E190 |

MYANMAR NATIONAL AIRLINES HQ
NO.104, KANNA ROAD,
KYAUKTADA TOWNSHIP, YANGON, MYANMAR
+95 1 378 603 ext.117
reservations@flymna.com | www. flymna.com

# အယ် ဒီ တာ့ အာ ဘော်

## ပြည်ထောင်စုစိတ်ဓာတ် အခြေတည်...... ငြိမ်းချမ်းရေးနှင့်ဖက်ဒရယ်ဒီမိုကရေစီ အခိုင်အမာတည်ဆောက်

၇၁နှစ်မြောက် ပြည်ထောင်စုနေ့ နီးကပ်လာပြီဖြစ်သည်။

၂၀၁၈ခုနှစ်၊ ၇၁နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် ၄ရပ်နိုင်ငံတော်မှ ထုတ်ပြန်ကြေငြာထားသည်။

(၁) ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး။

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေး ၂၁ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

(၄) အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝှမ်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဟူ၍ဖြစ်သည်။

ပြည်ထောင်စုနေ့သည် ပင်လုံညီလာခံမှထွက်ပေါ်လာသည့် ရလဒ်ဖြစ်သည်။ လွတ်လပ်ရေးအတွက် နိုင်ငံရေး၊ စစ်ရေးတိုက်ပွဲများအား မြေပြန့်တောင်ပေါ်၊ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် ပါဝင်ခဲ့ကြသည်။

၁၉၄၇ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးအတွက် သွားရောက်အရေးဆိုကြသည်။ ဗြိတိသျှတို့က ပြည်မကိုသာပေးပြီး တောင်တန်းဒေသများကိုမူ ဆက်လက်ဆုပ်ကိုင်ထားလိုသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့က ပြည်မရောတောင်တန်းဒေသကိုပါ လွတ်လပ်ရေးပေးရန် တောင်းဆိုသည်။

ဖေဖော်ဝါရီလ၂ရက်တွင် ဗိုလ်ချုပ်တို့အဖွဲ့ပြန်ရောက်ပြီး၊ ဖေဖော်ဝါရီ ၈ရက်တွင် ပင်လုံသို့ရောက်လာသည်။ ပြည်မတောင်တန်းပူးပေါင်းရေး၊ စည်းလုံးညီညွတ်ရေးဖြင့် လွတ်လပ်ရေးရယူရန် ဆွေးနွေးညှိနှိုင်းကြရာ ဖေဖော်ဝါရီလ ၁၁ ရက် ညနေတွင် သဘောတူညီမှုရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၁၂ရက်၊ နံနက် ၁၀နာရီအချိန်တွင် မြေပြန့်တောင်တန်းပူးပေါင်း သဘောတူညီချက် ၉ချက်ပါဝင်သော ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်း၊ ကချင်ကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားကိုယ်စားလှယ်များ၊ ရှမ်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ချင်းကိုယ်စားလှယ်တို့ ပါဝင်သောကိုယ်စားလှယ် ၂၃ဦးတို့ကလက်မှတ်ရေးထိုးခဲ့ကြသည်။

ပင်လုံစာချုပ်

မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှဝန်ကြီးအချို့နှင့် စော်ဘွားအားလုံးတို့အပြင် ရှမ်းပြည်၊ ကချင်တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသများမှ ကိုယ်စားလှယ်များတို့ တက်ရောက်ကြသော ပင်လုံမြို့တွင်ကျင်းပသည့် အစည်းအဝေးကြီး၌ကြားဖြတ် မြန်မာအစိုးရနှင့်ချက်ချင်း ပူးပေါင်းလိုက်ခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမို၍လျှင်မြန်စွာ ရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူအဖွဲ့ဝင်တို့က ယုံကြည်ကြသည့်အတိုင်း တညီတညွတ်တည်း အောက်ပါအတိုင်းသဘောတူညီကြသည်-

၁။ တောင်တန်းသားများကိစ္စနှင့် ပတ်သက်၍ဆောင်ရွက်ရန် တောင်ပေါ်သားများညီညွတ်ရေးဦးစီးအဖွဲ့မှ ကိုယ်စားလှယ်များက ထောက်ခံသည့်ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံကရွေးချယ်၍ ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရမည်။

၂။ ထို အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိဝန်ကြီးအဖြစ်လည်း ခန့်ထားရမည်။ ကာကွယ်ရေးနှင့်နိုင်ငံခြားရေး နည်းတူတောင်တန်းဒေသရေးရာဌာနကိုလည်း ဥပဒေဖြင့်ပြဋ္ဌာန်း၍ အမှုဆောင်ကောင်စီအောက်၌ ထားရှိရမည်။ ထိုတောင်တန်းဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီးအားအလားတူနည်းအတိုင်း အုပ်ချုပ်ခွင့်အာဏာများကို အပ်နှင်းရမည်။

၃။ အဆိုပါ အတိုင်ပင်ခံဝန်ကြီးအား ကူညီရန်အတွက် ရင်းနှင့်လူမျိုးချင်းမဟုတ်သည့် အခြားတောင်တန်းသားများအား ကိုယ်စားပြုသော တွဲဘက်အတိုင်ပင်ခံနှစ်ဦးရှိရမည်။ အတိုင်ပင်ခံဝန်ကြီးမှာမူ ကျန်ရှိသည့်အခြားသောတောင်တန်းဒေသရေးရာများကို စီမံခန့်ခွဲဆောင်ရွက်ရမည်။ ယင်းပုဂ္ဂိုလ်သုံးဦးတို့သည် အခြေခံဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း စုပေါင်းတာဝန်ယူလုပ်ကိုင်ရမည်။

၄။ အတိုင်ပင်ခံဝန်ကြီးသည် အမှုဆောင်ကောင်စီအဖွဲ့ဝင်အနေဖြင့်ကောင်စီတွင် တောင်တန်းဒေသများ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်သော်လည်းတောင်တန်းဒေသကိစ္စများကို ဆွေးနွေးသောအခါ တွဲဘက်အတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးသည် ကောင်စီအစည်းအဝေးသို့ တက်ရောက်နိုင်ခွင့်ရှိရမည်။

၅။ အထက်ပါ သဘောတူညီချက်အရ ဘုရင်ခံ၏အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း တောင်တန်းဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုရရှိခံစားလျက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ရေးဆုံးပါးရန် မည်သည့်ဒေသတွင်းမဆို လုံးဝပြုမူလိမ့်မည်မဟုတ်။တောင်တန်းဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိကြောင်း မူအားဖြင့်လက်ခံသည်။

၆။ မြန်မာပြည်ထောင်စုအတွင်း ကချင်ပြည်နယ်အတွက် နယ်ခြားသတ်မှတ်ရေးနှင့် ကချင်ပြည်နယ်တည်ထောင်ရေးကို တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်ပြဆုံးဖြတ်စေရမည်ဖြစ်သော်လည်း ထိုကဲ့သို့သောပြည်နယ်မှာလိုအပ်သည်ဟု သဘောတူလက်ခံကြသည်။ ဤရည်ရွယ်ချက်ကို ပထမအဆင့်အကောင်အထည်ဖော်သည့် အနေဖြင့် ၁၉၃၅ခုနှစ် မြန်မာနိုင်ငံတော်အစိုးရအက်ဥပဒေအရ အပိုင်း ၂ခြင်းချန်ဒေသများကို အုပ်ချုပ်သည့်နည်းတူ မြစ်ကြီးနားနှင့်ဗန်းမော်ခရိုင်အတွင်းရှိ ဒေသများအုပ်ချုပ်ရေးနှင့် ပတ်သက်၍လည်း တောင်တန်းဒေသအတိုင်ပင်ခံဝန်ကြီးနှင့် တွဲဘက်အတိုင်ပင်ခံတို့ကို တိုင်ပင်ဆွေးနွေးရမည်။

၇။ တောင်တန်းဒေသရှိ ပြည်သူတို့သည် ဒီမိုကရေစီတိုင်းပြည်များတွင် အခြေခံအခွင့်အရေးများနှင့်ရပိုင်ခွင့်များကို ရရှိခံစားစေရမည်။

၈။ ဤစာချုပ်ပါ အစီအစဉ်များသည် ရှမ်းပြည်နယ်တွင် ယခုကျင့်သုံးခွင့်ပြုထားသော ဘဏ္ဍာရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သို့မှထိခိုက်ခြင်းမရှိစေရ။

၉။ ဤစာချုပ်ပါ အစီအစဉ်များသည် မြန်မာပြည်၏အခွန်ဘဏ္ဍာများထဲမှ ကချင်တောင်တန်းဒေသနှင့် ချင်းတောင်တန်းဒေသတို့က ရပိုင်ခွင့်ရှိသော ဘဏ္ဍာရေးအကူအညီအား မည်သို့မျှထိခိုက်ခြင်းမရှိစေရ၊ ထို့ပြင် ရှမ်း ပြည်နယ်နှင့်မြန်မာပြည်တို့၏ ဘဏ္ဍာရေးစီစဉ်ဆက်သွယ်မှုများကဲ့သို့ အလားတူ ဘဏ္ဍာရေးစီစဉ်ဆက်သွယ်မှုများကို လက်တွေ့ကျင့်သုံးနိုင်ခြင်းရှိမရှိ အမှုဆောင်ကောင်စီသည် တောင်တန်းဒေသအတိုင်ပင်ခံဝန်ကြီး၊ တွဲဘက်အတိုင်ပင်ခံများနှင့်အတူ စူးစမ်းလေ့လာမည်။

(ပုံ)အောင်ဆန်း

မြန်မာနိုင်ငံတော်အစိုးရ

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ၇၁နှစ်မြောက်ပြီဖြစ်သော ပြည်ထောင်စုနေ့သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေး အမျိုးသားအသွင်ဖြင့် စည်းလုံးညီညွတ်မှု၊ နားလည်စာနာတတ်မှု၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်မြဲရေးအတွက် အနှစ်သာရပြည့်ဝစွာ တည်ဆောက်နေချိန်ဖြစ်ပေရာ ပြည်ထောင်စုနေ့ဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ယုံကြည်အားထားစရာ၊ လေးစားဂုဏ်ယူစရာအချိန်ကာလပင် ဖြစ်ပေသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုတစ်ဝှမ်းလုံးသို့ ရေကြောင်း၊ လေကြောင်း၊ ကုန်းလမ်းတို့ ဖြန့်ကျက်၍ သယ်ယူပို့ဆောင်ရေး၊ မြို့ကြီးများမှသည် နယ်စပ်ဒေသများသို့ ဆက်သွယ်ရေး၊ လွယ်ကူသက်သာ၊ မြန်ဆန်ထိရောက်စေရေး ပြည်ထောင်စုဖွားတိုင်းရင်းသားအရာထမ်း၊ အမှုထမ်းများက ဒေသခံပြည်ထောင်စုညီအစ်ကိုမောင်နှမများနှင့်တကွ တည်ဆောက်လျက်ရှိသည်။ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ပွဲတွင် ကာယ၊ဉာဏ စွမ်းအားကုန်၊ မာန်အားအပြည့်ဖြင့် တက်ကြွစွာပါဝင်လျက်ရှိပါကြောင်း တင်ပြရေးသားဖော်ပြအပ်ပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်ရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၃) ရက်မှ (၄) ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁)ရက်မှ (၂)ရက်ခန့်အထိ ရွာနိုင်ပါသည်။

**ညအပူချိန်**

ညအပူချိန်မှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် (၁.၅) ဒီဂရီစင်တီဂရိတ်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆) ရက်မှ (၈) ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (၃) ရက်မှ (၅) ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီလ ပထမ (၁၀) ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ဖေဖော်ဝါရီလ ပထမ (၁၀) ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်ကျဆင်းလာနိုင်ပါသည်။ မိုး/ဇလ

## မန္တလေးရေလမ်းကောင်းမွန်ရေးအတွက် ရေလမ်းထိန်းလုပ်ငန်း (ကမ်းထိန်းလုပ်ငန်း)များအား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်မည်


ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော **ဧရာဝတီမြစ်ဝှမ်းဘက်စုံ စီမံခန့်ခွဲမှုစီမံကိန်း** (Ayeyarwady Integrated River Basin Management (AIRBM) Project)မှ **စီမံကိန်းကဏ္ဍအပိုင်း(၃)သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးမှညောင်ဦးအထိလုံခြုံစိတ်ချရသော ရေလမ်းဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်လျက်ရကြောင်း၊ ပထမအဆင့်လုပ်ငန်းစီမံကိန်းအဖြစ် မန္တလေးရေလမ်းကောင်းမွန်ရေးအတွက် နယ်သာလန်နိုင်ငံအခြေစိုက် လုပ်ငန်းစီမံကိန်းအဖြစ်** Royal HaskoningDHV **ကို ငှားရမ်းပြီးရေလမ်းကောင်းမွန်ရေး ဆောင်ရွက်သင့်သောအစီအမံများ (အင်ဂျင်နီယာဒီဇိုင်းများ)အား လေ့လာတင်ပြစေခဲ့ကြောင်း** Royal HaskoningDHV **အနေဖြင့် မန္တလေးရေလမ်းအား ၂၀၁၅-ခုနှစ်ကတည်းက လေ့လာရေးလုပ်ငန်းများ** (Computer Modeling) **ဆောင်ရွက်ခဲ့ပြီး၊ ဖြစ်နိုင်ခြေလေ့လာခြင်း** (Feasibility Study) **တစ်ခုဆောင်ရွက်ခဲ့ကြောင်းအဆိုပါအစီရင်ခံစာအရ မန္တလေးရေလမ်းကောင်းမွန်ရေးအတွက်ကျွန်းဆင်ထိပ်တွင် ရေလမ်းထိန်းကျောက်စီရေကာ** (Guide Bund) **တစ်ခုနှင့် ရှမ်းကလေးကျွန်း**

» စာ-၂၀




MPT
ရှေ့သို့လှမ်း၍မြန်မာပြည်
ချိုသာ
၆ကျပ်/မိနစ်
၁၅၀၀ ကျပ်
၂၃၅ မိနစ်
*106*1*1#
(၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
“MPT ကြိုးဖုန်းနှင့်
MPT မိုဘိုင်းဖုန်းအားလုံးသို့ ခေါ်ဆိုနိုင်ပါသည်။”
၁ မိနစ် ၆ ကျပ်အတွက် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်မံပေးဆောင်ရန်လိုအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာအနီး ရုပ်အလောင်းများ အစုလိုက်အပြုံလိုက် မြှုပ်နှံထားကြောင်း AP သတင်းဌာန၏ ဖော်ပြချက်နှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး













ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာဝန်းကျင်တွင် ရာနှင့်ချီသည့် ရုပ်အလောင်းများအား နေရာ ၅နေရာတွင် အစုလိုက်အပြုံလိုက် မြှုပ်နှံထားကြောင်း၊ ယင်းတို့ကို အက်ဆစ်လောင်း၍ ဖျောက်ဖျက်ရန် စီစဉ်ထားခြင်းကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြောင်း AP သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ထိုသို့ AP သတင်းဌာနမှ သတင်းဖော်ပြမှုကြောင့် အခြားမီဒီယာများတွင် ဆင့်ပွားဖော်ပြခဲ့ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဝေဖန်ပြောကြားမှုများ၊ စွပ်စွဲချက်များ ထွက်ပေါ်ခဲ့ရာ ဂူတာပြင်ကျေးရွာဖြစ်စဉ် မှန်ကန်မှုရှိ၊မရှိ စိစစ်တင်ပြရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ နိုင်ငံတော်အစိုးရမှ လမ်းညွှန်ခဲ့သည်။

ယင်း လမ်းညွှန်ချက်အရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာနှင့်စပ်လျဉ်းသည့် AP သတင်းဌာန သတင်းဖော်ပြချက်နှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ဖော်ထုတ် သိရှိနိုင်ရန် ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး အမှတ် ၃နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ နယ်မြေမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် ဥပဒေအရာရှိ၊ လက်ထောက်မြို့နယ် ဆရာဝန်၊ မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ၊ မြို့နယ်လဝက ဦးစီးမှူး၊ မြို့နယ် လည်စီ/စာရင်းအင်းဦးစီးမှူး၊ မြို့နယ် မီးသတ်ဦးစီးမှူး ပါဝင်သည့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီသည် ဘူးသီးတောင်မြို့နယ် ကံစိန်အုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ၊ ဂူတာပြင်ကျေးရွာတာဝန်ခံနှင့် ရပ်မိရပ်ဖ ၅ ဦးနှင့် ပြန်/ဆက်မှ မှတ်တမ်းတင် ၁ ဦး၊ စုစုပေါင်း ၁၇ ဦး ပါဝင်သည့် မြေပြင်ကွင်းဆင်း စစ်ဆေးသည့်အဖွဲ့အား စနစ်တကျ ဖွဲ့စည်းခဲ့ပြီး ဖေဖော်ဝါရီ ၂ရက်နေ့တွင် ဂူတာပြင်ကျေးရွာတစ်ဝိုက် သွားရောက်စစ်ဆေးစေခဲ့သည်။

ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူးဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဂူတာပြင်ကျေးရွာတွင် AP သတင်းဖော်ပြချက်ပါ ရုပ်အလောင်းများကို မြှုပ်နှံထားသည်ဟုဆိုသည့် နေရာများအား သွားရောက်စစ်ဆေးခဲ့ရာ မှန်ကန်မှုမရှိကြောင်း တွေ့ရှိခဲ့ရသည်။ ၎င်းအပြင် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ AP သတင်းတွင် ဖော်ပြခဲ့သည့် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုမျိုး ရှိ၊ မရှိ မေးမြန်းခဲ့ရာ ကျေးရွာသူရွာသားများက မရှိကြောင်း ပြောကြားခဲ့ကြသည်။

ဖြစ်စဉ်အမှန်မှာ ARSA အစွန်းရောက် အကြမ်းဖက်များနှင့် ထိတွေ့မှုဖြစ်ပွားခဲ့စဉ် ဂူတာပြင်ကျေးရွာတွင်ဖြစ်ပွားခဲ့သော ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ဂူတာပြင်ကျေးရွာအတွင်းမှ ARSA အစွန်းရောက် အကြမ်းဖက်သမားများနှင့် ပူးပေါင်းထားသည့် ကျေးရွာအတွင်းမှရွာသားများပါဝင်သော အင်အား ၅၀၀ ခန့်က လူအုပ်ဖြင့် ဝင်လုံးတိုက်ခိုက်လာခဲ့ကြောင်း၊လုံခြုံရေး တပ်ဖွဲ့ဝင်များက ကပ်မလာရန် တားဆီးခဲ့သော်လည်း အတင်းဝင်ရောက် လုံးထွေးတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာအကြမ်းဖက်သမားများက ကျေးရွာ၏တောင်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများက တုတ်၊ဓား၊ဂျင်ကလိများ၊ လက်နက်ငယ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြန်လည် ခုခံကာကွယ်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပြီး ARSA အစွန်းရောက် အကြမ်းဖက် သမားအလောင်း ၁၉ လောင်းနှင့်အတူ အရိုးအသွားအရှည် ၂ လက်မခန့်ရှိ ဓားအရှည် ၈ ချောင်း၊ အရှည် ၂ပေခန့်ရှိ သစ်သားတုတ် ၁ ချောင်း၊ အရှည် ၅ ပေခွဲခန့်ရှိလုံချွန် ၃ ချောင်း၊ အရှည် ၄ ပေခန့်ရှိ သံလုံးချွန် ၂ ချောင်း၊ သစ်သားရိုးပါ အရှည် ၄ ပေခန့်ရှိ လုံချွန် ၁ ချောင်း၊ ၄ လက်မ အိမ်ရိုက်သံဖြင့် ပြုလုပ်ထားသည့် ဂျင်ကလိ ၃၂ ချောင်း၊ S&B တံဆိပ်ပါ ၇.၆ ကျည်ခွံ ၁၂ ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

သေဆုံးခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက် သမား ၁၉ ယောက်၏ အလောင်းကိုစနစ်တကျ မြှုပ်နှံသဂြိုလ်ခဲ့ပြီး ညောင်ချောင်းနယ်မြေရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၅/၂၀၁၇၊ အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ) ဖြင့် အမှုဖွင့်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများမရှိဟု ငြင်းဆန်ခြင်းမပြုဘဲ တိကျမှန်ကန် ခိုင်မာပြီး ယုံကြည်စိတ်ချရသည့် သက်သေအထောက်အထားများ ရရှိပါက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည့်အခါချိုးဖောက်မှုများ တွေ့ရှိရပါက ဥပဒေနှင့်အညီ အရေးယူမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်သည်။

ယင်းမူဝါဒနှင့်အညီ AP သတင်းဖော်ပြချက်ပါ ဂူတာပြင်ဖြစ်စဉ်သတင်းနှင့် စပ်လျဉ်း၍ ဒေသခံရွာသားများ ပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် စနစ်တကျ ကွင်းဆင်းစစ်ဆေးခဲ့သည့် ပဏာမစိစစ်ချက်အရ မှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ ဂူတာပြင်ကျေးရွာအနီးဝန်းကျင်ရှိ အခြားကျေးရွာများတွင်လည်း AP သတင်းဖော်ပြချက်ပါ ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်း ရှိ၊ မရှိ ဆက်လက်စုံစမ်းစိစစ်လျက်ရှိကြောင်း၊ အချက်အလက် အထောက်အထားများ ရရှိမှုအပေါ် မူတည်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် ရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရှိရသည်။


## 'ပြည်သာယာခရီး'

ဂုန်းညှက်ဖာရာ
မညီမညာနဲ့
ပြည်သာယာသို့.....
လက်ယက်ခေါ်နေတဲ့ လှေသူကြီး
သူ့ခရီးကို သူ့သားသူ့သမီးတွေနဲ့
စုစည်းလို့ခရီးနှင်နေပြီ။

ရှက်ထူထားတယ်
လက်ရည်မတူတော့
ခရီးမပေါက်ဘူး။
လေဆန်ခရီးဝေမယ့်
ခြေတန်လို့လှော်ခတ်ရင်း
ပန်းတိုင်ကို တစ်နေ့တော့ ရောက်မှာပါလေ။

တက်တွေမချန့်
မာန်မတြွကြနဲ့
လှေဦးက ညာသံကို
နာခံလို့သာလှော်ခတ်ကြ
တို့အနာဂတ်ဘဝတွေ လှပတော့မှာပါလေ။

လင်းမြတ်



ကြော်ငြာရှင်များ ဆက်သွယ်လိုပါက
Advertising Department
ဖုန်း-၀၁-၈၆၀၀၁၉၀
e-mail-transcomnews.2017@gmail.com

Transcom News Journal

စီမံခန့်ခွဲမှုအရာရှိ
ဦးနီအောင်
စာတည်းမှူးချုပ်
မောင်ကြင်နာ
အုပ်ချုပ်ရေးအရာရှိ
ထိန်လင်း
ငွေစာရင်းအရာရှိ
ကျော်သူရ

လက်ထောက်စာတည်း
တင်မောင်
သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်
သတင်း (ရထား)
အောင်ဆန်းဦး
သတင်း (ဆက်သွယ်ရေး)
လှမျိုး

ကာတွန်းသရုပ်ဖော်
မောင်တင်ယု
သတင်းထောက်
အိမ်စည်
ဝေဝေဖြိုး
သဇင်ဖူး
ပိုးဟေမာ

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်
ကွန်ပျူတာ
ခိုင်ယုသွယ်
ဇင်ဘိုထွန်း
မင်းခန့်ဇော်
အောင်ကောင်းဆက်

စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ထုတ်ဝေသူ
ကျော်မြင့်
၀၀၄၉၆
ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃

တိုက်တည်နေရာ။ ။အမှတ် (၈၃/၉၁)၊ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၈၆၀၀၁၉၂၊ စာတည်းမှူးချုပ်-၀၁-၃၇၅၄၄၃၊ e-mail-transcomnews.2017@gmail.com

## Hyundai Merchant Marine Co.,Ltd (HMM) မှ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသား (၁၄)ဦးအား Scholarship ပေးအပ်



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် 14th Batch မှ ရေကြောင်းသိပ္ပံဘာသာရပ်နှင့် ရေကြောင်းအင်ဂျင်နီယာဘာသာရပ်တို့မှ ကျောင်းသား (၁၄)ဦးအား ကိုရီးယားနိုင်ငံ Hyundai Merchant Marine Co.,Ltd (HMM) မှ Scholarship ပေးအပ်သည့် အခမ်းအနားကို ဇန်နဝါရီ ၁၈ရက်ညနေ (၆း၃၀)နာရီတွင် Lotte Hotel, Yangon တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်နှင့် တာဝန်ရှိသူများ Hyundai Merchant Marine Co.,Ltd (HMM) ၏ General Managing Director ဖြစ်သူ Mr.Ko၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ပညာသင်ဆုရရှိကြသည့် ကျောင်းသားများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

ရှေးဦးစွာပါမောက္ခချုပ်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး Hyundai Merchant Marine Co., Ltd (HMM) မှ General Manager ဖြစ်သူ Mr. JeonSeung မှ Scholarship ပေးအပ်ပွဲအခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် Scholarship Award ရရှိသည့် ကျောင်းသားကျောင်းသူများအား Mr. JeonSeung မှတစ်ဦးချင်းအလိုက် ပေးအပ်ခဲ့ပါသည်။

Hyundai Merchant Marine Co.,Ltd (HMM) အနေဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်စတင်တည်ထောင်ချိန်မှစ၍ ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုများအား နှစ်စဉ်ပေးအပ်ချီးမြှင့်လျက်ရှိခဲ့ရာ ယခုနှစ်ထိကျောင်းသား (၇၀)ဦးခန့်အား Hyundai Merchant Marine Co.,Ltd (HMM) ပိုင် သင်္ဘောများတွင် အလုပ်ခန့်ထားပေးနိုင်ခဲ့ကြောင်းသိရှိရသည်။

တင်မောင် (ပို့/ဆက်)

## မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း (MNA) ၏ အထွေထွေသင်းလုံးကျွတ်အစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ် ရွေးချယ်ခြင်းကျင်းပ



မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း (MNA) ၏ အထွေထွေသင်းလုံးကျွတ်အစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်ခြင်းအခမ်းအနားကို ဇန်နဝါရီ (၃၀)ရက်ညနေ (၆)နာရီခွဲတွင်ရန်ကုန်မြို့ရှိ Western Park Royal (ကန်တော်ကြီး)၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း နာယကများဖြစ်ကြသော ကပ္ပတိန်ဒေါက်တာတင်လှိုင်၊ ကပ္ပတိန်နေဝင်း၊ ကပ္ပတိန်အေးမောင်၊ ဥက္ကဋ္ဌ ကပ္ပတိန်ဌေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးဦးစီးဌာန၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအသင်းဝင်များ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း (MNA) ၏ နာယက ကပ္ပတိန်ဒေါက်တာတင်လှိုင်မှ အဖွင့်အမှာစကားပြောကြားပါသည်။ ယင်းနောက် ဥက္ကဋ္ဌကပ္ပတိန်ဌေးဝင်းမှ နှုတ်ခွန်းဆက်စကားပြောကြားပါသည်။ ထို့နောက်အတွင်းရေးမှူး ကပ္ပတိန်မင်းနိုင်မှ အသင်းနှင့်ပတ်သက်သည့် လုပ်ငန်းအစီရင်ခံစာများအား ရှင်းလင်းတင်ပြပါသည်။ ၎င်းနောက် ဘဏ္ဍာရေးအစီရင်ခံစာများကို ဘဏ္ဍာရေးမှူးမှ ဖတ်ကြားရှင်းလင်းတင်ပြပါသည်။ ၎င်းနောက် သဘာပတိမှ လုပ်ငန်းအစီအစဉ်များ ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာများနှင့်ပတ်သက်၍ အတည်ပြုပါသည်။

ဆက်လက်၍ အမှုဆောင်အသစ်ရွေးချယ်ရန်အတွက် ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ဒေါက်တာကပ္ပတိန်တင်လှိုင်၊ အဖွဲ့ဝင်များအဖြစ်ကပ္ပတိန်နေဝင်း၊ ကပ္ပတိန်အေးမောင်တို့အား ရွေးချယ်ဖွဲ့စည်းပါသည်။ ထို့နောက်အလုပ်အမှုဆောင်အဖွဲ့ဝင်ဟောင်းများ နှုတ်ထွက်ကြောင်းကြေငြာပါသည်။

ထို့နောက်အလုပ်အမှုဆောင် အဖွဲ့ဝင်အသစ်ရွေးချယ်ပွဲ အစီအစဉ်အား တင်ပြခြင်း၊ အဖွဲ့ဝင်သစ်ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်အနေဖြင့် ပါဝင်ရွေးချယ်ရန်အတွက် အဆိုပြုလွှာများကို ကော်မရှင်သို့တင်ပြခြင်း၊ အဆိုပြုလွှာများအား ကော်မရှင်မှ စိစစ်အတည်ပြုခြင်း၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း ရွေးချယ်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်လှိုင်မှ နိဂုံးချုပ်စကားပြောကြားပြီးနောက် ရွေးချယ်ထားသည့် အလုပ်အမှုဆောင်သစ်နှင့် အရန်အမှုဆောင်များနှင့်အတူ အုပ်စုမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မြန်မာနိုင်ငံရေကြောင်းအတက်ပညာရှင်များအသင်းကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၁၀)ရက်စနေနေ့တွင် Roynal Garden Restaurant တွင် အသင်းဖြစ်မြောက်ရေးရှေးပြေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ကျင်းပခဲ့သည်။ အသင်းနှင့်ပတ်သက်သည့် စည်းမျဉ်းရေးဆွဲရေးဆပ်ကော်မတီမှ တင်ပြသောရေကြောင်းအတတ်ပညာရှင်များအသင်း၏ အခြေခံဖွဲ့စည်းပုံစည်းမျဉ်းမူကြမ်းအား ပြင်ဆင်ချက်များနှင့် အတည်ပြုခဲ့ပါသည်။ ၂၀၁၃ခုနှစ် စက်တင်ဘာ (၅)ရက်နှင့် (၁၄)ရက်တို့တွင် ပြုလုပ်ခဲ့သောအစည်းအဝေးများ၌ အလုပ်အမှုဆောင်များအဖွဲ့ကို (၁၀)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်းသိရသည်။

သတင်း- တင်မောင် ဓါတ်ပုံ- ကျော်ကျော်

## ကိုရီးယားနိုင်ငံ KLSCM Co.,Ltd မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများအား Scholarship ပေးအပ်ပွဲကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် 14th Batchမှ ရေကြောင်းသိပ္ပံဘာသာရပ်နှင့်ရေကြောင်း အင်ဂျင်နီယာဘာသာရပ်တို့မှကျောင်းသား (၁၄)ဦးနှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းသား (၆)ဦးတို့အား ကိုရီးယားနိုင်ငံ KLCSMCo.,Ltd မှ Sc holarship ပေးအပ်ပွဲဇန်နဝါရီ (၃၁ )ရက်ညနေ(၆း၃၀) နာရီတွင် Lott e Hotel,Yangonတွင်ကျင်းပပြု လုပ်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကော်လိပ်မှ ကျောင်းအုပ်ကြီးကပ္ပတိန်ဇင်မောင်ထွန်းနှင့် တာဝန်ရှိသူများ KLCSM Co.,Ltd မှ Director of HRD Mr.MOGI နှင့်တာဝန်ရှိသူများ၊ Samho shipp ing Co.,Ltdမှဒေါ်ညိုညိုဟန်နှင့် တာဝန်ရှိသူများ ပညာသင်ဆုရရှိကြ သည့်ကျောင်းသားများ တက်ရောက်ခဲ့ကြောင်းသိရသည်။

KLCSM Co.,Ltd အနေဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္က သိုလ် စတင်တည်ထောင်ချိန်မှစ၍ကျောင်းသားများအား ပညာသင်ဆု များအား နှစ်စဉ်ပေးအပ်ချီးမြှင့်လျက်ရှိခဲ့ရာ ယခုနှစ်ထိကျောင်းသား (၂၃ ၀)ဦးခန့်အား Scholarship အနေဖြင့် KLSCM Co.,Ltd သင်္ဘောများ တွင်အလုပ်ခန့်ထားပေးနိုင်ခဲ့ ကြောင်းသိရှိရသည်။

တင်မောင်-ပို့/ဆက်



## မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေး အစီအစဉ် ၂၀၁၈ အကြိုလူရွေးပွဲဖိုင်နယ်အဆင့်သို့ အဖွဲ့ (၁၀)ဖွဲ့တက်ရောက်နိုင်

မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၈တစ်ပတ်တာစခန်းသွင်းလေ့ကျင့်ခြင်းအစီအစဉ်အတွက် အောက်မြန်မာပြည်ကိုယ်စားပြု (ရန်ကုန်) အထက်မြန်မာပြည်ကိုယ်စားပြု (မန္တလေး)မှ ယှဉ်ပြိုင်ကြသောအဖွဲ့များ ရွေးချယ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၃ရက်နေ့နှင့် ၂၇ရက်နေ့တို့တွင် ရန်ကုန် MICT Park ရှိ Conference Hall နှင့် မန္တလေး MICT ရှိ ရတနာရူပါစင်တာတို့တွင် ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုနှင့် စီးပွားရေးဆိုင်ရာကျွမ်းကျင်မှု သက်ဆိုင်ရာကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှု Myanmar Youth Techno Rreneurship Development Program အစီအစဉ်မှ အောက်မြန်မာပြည်မှ (၅)ဖွဲ့နှင့် အထက်မြန်မာပြည်မှ (၅)ဖွဲ့တို့ကို ရွေးချယ်ရေးဘုတ်အဖွဲ့က ရွေးချယ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံအသင်းချုပ် (MCF) နှင့်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းစတင်မည့် လူငယ်များနှင့် နည်းပညာဆက်စပ်နယ်ပယ်များတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြမည့် လူငယ်များ၏စွမ်းဆောင်ရေးကို အဓိကအခန်းကဏ္ဍမှကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်ကိုလည်းသိရသည်။

ရွေးချယ်ခံရသည့်အဖွဲ့ (၁၀)ဖွဲ့အနေဖြင့်၎င်းတို့၏ စီးပွားရေးလုပ်ငန်းစီမံကိန်းများပိုမိုတိုးတက်စေရန်အတွက် တိုးတက်မှုပြန်လည်သုံးသပ်ခြင်းအစည်းအဝေးများဘဏ္ဍာရေးနှင့် ဥပဒေရေးရာ အလုပ်ရုံဆွေးနွေးပွဲများ Hackathons လူမှုရေးဆိုင်ရာစွမ်းရေနှင့် စီးပွားရေးဆိုင်ရာအတွေးအမြင်များ၊ တိုးတက်စေရေးဆွေးနွေးပွဲများ၊ အထူးလေ့ကျင့်သင်ကြားမှုများကို တစ်ပတ်ကြာစခန်းသွင်း လေ့ကျင့်ပေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ (၁၀)ဖွဲ့ထဲမှ အကောင်းဆုံး (၃)ဖွဲ့ကို အကဲဖြတ်ပညာရှင်ဒိုင်လူကြီးများက ၂၀၁၈ခုနှစ်ဖေဖော်ဝါရီလတွင် ရွေးချယ်ကာ ဆုကြေးငွေ ကျပ်သိန်း (၅၀)နှင့်အတူ ၂၀၁၈ခုနှစ် မတ်လမှစတင်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစင်တာဖြစ်သည့် Kanaung Hub တွင် အခြားသောအောင်မြင်မှုရနေသောလုပ်ငန်းငယ်များနှင့်အတူ အနီးကပ်အလုပ်လုပ်ကိုင်နိုင်မည့် ရုံးခန်းနေရာတစ်ခုကို (၆)လတိတိအခမဲ့အသုံးပြုခွင့်နှင့် နယ်ပယ်အသီးသီးတွင် အောင်မြင်နေသည့် ကြီးကြပ်သူများ၏ စွမ်းဆောင်ရေမြင့်တင်ပေးမှုနှင့်အတူ၊ အကောင်းဆုံးတိုးတက်စေမည့် အခွင့်အလမ်းများကို ရရှိမည်ကိုလည်းသိရသည်။

ယခုအချိန်ဟာ မြန်မာနိုင်ငံကွန်ပြူတာအသင်းချုပ် MCF နဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တို့ ပူးပေါင်းကျင်းပတဲ့ မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၈အတွက် အနိုင်ရရှိမည့်အဖွဲ့ (၃)ဖွဲ့နှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည့်အဖွဲ့ (၁၀)ဖွဲ့ရဲ့ စိတ်အားထက်သန်မှုတွေ ဆုကြေးငွေတွေနဲ့ ထောက်ခံမှုတွေအတွက် ဒီအချိန်ဟာ စိတ်လှုပ်ရှားဖွယ်အချိန်ကာလတစ်ခုလည်းဖြစ်တယ်ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌဖြစ်သူဦးခွန်ဦးကပြောသည်။

လှမျိုး-ဆ.သ.ရ

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ၂၀၁၇-၂၀၁၈ပညာသင်နှစ်မှ ပထမနှစ်ကျောင်းသား၊ ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားအား ဇန်နဝါရီလ (၁၁)ရက်နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် စာကြည့်တိုက်မှူးတို့မှ တက်ရောက်ခဲ့ကြသည်။

ပထမဦးစွာ ပါမောက္ခချုပ်မှ ကျောင်းသားကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး မော်ကွန်းထိန်း (ကျောင်းသားရေးရာ)မှ ကျောင်းသားကျောင်းသူများအား ဘာသာရပ်ဆိုင်ရာဌာနမှူးများနှင့် တွေ့ဆုံမိတ်ဆက်ပေးခဲ့ ကြောင်းသိရသည်။

ထို့နောက် ဘာသာရပ်ဆိုင်ရာဌာနမှူးများနှင့် မော်ကွန်းထိန်းများမှ ဌာန နှင့်သက်ဆိုင်သည်များအား Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပါမောက္ခချုပ်မှ ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် ဆုရရှိခဲ့ကြ သည့် ကျောင်းသားကျောင်းသူ (၃)ဦးအား ဆုများအသီးသီးပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရှိရသည်။

တင်မောင်- ပို့/ဆက်

# ပြည်ထောင်စုနေ့

ဇော်မိခဉ္ဇာ




ပင်လုံစာချုပ်
THE PANGLONG AGREEMENT, 1947.
Dated Panglong, the 12th February 1947.




ပင်လုံစာချုပ်
၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပင်လုံ။


ပင်လုံစာချုပ်
၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပင်လုံ။

**ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် တောင်တန်းမြေပြန့်ပူးပေါင်းရေး သဘောတူညီချက် ၉ ချက် ပါဝင်သောပင်လုံ စာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်း၊ ကချင်ကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားကိုယ်စားလှယ်များ၊ ရှမ်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ချင်းကိုယ်စားလှယ်တို့တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုတောင်တန်းဒေသကိုယ်စားလှယ် (၂၁)ဦးတို့ သည် တောင်တန်းဒေသများက ပြည်မကြီးနှင့် ပူးပေါင်းရန် သဘောတူညီသောပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြသည်။ ဤသို့ဖြင့် .....**

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်ဖြစ်သည့် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့သို့ပင် ရောက်ရှိတော့မည်ဖြစ်သည်။ ထိုနေ့တွင် ပြည်ထောင်စုနေ့အခမ်းအနားများ ပျော်ပွဲရွှင်ပွဲများကို နိုင်ငံအနှံ့တွင်တွေ့မြင်ခံစားရမည်ဖြစ်သည်။ ပြည်ထောင်စုနေ့ဟူသည် ရေမြေအနေအထားများအရ တောင်တန်းပြည်မကွဲပြားနေသည့် အခြေအနေများကို နိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းရာတွင် ပြည်ထောင်စုကြီးအဖြစ် တစည်းတလုံးတည်းဖြစ်ရေးအတွက် သမိုင်းမှတ်တိုင်အဖြစ် ထင်ရှားသည့်အကြောင်းအရာများသည် ထိုပြည်ထောင်စုနေ့ဖြစ်ပေါ်ရာတွင် သန္ဓေတည်နေပါသည်။

ဗြိတိသျှတို့၏ အုပ်ချုပ်ရေးပရိယာယ်များကြောင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှုမရှိပဲ သွေးကွဲမှုပင်ရှိခဲ့သည်။ ထိုသို့သော အခြေနေများတွင် ၁၉၄၆-ခုနှစ် ဇနဝါရီလအတွင်း ရွှေတိဂုံဘုရားကုန်းတော်အလယ်ပစ္စယံ၌ကျင်းပသော ဖဆပလညီလာခံကြီးက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် တိုင်းရင်းသားအားလုံးလက်တွဲ၍ဆောင်ရွက်ပြီးလျှင် အတူတကွလွတ်လပ်သော ပြည်ထောင်စုနိုင်ငံထူထောင်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အတိုင်း ဖြစ်မြောက်နိုင်ရန် မြန်မာခေါင်းဆောင်ကြီးများ ကြိုးပမ်းခဲ့ကြသည်။

ထို့ကြောင့်ပင် ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်း ဗဟိုချက်တွင်ရှိသော ပင်လုံမြို့တွင် ရှမ်းစော်ဘွားများညီလာခံကို ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်းမှာပင် ကျင်းပခဲ့ရာ မြန်မာခေါင်းဆောင်ကြီးများဖြစ်သောသခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့ တက်ရောက်ခဲ့ကြသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်တော်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးအတွက် သွားရောက်အရေးဆိုကြရာ ပြည်မကြီးရောတောင်တန်းဒေသများပါ လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ ဗြိတိသျှတို့ကမူ ပြည်မကြီးကိုသာလွတ်လပ်ရေးပေးပြီးလျှင် တောင်တန်းဒေသများကို ဆက်လက်သိမ်းပိုက်ထားလိုကြသည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းတို့ကမူ တောင်တန်းဒေသများကို ပြည်မကြီးနှင့်တပြိုင်တည်းလွတ်လပ်ရေးပေးရန် အရေးဆိုခဲ့ကြသည်။ ဤအခြေအနေတွင်မြန်မာ့ခေါင်းဆောင်ကြီးများက တောင်တန်းဒေသများသို့ သွားရောက်ကာ တိုင်းရင်းသားစည်းလုံးရေးကိုဟောပြောလှုံ့ဆော်ခဲ့ကြသည်။ ဗြိတိသျှတို့ကလည်းတောင်တန်းဒေသများက ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူပါက ပြည်မကြီးရောတောင်တန်းဒေသများပါ တပြိုင်တည်းလွတ်လပ်ရေးပေးမည်။ ပြည်မနှင့်တောင်တန်းဒေသများ ပူးပေါင်းရေးကို တောင်တန်းသားများက ယင်းတို့ဘာသာဆုံးဖြတ်ပါစေဆိုသည့် ကိုအောင်ဆန်းအက်တလီစာချုပ်ကို ချုပ်တွင်ထည့်သွင်းချုပ်ဆိုခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ဝင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး ဖေဖော်ဝါရီ ၈ ရက် (စနေနေ့)တွင် ပင်လုံညီလာခံကြီးသို့ တက်ရောက်လာခဲ့ကြရာ ဂျပန်တခေတ်လုံးဗုံးကျဲထားသည့်ဒဏ်ကြောင့် ဟဲဟိုးလေယာဉ်ကွင်းသည် သုံးမရအောင်ပျက်စီးနေသဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏လေယာဉ်သည် ပင်လုံမှမိုင်ပေါင်း ၁၈၀ ခန့်ကွာဝေးသည့်မိတ္ထီလာလေယာဉ်ကွင်းတွင်ဆင်းရပြီးထိုမှတစ်ဆင့် သာစည်၊ ယင်းမာပင်၊ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင်၊ တောင်ကြီး၊ ဟိုပုံး၊ မိုင်းပွန်နှင့် လွယ်လင်မြို့များကို ဖြတ်သန်းရသဖြင့် မိုးစုံးစုံးချုပ်မှ ပင်လုံသို့ရောက်ရှိကြသည်။

ထို့နောက်တွင် ပြည်မနှင့်တောင်တန်းဒေသ ပူးပေါင်းရေးကို ဆွေးနွေးကြရာတွင် ဖေဖော်ဝါရီ ၁၁ ရက်နေ့ညနေတွင် မြန်မာတိုင်းရင်းသားပေါင်းစုံညီညွတ်မှုရရှိပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် တောင်တန်းမြေပြန့်ပူးပေါင်းရေး သဘောတူညီချက် ၉ ချက်ပါဝင်သောပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်း၊ ကချင်ကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားကိုယ်စားလှယ်များ၊ ရှမ်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ချင်းကိုယ်စားလှယ်တို့ တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုတောင်တန်းဒေသကိုယ်စားလှယ် (၂၁)ဦးတို့သည် တောင်တန်းဒေသများက ပြည်မကြီးနှင့် ပူးပေါင်းရန် သဘောတူညီသောပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြသည်။ ဤသို့ဖြင့် တစ်နိုင်ငံလုံးရှိတောင်တန်းပြည်မတိုင်းရင်းသားများ၏ သွေးစည်းမှုကိုဖော်ညွှန်းနိုင်သည့်နေ့ရက်အဖြစ် အဆိုပါ ဖေဖော်ဝါရီ ၁၂ ရက်ကို "ပြည်ထောင်စုနေ့" အဖြစ် နိုင်ငံတော်အစိုးရက တရားဝင် သတ်မှတ်ကာကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၇၁) နှစ်သို့ပင်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထိုခေတ်ကာလများဆီက ပြည်ထောင်စုတိုင်းရင်းသားများ သွေးစည်းစွာဖြင့် လွတ်လပ်ရေးအရယူရန်ကြိုးပမ်းခဲ့ကြသည်။ ယနေ့ခေတ်တွင်တော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA တွင် လက်မှတ်ရေးထိုးရန် ကြိုးပမ်းနေရသည့်အခြေအနေများဖြစ်သည်။ ငြိမ်းချမ်းရေးခရီး၏ အဓိကကျသည့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် NCA ဟုခေါ်တွင်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ထို့ပြင် မွန်ပြည်သစ်ပါတီနှင့်အလားတူ ဒီမိုကရက်တစ်အစည်းအရုံးတို့ကလည်း ပါဝင်လက်မှတ်ရေးထိုးဖို့ရန် ဇန်နဝါရီ ၂၃ ရက်တွင် တစ်နိုင်ငံလုံးသို့အသိပေးပြီးဖြစ်သည်။

ထိုသို့ ပါဝင်လာရေးအတွက် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ(UNFC)၏နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(DPN) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် (PC) တို့နှင့် NMSP (မွန်)အဖွဲ့တို့ ရှစ်ကြိမ်တိုင်တိုင်တွေ့ဆုံဆွေးနွေးပြီး သဘောတူမှုရခဲ့သည့်ရလဒ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA တွင် လက်မှတ်ရေးထိုးရန် ပါဝင်လာခြင်းဖြစ်သည်။

ယခုနှစ် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များမှာ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နှီးကြားရှင်သန်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကိုအောင်မြင်အောင်တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

ဇန်နဝါရီ ၂၇ ရက်ကရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းတွင်ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစု ပင်လုံကြိုဆိုထောက်ခံသည့်အနေဖြင့် အလှူပေါင်းစုံပါဝင်ဆင်နွှဲသည့် ငြိမ်းချမ်းရေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ပွဲ၊ တေးဂီတဖျော်ဖြေပွဲနှင့် အမုန်းများရပ်၊ ချစ်ကြပါ ချစ်ကြည်ရေးဘောလုံးပွဲများကိုကျင်းပခဲ့သည်။

ထိုအခမ်းအနားသို့နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သော သဝဏ်လွှာပေးပို့ရာတွင် "ကျွန်မတို့နိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများဟာ နှစ်ပေါင်း(၇၀)နီးပါးကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ ခေတ်အဆက်ဆက် သူ့ခေတ်သူ့ကာလသူ့အခြေအနေတွေအရ ငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ရတာတွေကို သင်ခန်းစာယူပြီး ကျွန်မတို့ခေတ်မှာ စုပေါင်းညီညာအောင် ကြောင်းဖြာဆိုသလို ကျွန်မတို့အားလုံး စုပေါင်းပြီးသမိုင်းမော်ကွန်းသစ်ကိုရေးထိုးကြရမှာဖြစ်ပါတယ်" ပေးပို့ခဲ့ပါသည်။

ထို့အပြင် "ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးအတွက် ကျွန်မတို့ဘယ်လောက်မြတ်နိုးတန်ဖိုးထားတယ်ဆိုတာကို သမိုင်းရဲ့စစ်ဆေးဆုံးဖြတ်မှုကို လိပ်ပြာသန့်သန့် သိက္ခာရှိရှိနဲ့ရင်ဆိုင်ခံယူနိုင်ကြဖို့ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့။ ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံသစ်ဆီသို့ တစ်လှေတည်းစီးတစ်ခရီးတည်းသွားကြတဲ့ ကျွန်မတို့အချင်းချင်းအပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှု အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနဲ့ ချီတက်ကြပါစို့"ဟု တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

ခက်ခဲလှသည့်အကြောင်းတရားများဖြင့် ဖွံ့ဖြိုးမှုနည်းပါးလွန်းလှသည့်အခြေအနေများတွင်ပင် တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ပင်လုံဖြင့်သက်သေတည်နိုင်ခဲ့သည့်သမိုင်းကောင်းများရှိခဲ့သည်။ သို့သော် ယနေ့ခေတ်တိုင် ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရနေရသေးသည့်အခြေအနေများဖြစ်သည်။ မိမိတို့နိုင်ငံ၏ သမိုင်းပုံရိပ်အစဉ်အလာကောင်းများကို ထိန်းသိမ်းကာ နိုင်ငံ၏ရေမြေတောတောင်နှင့် မိမိတို့သွေးသားတိုင်းရင်းသားတို့အပေါ် အကောင်းဆုံးစောင့်ရှောက်ကြရမည်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပေသည်။

ထို့ကြောင့်ပင် ၂၁ရာစုပင်လုံညီလာခံဒုတိယအကြိမ်အစည်းအဝေးကို ပြီးခဲ့သည့်၂၀၁၇ မေလ ၂၄ ရက်နေ့ကနောက်ဆုံးကျင်းပခဲ့ပြီးဖြစ်သည်။ အဆိုပါညီလာခံကို ခြောက်ရက်ကြာကျင်းပခဲ့ပြီး ညီလာခံနောက်ဆုံးနေ့မေလ ၂၉ ရက်နေ့တွင် နိုင်ငံရေးဆိုင်ရာမူဝါဒ ၁၂ ချက်၊ စီးပွားရေးဆိုင်ရာ မူဝါဒ ၁၁ ချက်၊ လူမှုရေးဆိုင်ရာမူဝါဒ ၄ ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ၁၀ ချက်စုစုပေါင်းမူဝါဒသဘောတူချက်ပေါင်း ၃၇ ချက်ရရှိခဲ့ပြီး အဆိုပါမူဝါဒသဘောတူချက်များကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းများအဖြစ်ချုပ်ဆိုခဲ့သည်။ ၂၁ ရာစုပင်လုံညီလာခံတတိယအကြိမ်အစည်းအဝေးကို ဇန်နဝါရီလတွင် ကျင်းပရန်စီစဉ်ထားသော်လည်း ဖေဖော်ဝါရီလသို့ ရွှေ့ဆိုင်းထားပါသည်။

မည်သို့ပင်ဆိုစေ ပင်လုံသက်သေတည်ရာ ပြည်ထောင်စုနေ့သည် ၇၁ နှစ်မြောက်သို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ပြည်သူများကလည်း ပင်လုံစာချုပ်မှတစ်ဆင့် တစ်နိုင်ငံလုံးသူကျွန်ဘဝမှ လွတ်မြောက်ခဲ့ရသကဲ့သို့ပင် သေနတ်သံများအစားစာအံသံများကို လိုလားကြသည်။ ကိုယ့်အိုးကိုယ့်အိမ်နှင့် ကိုယ့်ဒေသတွင် ငြိမ်းချမ်းရေးကို ပြည့်ဝစွာခံစားလိုကြသည်။ ငြိမ်းချမ်းရေး၏အသီးအပွင့်များကို တိုင်းရင်းသားတိုင်းခံစားလိုကြသည်။ မျက်ရည်များအစား အပြုံးပန်းများပွင့်လိုကြသည်။ ထိုသို့သောတိုင်းရင်းသားတို့၏ လိုလားချက်များကို ပြည်ထောင်စုဖွားများအတွက် တစ်ချိန်က ပင်လုံဖြင့်သက်သေဖြစ်ခဲ့ပြီးဖြစ်ရာ ယနေ့ခေတ်၏ ၂၁ ရာစုပင်လုံတွင်လည်း တိုင်းရင်းသားများ၏ သွေးစည်းမှုဖြင့် သက်သေပြရန်လိုအပ်ပါကြောင်း ၇၁ နှစ်မြောက်ပြည်ထောင်စုနေ့ဆောင်းပါးဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

✱ ✱ ✱




Photo - Nyunt Zaw Aung
နေပြည်တော်








MRAUK-U
PHOTO BY THAN SOE(NOT FEELING)


ရွှေအင်းသား၊ ခင်မောင်ဝင်း၊
မြတ်မော်တင်စေတီ





ရတနာပုံတံတား၊ မန္တလေး

# နှစ်ပေါင်း ၁၅၀အတွင်း မြင်ရခဲ့သည့် ရှားပါးမြင်ကွင်းဖြစ်သော လအပြည့်ကြတ်ခြင်း

လသည် ကမ္ဘာကြီး၏ တစ်ခုတည်းသော အရံဂြိုလ် တစ်လုံး ဖြစ်သည်။ လသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၅၀၀ ခန့်တွင် စတင်ဖြစ်ပေါ်လာခဲ့ပြီး ကမ္ဘာကြီးစတင်ဖြစ်ပေါ်ပြီး မရှေးမနှောင်းပင် လစတင်ဖြစ်ပေါ်လာသည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြသည်။ လစတင်ဖြစ်ပေါ်လာပုံကို အမျိုးမျိုးသော သီအိုရီများဖြင့်ရှင်းပြကြပြီး လူအများစုလက်ခံသော သီအိုရီတစ်ခုမှာ Theaအမည်ရှိသော အင်္ဂါဂြိုလ်အရွယ်အစားခန့်ရှိသော ဂြိုလ်သိမ်တစ်ခု ကမ္ဘာကိုတိုက်မိရာမှ ထွက်ရှိလာသော အမှုန်အမွှားများစုစည်းကာ လဖြစ်ပေါ်လာခြင်းဖြစ်သည်။ လစတင်ဖြစ်ပေါ်သည့်အချိန်တွင် ကမ္ဘာနှင့်ယခုထက် ၁၀ ဆခန့် ပိုမိုနီးကပ်စွာတည်ရှိပြီး နှစ်သန်းပေါင်းများစွာကြာမှ ကမ္ဘာ့ဒီရေအတက်အကျနှင့် မြေဆွဲအားသတ္တိကြောင့် တစ်ဖြည်းဖြည်းချင်း ကမ္ဘာနှင့်ဝေးကွာလာခြင်းဖြစ်သည်။ ယခုခေတ် တိုင်းတာချက်များအရ လသည်ကမ္ဘာမှ တစ်နှစ်လျှင် ၃စင်တီမီတာ(၁.၅ လက်မ)ခန့်ပိုမိုဝေးကွာလျှက်ရှိသည်။ သို့သော် ထိုပမာဏသည် လက်ရှိကမ္ဘာနှင့်လအကွာအဝေးဖြစ်သော မိုင်ပေါင်း ၂၄၀,၀၀၀ခန့်နှင့်စာလျှင် အလွန်သေးငယ်သော ပမာဏဖြစ်သောကြောင့်မြင်တွေ့နိုင်လောက်အောင် သိသာရန် နှစ်သန်းပေါင်းများစွာကြာမြင့်မည်ဖြစ်သည်။

**လကြတ်ခြင်း**

လကြတ်ခြင်းသည် နေ၊ ကမ္ဘာနှင့်လတို့ တစ်တန်းတည်းနီးပါးကျသည့်အချိန်တွင် ဖြစ်ပေါ်ပြီး ကမ္ဘာက နေနှင့်လကြားတွင်ရှိပြီး ကမ္ဘာ့အရိပ်ကလပေါ်သို့ကျရောက်သည့်အခါ လကြတ်ခြင်းဖြစ်ပေါ်ပါသည်။ လကြတ်ခြင်းသည် လပြည့်နေ့များတွင်သာဖြစ်ပေါ်လေ့ရှိပြီး လအပြည့်ကြတ်ခြင်းနှင့်တစ်စိတ်တစ်ပိုင်းကြတ်ခြင်းဟူ၍နှစ်မျိုးရှိသည်။

နေ၊ကမ္ဘာ၊လတို့ တစ်တန်းတည်း ကျရောက်ပြီး လသည် ကမ္ဘာ့အရိပ်ထဲကို လုံးဝကျရောက်တဲ့အခါ လအပြည့်ကြတ်ခြင်းဖြစ်ပေါ်ပြီး လ၏အစိတ်အပိုင်း တစ်ချို့သာ ကမ္ဘာ့အရိပ်ထဲသို့ ကျရောက်တဲ့အခါ လတစ်စိတ်တစ်ပိုင်းကြတ်ခြင်းဖြစ်ပေါ်ပါသည်။ လအပြည့်ကြတ်ခြင်းကို တစ်ခါတစ်ရံတွင် သွေးရောင်လွှမ်းသည့်လဟုခေါ်ဆို

စာ- ၂၁ »

# မြန်မာအမျိုးသားလေကြောင်းမှ နိုင်ငံတကာခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ၊ ဖူးခက်မြို့သို့ တိုးချဲ့ပျံသန်းပြေးဆွဲမည်




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊မြန်မာအမျိုးသားလေကြောင်းမှ ပဋ္ဌမမြောက်နိုင်ငံတကာခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ၊ ဖူးခက်မြို့သို့ Embraer-190/ Boeing 737-800 NG လေယာဉ်များဖြင့် ၂၀၁၈ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့မှစတင်၍ တစ်ပတ်လျှင် (၂)ကြိမ် တနင်္ဂနွေနေ့နှင့် သောကြာနေ့များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal (2) မှ မတ်လ (၂၅) ရက် ဒေသစံတော်ချိန် ညနေ (၁၇:၅၅) နာရီအချိန်တွင် စတင်ထွက်ခွာပြီး ထိုင်းနိုင်ငံ၊ ဖူးခက်မြို့သို့ (၂၀:၁၅) နာရီတွင် ရောက်ရှိမည် ဖြစ်ပြီး၊ ဖူးခက်မြို့မှ ဒေသစံတော်ချိန် (၂၁:၁၅) နာရီတွင် ပြန်လည်ထွက်ခွာလာရာ (၂၂:၃၅) နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် အဆိုပါ ရန်ကုန်-ဖူးခက်ခရီးစဉ် (အသွား/အပြန်) လေယာဉ်နှုန်းထားမှာ အမေရိကန်ဒေါ်လာ (၂၅၀) မှစတင်ပြီး ကောက်ခံသွားမည်ဖြစ်ကြောင်း MNA မှသိရသည်။

မြန်မာအမျိုးသားလေကြောင်းသည် နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်ပြီး နိုင်ငံတကာခရီးစဉ်များဖြစ်သည့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်နေ့တွင် ရန်ကုန်/စင်ကာပူ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ (၄) ရက်တွင် ရန်ကုန်/ဟောင်ကောင်၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ရန်ကုန်/ဘန်ကောက်၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် ရန်ကုန်/ချင်းမိုင်မြို့များသို့ ပြေးဆွဲခဲ့ပြီးဖြစ်ပြီး ယခု ၂၀၁၈ ခုနှစ်၊ နှစ်သစ်ကာလ မတ်လ (၂၅) ရက်နေ့တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ၊ ဖူးခက်မြို့သို့ ခရီးစဉ်သစ်ကိုဆက်လက်ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။ မြန်မာအမျိုးသားလေကြောင်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ခုနှစ်မှ စတင်တည်ထောင်၍ ရပ်တည်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် နှစ်ပေါင်း (၇၀) သို့ပြည့်မြောက်လာပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေး (ပ.လ.သ.ဖ) Union of Burma Airways အမည်ဖြင့် စတင်တည်ထောင်ပြေးဆွဲခဲ့သည်။ စတင်ချိန်တွင် De Havilland Dove လေယာဉ်ဖြင့် ပြည်တွင်းရှိ လေဆိပ်ပေါင်း ၁၉ခုသို့ ပျံသန်းနိုင်ခဲ့ပြီး ၁၉၅၀ပြည့်နှစ်တွင် ဘန်ကောက်၊ ကိုလ်ကတ္တား၊ စစ်တကောင်းမြို့တို့သို့ပျံသန်းမှုစတင်ခဲ့သည်ဟု သိရသည်။ ၁၉၉၃ ခုနှစ်တိုင်သည်အထိ စင်ကာပူ၊ ခတ္တမန္ဒူ၊ ဘန်ကောက်၊ ကိုလ်ကတ္တား၊ ဒါကာ၊ ဟောင်ကောင်နှင့် ဂျကာတာမြို့တို့သို့ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် မြန်မာ့လေကြောင်း၊ Myanmar Airways အမည်သို့ပြောင်းလဲကာ မြို့ပေါင်း (၂၁) မြို့သို့ ပြေးဆွဲခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ခေတ်ပိုရေး ရှင်းသို့ ပြောင်းလဲကာနိုင်ငံပိုင်လေကြောင်းလိုင်း မြန်မာအမျိုးသားလေကြောင်းလိုင်းအမည်ဖြင့် ပြည်တွင်းခရီးစဉ်များအပြင် နိုင်ငံတကာခရီးစဉ်များကို စတင်ပြန်လည် ပြေးဆွဲခဲ့ခြင်းဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ပြီးခဲ့သည့် မိုးတွင်းကာလအတွင်း ခရီးသည် (၆)သိန်းနီးပါးသယ်ဆောင် နိုင်ခဲ့ပြီးပွင့်လင်းရာသီနှင့် ဘဏ္ဍာနှစ်အကုန်တွင် ခရီးသည် ၁ ဒသမ ၅ သန်း သယ်ယူပို့ဆောင်နိုင်ရန် Myanmar National Airlines MNA အနေဖြင့် ရည်မှန်းထားကြောင်းသိရသည်။

တင်မောင်-ပို့/ဆက်



# မြွားတောရဲ့ အလှမ်းတာနှင့် ဂျင်ဂစ်ခန့်ရှာလို့ . . .

“ မွန်ဂိုလီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အခန်း(၆)၊ အပိုဒ် (၆၈)နှင့် အပိုဒ်(၆၉)တို့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်နိုင်ရေးတို့ကို ဖော်ပြထားပါသည်။ ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ခုနှစ် ပတ်ဝန်းကျင်အတွင်း ၁၉၉၂ခုနှစ် မွန်ဂိုလီးယား၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအားပြင်ဆင်ချက် (၇) ချက်ပြုလုပ်ခဲ့ကြောင်းတွေ့ရှိရ.... ”

ဖယခ်ခေါ်ဖေါ်မှနေဒေခတ်



ဒေါ်မြမင်းဦး (MPA)

သက္ကရာဇ် ၁၂၅၉ ခုနှစ်တွင် မောင်းကီးခန်ကွယ်လွန်သောအခါ ကူဗလိုင်ခန်သည် ခန်းမင်းကြီးဖြစ်လာ၏။ ၎င်းခန်းမင်းကြီးဖြစ်လာပြီး မကြာမီပင် ယခင်ခန်းမင်းကြီးများအဆက်ဆက်စိုးစံခဲ့သော မြက်ခင်းပြင်များရှိကာရာကိုရန်နေပြည်တော်ကို စွန့်ခွာပြီးလျှင် ပီကင်းနေပြည်တော်သို့ပြောင်းရွှေ့စိုးစံ၏ ၎င်းအဖြစ်အပျက်သည် ဥဇနာဘုရင်နှင့် မြစ်သာရွာသူ ပန်းပွတ်သည်မတို့သင့်ရာမှမြင်သာမထင်မရှားမင်းသားတစ်ပါးမှဟင်းခွက်သုံးရာနှင့် ပွဲတော်တည်သော၊ ရက်စက်ကြမ်းကြုတ်သော၊ အစားကြူး၍ လောဘ သက္ကာယကဲလွန်သော၊ အကွပ်အညှပ် ပြင်းထန်သော၊ အပျော်အပါးနှင့် ပြက်ရယ်ကျီစယ်ပြုသောအမူ၌ စရိုက်ကြမ်းသောအမျက်စောင်းမာန်နှင့် အငြိုးအစူအားကြီးသောသိမ်မွေ့နက်နဲသော နိုင်ငံရေးအခင်းများ၊ မစူးစမ်းမဆင်ခြင် ဘဲစိတ်လိုက်မာန်ပါ ပြုလွယ်တက်သော ပုဂံရှင်ဘုရင်တစ်ပါးအတွက် တရုတ်ပြေးမင်းဟုနောင်းတို့လူတို့သမိုင်း တွင်ကင်မွန်းတပ်ခံရသည့်အထိနှင့် ပုဂံပျက်သည်အထိ ဖြစ်ပေါ်လာစေမည့်အခြေခံ အကြောင်းတရားများပင်ဖြစ်သည်။ မိမိတို့သည် ကံဇာတာနိမ့်ပါးချိန်၌ ဤသို့သော ခေါင်းဆောင်ကိုရ၏။

ယနေ့ခေတ်ကာလ၌ မွန်ဂိုလီးယားအမျိုးသားလေကြောင်းလိုင်း၏ တံဆိပ်သည်လည်းနတ်မြင်းပျံဖြစ်လာသည်၊ မိမိအကြည့်သည် မွန်ဂိုအမျိုးသားလေကြောင်းလိုင်း၏တံဆိပ်သည်လည်း နတ်မြင်းပျံဖြစ်ကိုရောက်၏ သရပါတခါးကိုဖြတ်၏။ ငဆောင်ချမ်းကိုရောက်၏။ ပြည်ကမ်းပါးက ဆိပ်ထိန်းကမ်းဖြူရွာသူ မိဖုရာဖွားစော၏ငိုရှိုက်သံကို သွားနားထောင်၏၊ ပုဂံအပျက်၌ သူတလှုင်၊ တမင်းဖြစ်ကာ အပြစ်မဲ့ပြည်သူတို့မြေဇာပင်ဖြစ်ခဲ့ရသည်ကို မြင်ယောင်၏။ ပဒေသရာဇ် ခေတ်နှင်းပြားတို့ဒုက္ခပင်လယ်ဝေပုံကို ဂရုဏာသက်စွာတွေးမိ၏။ ကပ်ကြီးသုံးပါးကြောင့် ရဟန်းရှင်လူပြည်သူပြည်သားများ ဒုက္ခပင်လယ်ဝေခဲ့ရပုံကို မြင်ယောင်၏။

မွန်ဂိုတို့နတ်မြင်းပျံသည် တိမ်တိုက်တို့ကိုဖြတ်၏။ မွန်ဂိုလီးယားနိုင်ငံမြို့တော် အူလာဘာတာ ဂျင်ဂစ်ခန်လေဆိပ်သို့ နှင်းဖုံးတောင်ကြားတို့ကို ကွေ့ဝိုက်ဆင်း၏။ နှင်းဖုန်းနေသော တောင်ထိပ်တို့ကိုတွေ့သည်။ အအေးဒဏ်ကြောင့်ထင်သည် မြက်ခင်းစိမ်းစိမ်းတို့ကိုမတွေ့။ လေယာဉ်ကွင်းသည် အတက်အဆင်းလေယာဉ်တို့ဖြင့် ရှုပ်ယှက်ခတ်နေသော လေယာဉ်ကွင်းကားမဟုတ်။ မွန်ဂိုလီယား နိုင်ငံသည်ပထဝီနိုင်ငံရေး အရေးအရေးပါးသည့် အချက်အချာမြေပေါ်တွင်ရှိသည်။ တရုတ်နှင့်ရုရှား အင်အားကြီးနှစ်နိုင်ငံအကြားက ဆမ်းဒဝစ်ကဲ့သို့ နိုင်ငံတစ်ခုအဖြစ် မဟာဗျူဟာကျကျ နိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ ရုရှားလွှမ်းမိုးမှုက နှစ်ပေါင်း၃၀ရှိခဲ့သည်၊ ပညာတက်များစွာသည် မော်စကိုနှင့် စိန့်ပီတာစဘတ်ကျောင်းထွက်တွေဖြစ်လာခဲ့သည်။ ၁၉၈၉ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၉၀ ခုနှစ်၊ ဧပြီလအထိ အတိုက်အခံအင်အားစုများ၏ စီးပွားရေးနှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပွဲများ ဆက်တိုက်ဆိုသလိုပေါ်ပေါက်ခဲ့သည်။ ပါတီစုံဒီမိုကရေစီ တောင်းဆိုမှုများပေါ်ပေါက်လာခဲ့ပြီး အာဏာရပါတီ၏ ၁၉၂၄ခုနှစ်ကတည်းက ကိုင်စွဲထားသည့်အာဏာကို စွန့်လွှတ်ကာ ရွေးကောက်ပွဲဥပဒေနှင့် နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေတို့အား ၁၉၉၀ခုနှစ်၊ မေလတွင် အတည်ပြုပေးခဲ့ပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများအား ဇူလိုင်လ ၁၉၉၀ခုနှစ်တွင် ကျင်းပပေးခဲ့သည်၊ ၁၉၉၂ခုနှစ်၊ ဇန်နဝါရီလတွင်မွန်ဂိုလီယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

၁၉၈၉ခုနှစ်၊ ဒီဇင်ဘာ (၁၀)ရက်နေ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့၌ ဒီမိုကရေစီတောင်းဆိုဆန္ဒပြမှုများနှင့်အတူ ၁၉၉၀ ခုနှစ်၌ မွန်ဂိုလီးယားပြည်သူ့တော်လှန်ရေးပါတီ(MPRP)ပေါ်လစ်ဗျူရိုအဖွဲ့အား နုတ်ထွက်စေခဲ့ပြီး၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၉ရက်နေ့တွင် ပထမဆုံးသောဒီမိုကရေစီနည်းလမ်းကျနေသော ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး မဲပေးနိုင်သည့်လူဦးရေ၏(၉၇.၈)ရာခိုင်နှုန်း မဲပေးခဲ့ပြီး The Mongolia People's Revolutionary Party (MPRP) က မွန်ဂိုလီးယားလွှတ်တော်၌ နေရာအများစု အနိုင်ရခဲ့ပါသည်။

၁၉၉၀ ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်နေ့မှအောက်တိုဘာလ (၄) ရက်နေ့အထိ ပထမဆုံးလွှတ်တော်အစည်းအဝေးအား ကျင်းပခဲ့ပြီးဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်ဖွဲ့စည်းခဲ့ပြီးသမတ္တ P.Orchirbat သည်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌဖြစ်လာခဲ့သည်၊

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက်နေ့၌ မွန်ဂိုလီးယား ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ပြီးယခုအခါ၌ (၂၅)နှစ်သက်တမ်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ မွန်ဂိုလီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အခန်း(၆)၊ အပိုဒ် (၆၈)နှင့် အပိုဒ်(၆၉)တို့သည်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးတို့ကို ဖော်ပြထားပါသည်၊ ၁၉၉၉ခုနှစ်၊ ၂၀၀၀ခုနှစ် ပတ်ဝန်းကျင်အတွင်း ၁၉၉၂ခုနှစ်မွန်ဂိုလီးယား၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအားပြင်ဆင်ချက် (၇) ချက်ပြုလုပ်ခဲ့ကြောင်းတွေ့ရှိရပါသည်၊

မွန်ဂိုလီးယားလွှတ်တော် (The State Great Hural)သည် ဖွဲ့စည်းပုံအခြေခံ ပြင်ဆင်ရေးလုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်းများအား ၂၀၁၀ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါသည်။

ICF ၏ဖိတ်ကြားချက်အရ International Meeting on Constitutional amendment (the case of Mongolia) အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်သို့တက်ရောက်ရန် မွန်ဂိုလီးယားနိုင်ငံ၊ မြို့တော် အူလန်ဘာတာ ဂျင်ဂစ်ခန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကိုရီးယားနိုင်ငံ၊ အန်ချွန်လေဆိပ်မှ တစ်ဆင့်ဝင်ရောက်သည်။ ဂျင်ဂစ်ခန်လေဆိပ် အနီးနားတစ်ဝိုက်တွင်တော့ ဆိုဗီယက်ခေတ်လက်ရာပုံစံအိမ်ရာတွေ တွေ့သည်၊ ခေတ်သစ်မွန်ဂိုလီးယားတွင်တော့ ဂျပန်လုပ်ကားတွေ့ကလမ်းပေါ်မှာ ရှုပ်ယှက်ခတ်အောင်ပြေးနေသည်၊ ကျောက်မီးသွေးထွက်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မြို့လည်ခေါင်သို့သွားရာလမ်းတွင် တွေ့သည်၊ နောက်၂ရက်အကြာ ဂျင်ဂစ်ခန်ပြတိုက် ခရီးစဉ်တွင်နောက်ထပ်ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကိုထပ်မံတွေ့ရသည်။

မွန်ဂိုလီးယားပါလီမန်နှင့် တစ်ဘလောက်ခန့်အကွာ အစိုးရရုံးများနှင့် စည်ကားနေသည့်နေရာ၊ Peace Avenue လမ်းထိပ်၊ နိုင်ငံခြားရေးဝန်ကြီးရုံနှင့် ကျန်းမာရေးဝန်ကြီးရုံးနားတွင် ရှိသည်မိမိတို့တည်းခိုမည့် (၂၄)ထပ်မြင့်သည့် Blue Sky Hotel သို့ညနေပိုင်းအချိန်တွင် ရောက်သည်။ ခေတ်မှီဗိသုကာလက်ရာတွေနဲ့ ပြည့်နေသည်။ မြို့ပြတိုးတက်မှုတွေကို မြင်တွေ့နေရသည်၊ ကူဗလိုင်ခန်နှင့် ခန်းမင်းကြီးများ၏ နိုင်ငံရေးရုံးများစည်ကားရာ မိမိတို့ Hotel မျက်စောင်းထိုးနေရာ၌ ခန့်ခန့်ထည်ရပ်တည်နေသည်၊ ညာဘက်ပခုံးပေါ်ဝယ် လင်းယုန်ငှက်တစ်ကောင်ကို တွေ့သည်။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့၊ (၈း၃၀)အချိန်တွင် ကွန်ဖရင့်စတင်သည်။ အထက်ပါအစည်းအဝေးသို့ လာအိုပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ် (၅)ဦး၊ ကာဂျစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ် (၅)ဦး၊ အာဖဂန်နစ္စတန်နိုင်ငံမှကိုယ်စားလှယ် (၄)ဦး၊ ဘူတန်နိုင်ငံမှ ကိုယ်စားလှယ်(၅)ဦး၊ နီပေါနိုင်ငံမှကိုယ်စားလှယ် (၅)ဦးနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကာဂျစ်သံအမတ်ကြီးတစ်ဦး၊ မိမိတို့နိုင်ငံမှ ကိုယ်စားလှယ် (၅)ဦး၊ စုစုပေါင်း (၃၀)ဦးတက်ရောက်ခဲ့ပါသည်၊

၂၀၀၀ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တွင် နိုင်ငံရေးအာဏာခွဲဝေမှုနှင့် ပတ်သက်၍ပြန်လည်ပြင်ဆင်ခဲ့ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်တို့၏ အပြန်အလှန်ထိန်းကျောင်းမှုနှင့် ပတ်သက်၍ ပြန်လည်ပြင်ဆင်ခဲ့သည်များကို ဆွေးနွေးသည်။ အချို့သော ရွေးကောက်ခံများသည်အုပ်ချုပ်ရေးမဏ္ဍိုင်၊ အစိုးရအဖွဲ့သို့ ရောက်ရှိသွားရာမှ Parlimentary Over Sight လျော့နည်းသွားသည့်အချက်အား အဓိကဆွေးနွေးခဲ့ကြပြီး အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဥပဒေပြုရေးမဏ္ဍိုင်အပေါ်သို့ လွှမ်းမိုးမှုများလျော့သွားရေးအတွက် အခြေခံဥပဒေပြင်ဆင်ရေးကို ဆွေးနွေးခဲ့ကြသည်၊

သမ္မတ၏အခွင့်အာဏာနှင့် သတ္တုတူးဖော်ရေးဆိုင်ရာ ကိစ္စရပ်များကို မိမိတို့ကဲ့သို့နိုင်ငံခြားသားများရှေ့တွင် ပွင့်လင်းစွာဆွေးနွေးကြသည်၊ဂျင်ဂစ်ခန်ပြတိုက်သို့ သွားရာလမ်းတွင်ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံတစ်ရုံကို ထပ်တွေ့သည်။ ခေတ်မှီမြို့ပြတည်ဆောက်မှုတွေကို တွေ့နေရသည်။ OBOR သည်မွန်ဂိုတို့အတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များကို သယ်ဆောင်လာနိုင်သည်။ တရုတ်၊ ရုရှား၊ မွန်ဂိုလီးယားတို့၏ သုံးနိုင်ငံစီးပွားရေးစင်္ကြန်သည် တရုတ်ပိုးလမ်းမကြီးနှင့် One Belt,One Road အတွက်အဓိကလမ်းမကြီးတစ်ခုဖြစ်လာခဲ့သည်၊ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ အစောပိုင်း၌ တရုတ်၏ Industrial and Commercial Bank of China (ICBA) ကိုမွန်ဂိုလီးယားနိုင်ငံမြို့တော် အူလန်ဘာတာ၌ ဖွင့်လှစ်ခဲ့သည်။ မိမိတို့ယာဉ်တန်းသည်သမ္မတအိမ်တော်ရှေ့က ဖြတ်ရသည်။ သမ္မတအိမ်တော်သည် တောင်ကြားနှစ်ခု ကြားလွင်ပြင်တွင်တည်ဆောက်ထားပြီးမြေကျကျယ်ကျယ်ပေါ်တွင် တည်ဆောက်ထားသည်။ မြို့ပြင်ဘက်တွင်တော့ မွန်ဂိုမြင်းတွေကိုတွေ့သည်၊ ကုလားအုတ်တွေလည်းတွေ့သည်။ လင်းယုန်ငှက်တွေနှင့် အခကြေးငွေရယူ၍ ဓါတ်ပုံအရိုက်ခံနိုင်အောင် ဆောင်ရွက်ပေးနေသည့် လူအချို့ကိုတွေ့သည်၊ နှင်းဖုံးနေသော တောင်တွေကို တွေ့သည်၊ စီးဆင်းနေသော ချောင်းရေကြည်လင်နေသည်။ မွန်ဂိုရိုးရာတဲ့တွေနှင့် Tourist Camp တွေကိုတွေ့သည်။ ရိုးရာတဲများက အပူငွေ့ပေးသည် gas မီးဖိုက မီးခိုးငွေ့ဖြူဖြူတွေက နှင်းကန့်လန့်ကာအကြားတွင် ကွေ့ဝိုက်ကာကနေသည်၊ တောင်နံရံတွေ၌ Tour Company ၏နံမည်ကို ထွင်းထားသည်။ သူတို့၏ ecotourism green Tourism ကလက်တွေ့ကျကျ အသက်ဝင်နေသည်၊ သိုးအုပ်တွေကို တွေ့သည်။ သိုးသားရေတွေ အပြည့်တင်ထားသောကားတွေကို ဖြတ်သွားဖြတ်လာတွေ့နေရသည်။ ယာဉ်တန်းဖြင့်ဖြစ်သည့် အားလျော်စွာ မိမိတို့ကားက အမြန်မောင်းနေသည်။

ဂျင်ဂစ်ခန်၏ အောင်မြေသို့ရောက်သည်၊ အဖြူရောင်တောက်နေသည့် ဂျင်ဂစ်ခန်၏မြင်းစီး ရုပ်တုကိုလှမ်းမြင်နေပြီ။ အကွေ့တစ်ခုအလွန်တွင် ဂျင်ဂစ်ခန်ပြတိုက်သို့ရောက်သည်။ နိုင်ငံခြားသားခရီးသွားများစွာကို တွေ့ရသည်၊ လွန်ခဲ့သည့် ၁၀နှစ်က အင်းလေးကန်သို့ ရောက်ဖူးသည်ဆိုသော အီတလီခရီးသွားကိုမိမိ၏ကင်မရာဖြင့် ဓာတ်ပုံရိုက်ခိုင်းခဲ့သည်။ သတ္တုရည်ကြို လက်ရာမြောက်သောအသက်ဝင်လှသည့် မွန်ဂိုမြင်းတပ်လက်ရာကဆီးကြိုနေသည်။ မြင်းစီးစစ်သည် တစ်ယောက်လက်ပေါ်၌ လင်းယုန်တစ်ကောင်ကတောင်ပံဖြန့်နေသည်။ စတီးလက်စတီးဖြင့် သွန်းလုပ်ထားသည့် ဂျင်ဂစ်ခန်မြင်းစီးရုပ်တုကြီးကခန့်ခန့်ညားညားရှိနေသည်။ ပြတိုက်ကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားသည်၊ နေရာတိုင်းတွင် ဓာတ်ပုံရိုက်ခွင့်မပြု၊ ရှေ့ဟောင်းပစ္စည်းတွေရှိသည့်နေရာတွင် အစောင့်တစ်ယောက်က ဓာတ်ပုံရိုက်ခွင့်မပြုကြောင်း လိုက်လံပြောဆိုနေသည်။ ၎င်းအခန်းတွင်း၌ပင် ဂျင်ဂစ်ခန်သည် ဂျပန်ကိုနှစ်ကြိမ်တိုက်ရန် ကြိုးစားခဲ့ရာတွင် ၎င်းတို့ရေတပ်ပျက်ခဲ့ရကြောင်း ယခုခေတ်လက်ရာဖြင့်ရေးသားဖော်ပြထားသည်၊ ကောင်းကင်ပြာတွင်တော့လေဟုန်စီးနေသည့် လင်းယုန်တစ်ကောင်က ဂျင်ဂစ်ခန်ခေါင်းပေါ်၌ ဝဲနေသည်၊ ကောင်းကင်ပြာတွင်တော့လေဟုန်စီးနေသည့် လင်းယုန်နှစ်ကောင်ကဂျင်ဂစ်ခန်ခေါင်းပေါ်၌ဝဲနေသည်၊ ဒရုန်းတစ်စီးကလည်း ကောင်းကင်တွင် ပျံဝဲနေသည်၊ ထိုသောအခါ မော်စီတုန်း၏နာမည်ကျော် နှင်းကဗျာကရင်တွင်းသို့ရောက်သည်၊

အဲဒီခေတ်အဲဒီအခါက
ကောင်းကင်ဘုံရဲ့သားတော်လို့
မော်ကြွားခဲ့တဲ့ ဂျင်ဂစ်ခန်ကိုယ်တိုင်သည်ပင်
လက်ရုံးဆန့်တန်းရုံ လင်းရုံပစ်ရုံလောက်သာသိလေရဲ့....
အားလုံးဟာလွန်ခဲ့ပြီ၊ သွားနှင့်ကြပြီ
အမှန်တကယ်ကြီးကျယ်မြင့်မြတ်သူဆိုလို့
အခုလက်ရှိပစ္စုပ္ပန်မှာသာ
ရှာကြည့်ပေတော့.....(ကျော်ဝင်း the voice journal 1-7, 2018)

မိမိသည် မိဖုရားဖွားစော၏ ပြည်မြို့ကမ်းပါးယံက အလွမ်းကို သယ်ဆောင်၍ ဂျင်ဂစ်ခန်ရွာသို့ရောက်သည်၊ ဖော်ရွေသည့်ဝတ်ပျူဌာသော၊ အပြောင်းအလဲကို ရင်ခုန်တက်မက်နေသော အခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၏ ပြုပြင်ရန်လိုအပ်သည်အချက်များကို ဥပဒေဘောင်အတွင်းမှ ပြောင်းလဲရန်ကြိုးစားနေသည့် ဒီမိုကရေစီအလေ့အကျင့်တို့ကို ကျင့်သားရနေသည့် မွန်ဂိုတို့ကိုသာတွေ့သည်၊ မွန်ဂိုလီးယားပါလီမန်ရှေ့ဂျင်ဂစ်ခန်ရင်ပြင်ကို မပြန်ခင်နေ့သွားကြည့်သည်။ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်၊ မင်းတို့ပစ္စည်းတွေသတိထားနော် လူရှုပ်တယ်ဟု သတိပေးသည့်လူလဲရှိသည်၊ ၎င်းတို့၏ အခြေခံဥပဒေပြင်ဆင်ရေးကို နိုင်ငံတကာသို့ဖိတ်ခေါ်၍ စနစ်တကျဆွေးနွေးနေသော မွန်ဂိုတို့သည်စိုက်ပျိုးရေးလုပ်ငန်းမရှိ၊ သွေးစပ်ရာဆွေးမျိုးစုကလေးများအလိုက် အစုစုအသင်းသင်းကွဲပြားကာ အာရှတိုက်အလယ်ပိုင်းမြက်ခင်းပြင်များတွင် မိမိတို့သိုးအုပ်ဆိတ်အုပ်များဖြင့် ရေကြည်ရာမြက်နုရာ အရပ်နေရာများရှာဖွေရင်းခြေသလုံးအိမ်

» ၈-၁၀






ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဟုဆိုလျှင် နိုင်ငံအတွက်အရေးပါသည့် နေရာတစ်ခုအဖြစ် အားလုံးသိရှိပြီး ဖြစ်သည်။ ထိုသို့သော နိုင်ငံအတွက် အရေးပါသည့်နေရာ တစ်ခုဖြစ်သည့် လေဆိပ်နှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာများနှင့် လုံခြုံရေးဆိုင်ရာများအကြောင်းအရာများကို ပြည်သူများ ကျယ်ပြန့်စွာသိရှိစေရန် ရည်ရွယ်၍ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးရဲထွန်းအောင်နှင့်တွေ့ဆုံ မေးမြန်းဖော်ပြပေးလိုက်ပါသည်။

**ဦးရဲထွန်းအောင်**
**တွဲဖက်အတွင်းရေးမှူး**
**အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီ**

**ဆရာတို့အနေနဲ့ လေကြောင်းလုံခြုံရေးနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦးဆရာ။**

လေကြောင်းလုံခြုံရေး ကိစ္စကကြတော့ ဦးတို့ဆီမှာ လေကြောင်းလုံခြုံရေးနဲ့ပတ်သက်ရင် အမျိုးသားအဆင့် နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ်ဖွဲ့ ထားတာရှိတယ်။ အဲ့ဒီကော်မတီရဲ့ ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဖြစ်တယ်။ ကော်မတီရဲ့နာမည်က အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီဖြစ်တယ်။ ဒီကော်မတီကလည်း ဘယ်က ဖွဲ့ပေးထာတာလဲဆိုတော့ အစိုးရအဖွဲ့ကနေအတည်ပြုပြီး တော့ဖွဲ့ပေးထားတာ။ ဒါကဘယ်တုန်းက ရှိလည်းဆိုရင် ၂၀၁၁ ခုနှစ်လောက်ကတည်းကရှိတယ်။ ဒီမှာ အမျိုးသားအဆင့် ကော်မတီနဲ့ အမျိုးသားအဆင့်လုပ်ငန်းကော်မတီဆိုတာ ဖြစ်လာတယ်။ အမျိုးသားအဆင့်ကော်မတီမှာဥက္ကဋ္ဌ သည် ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်တွေသည်သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဒုဝန်ကြီးတွေပါတယ်။ ဒီထဲမှာ ပြည်ထဲရေး၊ နိုင်ငံခြားရေး၊ နယ်စပ်ရေးရာ၊ ဟိုတယ်ခရီး၊ လူဝန်မှုကြီးကြပ်ရေးပါတယ်။ ရှေ့နေချုပ်ရုံးပါတယ်။ နောက်ပြီးတော့ သက်ဆိုင်ရာတိုင်းနဲ့ပြည် နယ်အစိုးရကိုယ်စားလှယ်တွေပါတယ်။ ပြီးတော့ တပ်ဘက်ကဆိုရင်လည်း တပ်မတော်စစ်ဘက်ရေးရာလုံခြုံ ရေးရာအရာရှိချုပ်ရုံးက ကိုယ်စားလှယ်တွေပါတယ်။

ကကလေက ကိုယ်စားလှယ်ပါမယ်။ ကကကြည်းက ကိုယ်စားလှယ်ပါမယ်။ အဲ့ဒီအဖွဲ့တွေဖွဲ့ပြီးလုပ်ကိုင်နေကြတာပါ။ ဒါသည်အမျိုးသားအဆင့်ကော်မတီမှာပါတာ။ သူ့အောက်မှာ တစ်ဆင့်နိမ့်တာကလုပ်ငန်းကော်မတီဖြစ်တယ်။ လုပ်ငန်းကော်မတီမှာလည်း ဝန်ကြီးပဲဥက္ကဋ္ဌဖြစ်တယ်။ အဖွဲ့ဝင်တွေကတော့ ဒုဝန်ကြီးတွေမဟုတ်တော့ဘူး။ ညွှန်ကြားရေးမှူးချုပ်တွေ အမြဲတမ်းအတွင်းဝန်တွေဖြစ်တယ်။ ဒီမှာလည်း ခုနတုန်းကဝန်ကြီးဌာန တွေပဲပါတယ်။ အဲ့ဒီမှာလည်းအတွင်းရေးမှူးသည် DCAရဲ့ညွှန်ချုပ်ပဲဖြစ်တယ်။ ဒါတွေကလေကြောင်းလုံခြုံရေးနဲ့ပတ်သက်တာတွေပါ။


**ဒီလိုဖွဲ့စည်းပြီးဆောင်ရွက်နေတာမှာဆရာတို့ရဲ့လုပ်ငန်းတွေကိုလည်းရှင်းပြပေးပါဦးဆရာ။**

အမျိုးသားအဆင့် ကော်မတီကနေပြီးတော့ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ မြို့ပြလေကြောင်းနဲ့ ဆိုင်တဲ့လုံခြုံရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေအားလုံးကိုဒီအဖွဲ့ကနေပဲတာဝန်ခံပြီး လုပ်ရတယ်။ အဲ့ဒီအဖွဲ့ကပဲတာဝန်ယူပြီးတော့ လေဆိပ်လုံခြုံ ရေးတွေကို လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ ဒီလုပ်ငန်းကော်မတီမှာ ဦးကတွဲဖက်အတွင်းရေးမှူးဖြစ်တယ်။ လေကြောင်းရဲတပ်ဖွဲ့မှူး တစ်ယောက်ပါတယ်။ ရဲမှူးချုပ် သူသည်လည်းတွဲဖက်အတွင်းရေးမှူးဖြစ်တယ်။

စာ- ၂၀ »







## နိုင်ငံခြားသားများ စိတ်ဝင်စားသည့် နမ္မတူဘော်တွင်းမှ ရေနွေးငွေ့စက်ခေါင်းများ .....

မြန်မာနိုင်ငံ၏ ရေနွေးငွေ့စက်ခေါင်းမှာ ၂၀၀၆ခုနှစ်မှ ၂၀၁၄ခုနှစ်ထိ ကွယ်ပျောက်နေခဲ့သော်လည်း ယခုအခါ အဆိုပါ ရေနွေးငွေ့မီးရထားစက်ခေါင်းဖြင့် မြန်မာနိုင်ငံ၏ သဘာဝရှုခင်းအလှအပများကို လာရောက်လေ့လာရန် နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်စားလျက်ရှိနေကြသည်။

နမ္မတူဘော်တွင်းအရပ်များတွင် နိုင်ငံခြားသားများ စိတ်ဝင်စားဖွယ်ရာ အထွေအထူးမရှိသော်လည်း ယခုအချိန်ထိ အသုံးပြုနေသည့် ဘော်တွင်း သတ္တုတွင်းတွင် ခဲ၊ဘော်၊ငွေစသော တွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်သန့်စင်သည့် မိုင်းတွင်းများ၊ စက်ရုံများ မိုင်းတွင်းသုံး ရေနွေးငွေ့စက်ခေါင်းများ ရှိနေသေး၍ နိုင်ငံခြားသားခရီးသွားများ စိတ်ဝင်စားကြကြောင်း၊ ပြည်တွင်း ခရီးသွားကုမ္ပဏီတစ်ခုမှ သိရသည်။

နမ္မတူတွင် လက်ရှိဦ ရေနွေးငွေ့မီးရထားစက်ခေါင်း ၄ခေါင်းရှိရာမှ စက်ခေါင်းနံပါတ် ၄၂နှင့် စက်ခေါင်းနံပါတ် ၁၃တို့မှာ ယခုလက်ရှိတွင် သုံးစွဲမောင်းနှင်လျက်ရှိပြီး အလှပြစက်ခေါင်း ၂ခေါင်းရှိကြောင်း၊ ရေနွေးငွေ့စက်ခေါင်းနံပါတ် ၁၃ကို ၁၉၀၄ခုနှစ်မှစ၍ နိုင်ငံခြားကုမ္ပဏီတစ်ခုမှ ဝယ်ယူ၍စတင်အသုံးပြုခဲ့ပြီး၊ စက်ခေါင်းနံပါတ် ၄၂ကိုမူ ၁၉၂၇ခုနှစ်နှင့် ၁၉၂၈ခုနှစ်တို့၌ မြန်မာနိုင်ငံတွင်စတင် အသုံးပြုခဲ့သည်။

အဆိုပါ စက်ခေါင်းများကို နမ္မတူ-ဘော်တွင်းလမ်းပိုင်း၌ သုံးစွဲရန်အတွက် ၁၉၀၇ခုနှစ်က လမ်းကိုစတင်ဖောက်လုပ်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ခုနှစ်အထိ ယင်းစက်ခေါင်းများကို သုံးစွဲခဲ့ကြောင်း ပြည်တွင်းခရီးသွားကုမ္ပဏီတစ်ခုဖြစ်သည့် Pleasant Myanmar Travel & Tour ကုမ္ပဏီမှ သိရသည်။

"နမ္မတူမှာ ၁၉၉၇ခုနှစ်ထိ ရေနွေးငွေ့စက်ခေါင်းကို နောက်ဆုံးသုံးစွဲခြင်းဖြစ်ကြောင်း၊ ၁၉၇၀ကနေ ၁၉၈၀ထိ မြန်မာ့သတ္တုတွင်းကနေ ဒီဇယ်စက်ခေါင်း ၈ခေါင်းဝယ်ယူခဲ့ပြီး တဖြည်းဖြည်းနဲ့ရေနွေးငွေ့ခေါင်းအစား ဒီဇယ်ခေါင်းတွေကို စတင်သုံးစွဲခဲ့သည်။ နမ္မတူမှာအဓိကနေရာဖြစ်တဲ့ စက်ခေါင်းရုံ၊ ဘူတာရုံရှိပြီး၊ ၁၉၀၈ခုနှစ်မှာ ကျားစခန်းကိုစတည်ထောင်ပြီး ဘူတာအဖြစ်အခုအချိန်အထိ အသုံးပြုခဲ့ကြောင်း"အဆိုပါကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဒေါ်ကြည် ကြည်မြင့်ကပြောသည်။

နမ္မတူတွင်အထင်ကရနေရာများဖြစ်သည့် နိုင်ငံခြားသားသတ္တုတွင်းအင်ဂျင်နီယာတစ်ယောက်မှ သတ္တုတွင်းအတွက် အထပ်၁၂ထပ်ရှိသော လှိုဏ်ခေါင်းအဆင့်ဆင့်ဖြင့် တည်ဆောက်ထားသည့်နေရာများကို လေ့လာနိုင်ပြီး ဘော်တွင်းသတ္တုတွင်းက ထွက်ရှိသည့်ခဲ၊ ဘော်၊ ငွေစသော တွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်သန့်စင်သည့် မိုင်းတွင်းများနှင့်စက်ရုံများကို လေ့လာနိုင်ကြောင်း သိရသည်။

လက်ရှိတွင် နမ္မတူမြို့၏ ၅မိုင်အတွင်းကို ခွင့်ပြုမိန့်မလိုဘဲသွားရောက်လည်ပတ်၍ရနိုင်ပြီး နမ္မတူ၏မြို့အပြင်ဘက် ၅မိုင်ကိုသွားရောက်လည်ပတ်မည်ဆိုပါက ဝန်ကြီးဌာန၏ခွင့်ပြုမိန့်တောင်းရသော်လည်း ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်ကစပြီး ခွင့်ပြုမိန့်ပိတ်ထားကြောင်း သိရသည်။

"နမ္မတူနဲ့ဘော်တွင်းကြားမှာ ဘူတာက ၅ဘူတာလောက်ရှိပြီး လောလောဆယ်တော့ ဘော်တွင်းအထိပြေးဆွဲခွင့်မရှိဘူး၊ ဘော်တွင်းမရောက်မီ ၃မိုင်လောက်အလိုမှာ တောင်ကြားလမ်းတစ်ခုရှိကြောင်း၊ ဒီတောင်ကြားလမ်းရှိ ရထားလမ်းကိုရေတိုက်စားခံခဲ့ရတဲ့အတွက် ရထားလမ်းကပျက်စီးနေကြောင်း၊ အခုသွားမယ်ဆိုရင် ကားရထားနဲ့ဒါမှမဟုတ် ရေနွေးငွေ့ရထားနဲ့ သွားလို့ရကြောင်း၊ ရေနွေးငွေ့စက်ခေါင်း ၄၂နဲ့၁၃က နိုင်ငံခြားသားခရီးစဉ်အတွက် အဓိကထားပြီးအသုံးပြုကြောင်း၊ ဒါပေမယ့် နမ္မတူကနေဘော်တွင်းကို တစ်ပတ်ကိုတစ်ကြိမ် တနင်္ဂနွေနေ့တိုင်း ကားရထားဖြင့်ပြေးဆွဲပေးကြောင်း"၎င်းကပြောသည်။

အဆိုပါ ကားရထားကိုတစ်ပတ်တစ်ကြိမ်နှုန်းဖြင့် တနင်္ဂနွေနေ့တိုင်းပညာရေးဌာနမှ ဝန်ထမ်းများ၊ သတ္တုတွင်းဌာနရှိဝန်ထမ်းများ လိုအပ်သည့်ကိစ္စများဆောင်ရွက်ရန်အတွက် ပြေးဆွဲပေးခြင်းနှင့် နိုင်ငံခြားသားများအတွက်အပျော်

စာ- ၂၀ »

# နည်းပညာ သိမှတ်ဖွယ်ရာများ

## ထွန်းသက်ကို



### WK Meteor Power Bank

စမတ်ဖုန်းကို အားပြန်သွင်းနိုင်မည့် WK အမှတ်တံဆိပ် Power Bank ဖြစ်သည်။ ဘက်ထ္ထရီသိုလှောင်မှုပမာဏ အနေဖြင့် 10000mAh ပါဝင်သည့်အတွက် စမတ်ဖုန်းများကို လေးကြိမ်ခန့် အားအပြည့်ပြန်သွင်းနိုင်မည်ဖြစ်သည်။ USB ပေါက်နှစ်ခုပါဝင်သည့်အတွက် ဖုန်းနှစ်လုံးကိုတစ်ပြိုင်နက် အားသွင်းနိုင်မည်ဖြစ်သည်။ Power Bank ကိုယ်ထည်ကို သတ္တုစပ်နှင့် ဖုံးအုပ်ပေးထားသည်ကိုတွေ့ရသည်။ ဘက်ထ္ထရီပမာဏကို LED မီးသီးနဲ့ဖော်ပြပေးသည်။ တန်ဘိုး ၁၈,၀၀၀ ကျပ်နှင့် WK Design ဖုန်း-၀၉ ၂၅၃ ၅၃၄၄၀၀ တွင်ဝယ်ယူနိုင်သည်။



### Hitachi 1 Door Refrigerator (R-64V4)

Hitachi အမှတ်တံဆိပ် One Door ရေခဲသေတ္တာဖြစ်သည်။ ဝင်ဆန့်နိုင်သောအရွယ်အစားမှာ(၁၈၇) လီတာဝင်ဆန့်ကာ SEMI Automatic Defrost System အမျိုးအစားဖြစ်သည်။ Cool Jet Warp နည်းပညာပါရှိသောကြောင့် ရေခဲခန်းအားလုံးသို့ အအေးကိုလျှင်မြန်စွာရောက်စေသည်။ ထူးခြားချက်အနေဖြင့် အစားအစာများကိုထားရန်အတွက် Tempered Glass မှန်အမျိုးအစားဖြင့်တည်ဆောက်ပေးထားကြောင့် အကြမ်းခံပြီးတာရှည်စွာအသုံးပြုနိုင်သည်။ ဈေးနှုန်း- ၂၃၅,၀၀၀ ကျပ်ဖြင့် ဖုန်း-၀၉ ၇၃၂၄၀၁၂၃ တွင်ဆက်သွယ်ဝယ်ယူနိုင်သည်။



### Gamdias Zeus RGB Mouse

ဂိမ်းကစားသူများအကြိုက်တွေ့စေမည့် Gamdias Zeus RGB Mouse ဖြစ်သည်။ Mouse Speed DPI 1200, 1600, 2400, 3200, 4800, 7000 DPI ဖြစ်သည့် အတွက်ပစ်ခတ်သည့်ဂိမ်းအမျိုးအစားများတွင် အဆင်ပြေ ပြေကစားနိုင်ပါသည်။ USB တပ်ဆင်လိုက်ပါက LED မီးမှာ ရောင်စုံလိုက်စီးမျောနေမည်ဖြစ်သည်။ ကြိုးကိုချည်သားနှင့် ပြုလုပ်ပေးထားသည့်အတွက် အလွယ်ပြတ်ရှခြင်းများလည်း မဖြစ်နိုင်တော့ပါ။ တန်ဘိုး၄၅,၀၀၀ ကျပ်နှင့် IT Mall Myanmar ဖုန်း-၀၉-၇၈၁၅၀၃၃၀၅ မှာ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။



### Wireless Speaker RB-M9 (ကြိုးမဲ့စပီကာ)

သီချင်းများကိုအသံထွက်အရည်အသွေးကောင်းမွန်စွာနားထောင်နိုင်မည့် Remax အမှတ်တံဆိပ် ကြိုးမဲ့စပီကာ ဖြစ်သည်။ Bass သံထွက်ကောင်းမွန်သည့်အတွက် EDM သီချင်းများကိုကြိုက်သူများအတွက်အဆင်ပြေစေသည်။ စပီကာနှစ်လုံးပါဝင်ကာ ချည်သားနှင့် ဖုံးအုပ်ပေးထားပြီး ၂နာရီခန့်အားသွင်းပါက ၆ နာရီခန့်ဆက်တိုက်နားဆင်နိုင်မည်ဖြစ်သည်။ တန်ဘိုး ၃၃,၀၀၀ ကျပ်နှင့် Remax Myanmar ဖုန်း-၀၉၇၇၄၀၃၀၆၂၀ မှာ ဆက်သွယ်ဝယ်ယူနိုင်သည်။




### Sony48" Full HD Smart TV

Sony အမှတ်တံဆိပ်မြင်ကွင်းကျယ် Full HD LED Smart TV ဖြစ်သည်။ ရုပ်ထွက်ကြည်လင်ပြတ်သားမှုကိုအထောက်အပံ့ပေးသည့် X-Reality Pro Picture Engine နှင့်တည်ဆောက်ပေးထားသည်။ Motion Flow နည်းပညာနှင့် ဖွဲ့စည်းထားတာကြောင့် ရွေ့လျားရုပ်ရှင်များတွင် ကြည်လင်ချောမွတ်စွာကြည့်ရှုနိုင်သလို Smart TV ဖြစ်သည့်အတွက် Youtube အသုံးပြုနိုင်မည်ဖြစ်သည်။ Screen Mirroring စနစ်ပါဝင်ကာစမတ်ဖုန်းက Movie, Music, Photo များကို TV ပေါ်ပို့နိုင်သည့်အဆင့်မြင့်နည်းပညာပါဝင်လာသည်။ Digital Tunner DVB-T2 စနစ်ပါဝင်ကာ အခမဲ့ရုပ်သံလိုင်းများကိုဖမ်းယူကြည့်ရှုနိုင်သည်။ တန်ဘိုး ၆၆၀,၀၀၀ ကျပ်နှင့် Multi Generation Electronics Wholesales Centre ဖုန်း-၀၉၇၃၂၄၀၁၂၃ မှာဆက်သွယ်ဝယ်ယူနိုင်သည်။

### Wireless Earphone (ကြိုးမဲ့နားကြပ်)

စမတ်ဖုန်းနှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် WK အမှတ်တံဆိပ်ကြိုးမဲ့နားကြပ်ဖြစ်သည်။ Hi-Fi အသံစနစ်ဖြစ်သည့်အတွက် သီချင်းများကို အသံကြည်လင်ပြတ်သားစွာနားထောင်နိုင်မည်ဖြစ်သည်။ ပတ်ဝန်းကျင်ကဆူညံသံများကိုလည်း ဖျောက်ပေးမည့်စနစ်ပါဝင်လာသည်။ ၂ နာရီအားသွင်းထားပါက ၈နာရီဆက်တိုက်နားဆင်နိုင်ပါသည်။ တန်ဘိုး ၂၄,၀၀၀ ကျပ်နှင့် ဖုန်း-၀၉ ၂၅၃၅၃၄၄၀၀ တွင်ဝယ်ယူနိုင်ပါသည်။



### Robot Car Holder

ကားမောင်းရင်းစမတ်ဖုန်းကိုတင်ထားနိုင်မည့် Baseus အမှတ်တံဆိပ် Robot Car Holder ဖြစ်သည်။ စမတ်ဖုန်းကိုအလျားလိုက်ရော၊ ဒေါင်လိုက်အနေအထားနှင့်ပါထားနိုင်မည်ဖြစ်သည်။ အကောင်းစားပလပ်စတစ်နှင့်ပြုလုပ်ထားသည်ဟုဆိုခြင်းကြောင့်ကားရှေ့ကပ်ရာမှာလည်းလွယ်ကူသည်ဟုသိရသည်။ တန်ဖိုး ၈,၀၀၀ ကျပ်နှင့် Smart Power Mobile ဖုန်း-၀၉ ၂၆၂၀၀၉၂၀၉ တွင်ဆက်သွယ်ဝယ်ယူနိုင်သည်။



# ကင်းဝန်မင်းကြီး



ကင်းဝန်မင်းကြီး (၁၈၂၂ ဖေဖော်ဝါရီလ ၃-၁၉၀၈ ဇွန်လ ၃၀)၏ မွေးနေ့ဖြစ်၏။ ကင်းဝန်မင်းကြီး(ဦးကောင်း) သည် ၁၈၇၀ ပြည့်နှစ်လွန်နှင့် ၁၈၈၀ အစောပိုင်းကာလ၌ ဗမာပြည် (မြန်မာပြည်)၏ ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ပညာရှိသုခမိန်တစ်ဦး သာမက သံတမန်တဦးဖြစ်သည့် ကင်းဝန်မင်းကြီးသည် သမိုင်း၊ ဥပဒေသိပ္ပံနှင့် စာပေကျမ်းဂန်များစွာကို ပြုစုရေးသားခဲ့သည်။

ထိုခေတ်ကာလ ရွယ်တူမျိုးဆက်များကဲ့သို့ပင် ကင်းဝန်မင်းကြီး၏မျှော်မှန်းချက်မှာ စနစ်ဟောင်းနှင့်စနစ်သစ်တို့ထံမှ အကောင်းဆုံးများကိုယူကာ ရောနှောပေါင်းစပ်ထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးလွတ်လပ်သော မြန်မာနိုင်ငံ ဖြစ်ပေသည်။ နောက်ဆုံးပေါ် နည်းပညာနှင့်အတွေးအခေါ်များကို ပြည်တွင်းသို့တင်သွင်းရန်နှင့် တချိန်တည်းမှာပင် ရာစုနှစ်ပေါင်းများစွာ အခွန့်ရှည်တည်တံ့ခဲ့သော ယဉ်ကျေးမှုအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းကာကွယ်ရန် လိုလားခဲ့၏။

၁၈၇၁ ခုနှစ်တွင် ဘုရင်မှ ဥရောပသို့ ပထမဦးဆုံးစေလွှတ်သည့် သံတမန်အဖွဲ့ကို ကင်းဝန်မင်းကြီး ဦးဆောင်ခဲ့သည်။ ထိုသံအဖွဲ့သည် ယူကေ၊ ပြင်သစ်နှင့် အီတလီနိုင်ငံတို့တွင် ရက်သတ္တပတ်အတော်ကြာ ကုန်ဆုံးခဲ့ပြီးနောက် ကမ္ဘာ့ဖာတ်ခုံတွင် မြန်မာနိုင်ငံ၏အခြေအနေ၊ စက်မှုလုပ်ငန်းများထွန်းကားခြင်းကြောင့် အင်အားကြီးထွားလာစပြုနေသော အနောက်အရပ်နှင့်ယှဉ်လျှင် မြန်မာနိုင်ငံ၏ အားနည်းချက်၊ နိုင်ငံတိုးတက်ခေတ်မီရေးအတွက် အလျင်အမြန် ဆောင်ရွက်ရန် လိုအပ်နေမှုတို့ကို နားလည်သဘောပေါက်မှုကြီးစွာဖြင့် နေရပ်သို့ပြန်လာခဲ့ကြသည်။

၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်းကြီး နတ်ရွာစံသောအခါ ကင်းဝန်မင်းကြီးနှင့် အပေါင်းအပါများသည် အုပ်ချုပ်မှုစနစ် အလုံးစုံပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံ့စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေး နှစ်ရပ်အတွက်သာ ရည်ရွယ်ချက်ထားကာ ပြုပြင်ပြောင်းလဲလုပ်ငန်းရေးလုပ်ငန်းများ ဆက်တိုက်အကောင်အထည်ဖော်ရန်တွန်းအားပေးနိုင်ခဲ့သည်။ ဥရောပ၌ ပညာသင်ကြားခဲ့သူအချို့ပါဝင်ခဲ့သည့် ၁၈၇၈ ခုနှစ် မြန်မာအစိုးရသည် မြန်မာ့သမိုင်းတွင် ပညာအတတ်ဆုံးသော အစိုးရအဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်ခဲ့သည်။

၁၈၈၀ ပြည့်နှစ် ရှေးရိုးစွဲများ၏ခေါင်းမာမှုဆုတ်ယုတ်လာသော နိုင်ငံတွင်းစီးပွားရေးအခြေအနေ၊ ကချင်တောင်တန်းနှင့် ချင်းနယ်စပ်ဒေသတလျှောက်တွင် မငြိမ်မသက်ဖြစ်မှု၊ ဗြိတိသျှတို့၏ သွေးထိုးလှုံ့ဆော်မှု၊ အစိုးရအဖွဲ့အတွင်း ဂိုဏ်းဂဏကွဲမှု စသည်တို့အားလုံးကြောင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်သည် တဖြည်းဖြည်းအားနည်းသွားပြီး နောက်ဆုံးတွင်ပျက်စီးခြင်းကိန်းသို့ ဆိုက်လေတော့သည်။

လူအများက **ဦးကောင်းလိမ်ထုတ် သီပေါပြုတ်ဟူ၍** ဘုရင်နန်းကျခြင်းအတွက် ကင်းဝန်မင်းကြီးအား အပြစ်ပုံချကြသည်။ သို့သော် မြန်မာနိုင်ငံလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်မည့် လက်တွေ့ကျသောနည်းလမ်းကို ရှာဖွေရန် အားသွန်ခွန်စိုက် ကြိုးစားခဲ့သူမှာ ကင်းဝန်မင်းကြီး တဦးတည်းသာလျှင်ဖြစ်၏။ ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့တို့ မှချဝင်ရောက်တော့မည်ကို ကင်းဝန်မင်းကြီးသိရှိသည့်အခါ မြန်မာနိုင်ငံကို ဗြိတိသျှအိန္ဒိယ၏တစိတ်တပိုင်းအဖြစ် ထားရှိသော်လည်း မြန်မာမင်းသားအသစ်တစ်ဦး ခန့်အပ်အုပ်ချုပ်သည့် အထိန်းသိမ်းခံနိုင်ငံအဖြစ်ရပ်တည်နိုင်ရန် ညှိနှိုင်းတောင်းဆိုခဲ့ပါသေးသည်။

ကင်းဝန်မင်းကြီးသည် သူ့ကမ္ဘာကြီး တစ်စမကျန်ပျက်ယွင်းသွားသည်ကို ရင်နာစွာဖြင့် မျက်မြင်ကြုံတွေ့သွားရသည်အထိ အသက်ရှည်ခဲ့ပြီး ၁၉၀၈ခုနှစ်တွင် ကွယ်လွန် အနိစ္စရောက်ရှိခဲ့လေသည်။

ဆရာမြသန်းတင့်၊ ဆရာနေဝင်းမြင့်တို့ကလည်းရေးကြတယ်။ ဦးကောင်းမျိုးဆက်အနေနဲ့ ရေးသားပြုစုသူအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ရေးတာလည်းရှိတယ်။


1. Family Tree ဆွေစဉ်မျိုးဆက် https://doctortintswe.blogspot.com/2017/11/family-tree.html
2. Kinwunmingyi U Kaung ကင်းဝန်မင်းကြီးဦးကောင်း https://doctortintswe.blogspot.com/2015/08/kinwunmingyi-u-kaung.html
3. U Kaung ကင်းဝန်မင်းကြီး ဦးကောင်း https://doctortintswe.blogspot.com/2016/12/u-kaung.html

ဒေါက်တာတင့်ဆွေ
၂-၂-၂၀၁၈

### » ဖွားစောရဲ့ အလွမ်းစာ

တိုင်ပြုကာ လှည့်လှည့်နေသည့် လူမျိုးမဟုတ်တော့။ ပညာတက်လူငယ်များ၏ တွေးခေါ်ယူဆချက်များကိုလက်ခံသော ပြုပြင်ပြောင်းလဲရေးအတွက် မတူညီသည့်အယူအဆများကို မျက်နှာချင်းဆိုင် ဆွေးနွေးနိုင်သောခေတ်သစ် နိုင်ငံတစ်ခုသာဖြစ်သည်။ ခန်းမင်းကြီးများ အဆက်ဆက်စိုးစံခဲ့သော မြက်ခင်းပြင်များရှိကာရာကိုရန်နေပြည်တော်ကို စွန့်ခွာပြီးလျှင် ပီကင်းနေပြည်တော်သို့ ပြောင်းရွှေ့စိုးစံခဲ့ပြီး မွန်ဂိုတို့၏ အယောင်အယောင်နှင့်ထုံးဖွဲ့မှုများကို ခွာချွတ်ကာသူကိုယ်သူပင် တရုတ်ဆက်သွင်းကာ ယွန်းမင်းဆက်ကိုတည်ထောင်ခဲ့သည့် ကူဗလိုင်ခန်၏ ရုပ်တုကိုမိမိနေထိုင် လှည်ပတ်ခွင့်ရသည့် (၄)ရက်အတွင်း မတွေ့ရှိခဲ့သဖြင့် မိဖုရားဖွားစော၏ အလွမ်းစာအား ကူဗလိုင်ခန်ထံသို့ပြောပြရန် အခွင့်မသာခဲ့။

ကိုးကားချက်။ ဗန်းမော်တင်အောင် ပုဂံပြည်




# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရထားပို့ဆောင်ရေးမြှင့်တင်ရန် ကွင်းဆင်းလေ့လာနေပြီး ပြည်ထောင်စုဝန်ကြီးဌာနထံ တင်ပြသွားမည်

ဧရာဝတီတိုင်းဒေသကြီး၌ ရထား ပို့ဆောင်ရေး မြှင့်တင်နိုင်ရန် ကွင်းဆင်းလေ့လာနေပြီး ပြည်ထောင်စု ဝန်ကြီးဌာနထံ တင်ပြသွားမည်ဟု ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်း ပိုင်း၌ မြန်မာ့မီးရထားတိုင်း (၉)မှ တာဝန်ရှိသူများနှင့် အတူကွင်းဆင်း လေ့လာခဲ့ပြီးနောက် တိုင်းအစိုးရ အဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဝင်းငွေးက ပြောကြားခဲ့ သည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများကွင်း ဆင်းစစ်ဆေးခဲ့သည့် ပုသိမ်-ဟင်္သာ တ-ကြံခင်းရထားလမ်းပိုင်းမှာ နှစ် ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ် ပြီး လက်ရှိတွင် တွဲဆိုင်းခြောက်ဆိုင်း ရထားရှစ်စင်းနေ့စဉ်ပြေးဆွဲ လျက်ရှိ သည်။

"ရထားလမ်းကိုသာ အဆင့်မြှင့် နိုင်မယ်ဆိုရင် အများကြီး အကျိုး ကျေးဇူးရှိလာနိုင်ကြောင်း၊ ပုသိမ်နဲ့ ကြံခင်းကို အခု Driving Hour က တစ်ဝက်လျော့သွားနိုင်ကြောင်း၊ ရှစ်နာရီနေရာမှာ လေးနာရီဆိုရင် Customer Demand ကများလာမယ်။ များလာလို့ရှိရင် ရထားပို့ဆောင်ရေး လုပ်ငန်းအတွက် အများကြီးအဆင် ပြေမယ်။ ဒီကိစ္စတွေကိုလည်း ကျွန် တော်တို့စဉ်းစားထားကြောင်း ရထား လမ်း တစ်ခုတည်းအတွက်တင်မ ဟုတ်ဘဲ ဆက်နွယ်နိုင်သည့်လုပ်ငန်း အားလုံးကိုလည်း ထည့်သွင်းစဉ်းစား ထားပြီး ရထားပို့ဆောင်ရေးလုပ်ငန်း မြှင့်တင်နိုင်ရန် ကြိုးစားသွားမည်ဖြစ် ကြောင်း ပုသိမ်မှာ နောင်တစ်ချိန်စဉ်း စားထားတဲ့ River port သာ တ ကယ်လို့ရှိရင် ဝန်မြစ်ကို 5 meter depth လောက်အထိ Dredging လုပ်နိုင်မယ်ဆိုရင် တိုင်းထဲမှာရှိနေ တဲ့ Product ကို စက်မှုဇုန်မှာ Value Added လုပ်ပြီး နိုင်ငံခြားပို့မယ် ဆိုရင် ဒီတိုင်းထဲမှာရှိတဲ့ ထွက်ကုန် တွေအကုန်လုံးက စိုက်ပျိုးရေးနဲ့ပတ် သက်တာရော၊ သားငါးရေလုပ်ငန်းနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေက ရန်ကုန် ကို သွားစရာမလိုတော့ဘဲ ပုသိမ်ကို ဦးတည်ပြီးလာမယ်။ ဒါဆိုလို့ရှိရင် ရ ထားပို့ဆောင်ရေးလုပ်ငန်းက အများ ကြီး တိုးတက်လာမယ်။ ဒါကြောင့်မို့ လို့ ကျွန်တော်တို့က ရထားလမ်းတစ် ခုတည်းတင် မစဉ်းစားဘဲနဲ့ ကျန်တဲ့ သူနဲ့ ဆက်နွယ်နေတဲ့ လုပ်ငန်းအား လုံးကို စဉ်းစားပြီးတော့ ရထားလမ်း ပို့ဆောင်ရေးလုပ်ငန်းကို တိုင်းထဲမှာ မြှင့်တင်ဖို့ ကြိုးစားရမှာပေါ့။ ကျွန် တော်တို့ တိုင်းအနေနဲ့ လိုက်ကြည့် တယ်။ လိုအပ်ချက်တွေ၊ ရှေ့ဆက် လုပ်ရမယ့်ကိစ္စတွေကို ပြည်ထောင် စုဝန်ကြီးဌာနနဲ့ တင်ပြတိုင်ပင်ပြီး ဆက်လုပ်သွားရမှာပါ" ဟု ဝန်ကြီးဦး ဝင်းငွေးက ပြောသည်။

ရေကြီးမှုဖြစ်ပေါ်ချိန်များတွင် သံလမ်းရေကျော်သဖြင့် ရထားပြေး ဆွဲမှုရပ်နားထားရလေ့ရှိသည့် ယိုးဒ ယားတက်-ဂုန်မင်း-ဒိုးကကြားရထား လမ်းပိုင်း အဆင့်မြှင့်တင်မှုကိုလည်း ဘဏ္ဍာငွေကျပ်သန်းပေါင်း ၁၇၈ သန်း အသုံးပြုကာ လာမည့်မိုးတွင်းကာလ မတိုင်ခင် အပြီးဆောင်ရွက်ရန်ရှိ ကြောင်း သိရသည်။ ကျော်ကျော်

# ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်များဖြင့် နယ်စပ်ဝင်ပေါက်များမှ လာရောက်လည်ပတ်

ကမ္ဘာလှည့် ခရီးသွားဧည့်သည် များသည် ကိုယ်ပိုင်ကားများဖြင့် လည်းကောင်း ကိုယ်ပိုင်မော်တော် ဆိုင်ကယ်များဖြင့် လည်းကောင်း နယ်စပ်ဝင်ပေါက်များမှ လာရောက် လာပတ်လျှက်ကြောင်း၊ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနမှသိရ သည်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုနှင့် ခရီး သွားကုမ္ပဏီများ၏ စီစဉ်မှုများဖြင့် တမူးနယ်စပ်ဂိတ်၊ တာချီလိတ်နယ် စပ်ဂိတ်၊မြဝတီနယ်စပ်ဂိတ်စသည် ဖြင့် နယ်စပ်ဂိတ်များမှ ကိုယ်ပိုင်မော် တော်ကားများဖြင့် လည်းကောင်း ကိုယ်ပိုင် ဆိုင်ကယ်များဖြင့်လည်း ကောင်း ကမ္ဘာလှည့်ခရီးသွားများဝင် ရောက် လည်ပတ်လျှက်ရှိကြောင်း သိရသည်။

ထိုသို့ လာရောက်လည်ပတ်ကြ ရာတွင် ဝန်ကြီးဌာန၏ကြီးကြပ်မှုနှင့် raven ture Travels & Tour Co., Ltd ၏ စီစဉ်မှုဖြင့် ရုရှားနိုင်ငံသား ဧည့်သည်များသည် ဇန်နဝါရီလအ တွင်းက ကိုယ်ပိုင်မော်တော်ယာဉ် (၁)စီး၊ ကိုယ်ပိုင်မော်တော် ဆိုင် ကယ်(၂)စီးဖြင့် တမူးနယ်စပ်ဂိတ်မှ တစ်ဆင့် မြန်မာနိုင်ငံသို့ဝင်ရောက်ပြီး တမူး-ဂန့်ဂေါ-ပုဂံ-နေပြည်တော် -ညောင်ရွှေ- အင်းလေး-ညောင် ရွှေ-ကျိုင်းတုံ-တာချီလိတ် ခရီးစဉ် များသို့ သွားရောက်၍ ခရီးစဉ်တစ် လျှောက်ရှိ ခရီးသွားဆွဲဆောင်မှုရှိ သောနေရာများကို လည်ပတ်ခဲ့ကြ ပြီး တာချီလိတ်နယ်စပ်ဂိတ်မှတဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွား ခဲ့ကြသည်။

ထို့ပြင် ဝန်ကြီးဌာန၏ ကြီးကြပ်မှု Expeditions Myanmar Co., Ltd ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံ သားဧည့်သည်များသည် ပြီးခဲ့သည့် လအတွင်းက ကိုယ်ပိုင်မော်တော် ဆိုင်ကယ်(၇)စီးဖြင့် မြဝတီနယ်စပ် ဂိတ်မှတဆင့် မြန်မာနိုင်ငံသို့ဝင်



ရောက်ပြီး မြဝတီ-ဘားအံ-ကျိုက် ထီးရိုး-နေပြည်တော်-အင်းလေး- ပုဂံ- အမ်း- ငွ- ပဲခူးမြို့များသို့သွား ရောက်၍ ခရီးစဉ်တစ်လျှောက်ရှိခရီး သွား ဆွဲဆောင်မှုရှိသောနေရာများ ကိုလည်ပတ်ခဲ့ကြပြီး မြဝတီနယ်စပ် ဂိတ်မှတဆင့် ထိုင်းနိုင်ငံသို့ပြန်လည် ထွက်ခွာသွားကြသည်။

ကမ္ဘာလှည့်ခရီးသည်များသည် ခရီးသွား ပွင့်လင်းရာသီဖြစ်သည်နှင့် အညီ မြန်မာနိုင်ငံသို့တစ်ဦးချင်းအ လိုက်သော်လည်းကောင်း၊ အုပ်စု လိုက်သော်လည်းကောင်း၊ ကိုယ်ပိုင် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး များဖြင့်လည်းကောင်း စဉ်ဆက်မ ပြတ် ဝင်ရောက်လေ့လာလည်ပတ် လျှက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွား လာရေး ဝန်ကြီးဌာနမှသိရသည်။

အိမ်စည်

# အမျိုးသမီးဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၅)အတွက် ဘွဲ့အမျိုးအစား ၅ မျိုး ထပ်တိုးခေါ်ယူ

အမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅)အတွက်ဘွဲ့အမျိုးအ စား ၅မျိုးကိုထပ်တိုးခေါ်ယူကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ရုံးသတင်းထုတ်ပြန်ချက်အရ သိရ သည်။

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းဝင်ခွင့်ကို ဇန်နဝါရီလ၌နိုင် ငံပိုင်သတင်းစာများမှ တစ်ဆင့်စတင် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ထိုဝင်ခွင့်ခေါ် စာ ထဲတွင် ဘွဲ့အမျိုးအစား ၁၆ မျိုး သတ်မှတ်ထားခြင်းဖြစ်ပြီး ဇန်နဝါ ရီလတွင် အဆိုပါဘွဲ့များအပြင် နောက် ထပ် ၅ မျိုးကိုထပ်မံခေါ်ယူခြင်း ဖြစ် ကြောင်း ယခင်ကခေါ်ယူခဲ့သည့် ဘွဲ့ များမှာ ဝိဇ္ဇာဘွဲ့များ(မြန်မာစာ၊ အင်္ဂ လိပ်စာ၊ စိတ်ပညာ၊ နိုင်ငံတကာဆက် ဆံရေး၊ စာကြည့်တိုက်နှင့် သုတပ ညာ)၊ ဝိဇ္ဇာဘွဲ့(နိုင်ငံခြားဘာသာ) များ(တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာ သာ)သိပ္ပံဘွဲ့များ (ရုက္ခဗေဒ၊ ဇီဝ နည်းပညာ၊ ကုန်ထုတ်ဓာတုဗေဒ) စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့၊ တိရစ္ဆာန် ဆေးသိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ နည်းပညာ ဆိုင်ရာဘွဲ့များ၊ သတင်းအချက် အ လက်နှင့်နည်းပညာ၊ ချည်မျှင်နှင့်အ ထည်)နှင့် မြန်မာတိုင်းရင်းဆေးပ ညာဘွဲ့များ ဖြစ်ပြီးထပ်တိုးခေါ်ယူ သည် ဘွဲ့အမျိုးအစားများမှာ ဝိဇ္ဇာ တွဲများဖြစ်သော ပထဝီဝင်သမိုင်းနှင့် သိပ္ပံဘွဲ့များဖြစ်သောသင်္ချာ၊ ဓာတု ဗေဒ၊ ရူပဗေဒဘွဲ့များဖြစ်သည်။

အဆိုပါသင်တန်းအတွက်လျှောက် လွှာများကို ဇန်နဝါရီလ ၂၁ရက်မှဖေ ဖော်ဝါရီလ ၁၇ရက်အတွင်းနီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူ လျှောက်ထားနိုင်မည်ဖြစ်ပြီး သင် တန်းပြီးဆုံးပါက ဒုတိယဗိုလ်အဆင့် ဖြင့် စတင်ခန့်အပ်မည်ဖြစ်ကြောင်း နှင့် ဗိုလ်လောင်းသင်တန်းအတွက် ၂၀၁၈ခုနှစ် ဇန်နဝါရီလ၁ရက်တွင် ရှိရှိဘွဲ့ရအသက် ၂၅နှစ်အောက် ရှိသူ၊ ပါရဂူဘွဲ့ရအသက် ၃၀နှစ် အောက်ရှိသူ၊ မြန်မာနိုင်ငံသားဖြစ် သူ၊ အိမ်ထောင်မရှိသူ၊ ကိုယ်အလေး ချိန်ပေါင် ၁၀၀မှ ၁၃၀တွင်းရှိသူများ လျှောက်ထားနိုင်မည်ဖြစ်ကြောင်းသိ ရသည်။

T.Z

# "ပဲခူးတိုင်းဒေသကြီး၊ သုတစုံလင် ဉာဏ်ကြီးရှင်ပြိုင်ပွဲကြီး (Knowledgeable Genius 2018) ကျင်းပမည်"

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့သန္တိ သုခဗုဒ္ဓဝေယျာဝစ္စနှင့် သာသနာပြု အသင်းကြီး (၁၃) နှစ်ပြည့်၊ နှစ်ပတ် လည်အထိမ်းအမှတ်အဖြစ် သုတစုံ လင်ဉာဏ်ကြီးရှင် ပြိုင်ပွဲကြီးကျင်းပ မည်ဖြစ်ကြောင်း၊ ဇန်နဝါရီလ (၂၃) ရက်နေ့က စေတနာအလင်းအိမ် ပ ညာဒါသင်တန်းကျောင်း၌ ဉာဏ်ကြီး ရှင်ပြိုင်ပွဲကြီး စာနယ်ဇင်းရှင်းလင်းပွဲ မှသိရသည်။ အဆိုပါပြိုင်ပွဲကို က လေးငယ်များ ပညာရည်ပြည့်ဝစေ ရန်နှင့် လိမ္မာရေးခြားရှိစေရန်၊ နိုင်ငံ တကာသုံး အင်္ဂလိပ်ဘာသာစကား ကို လွယ်လင့်တကူလေ့လာဆည်းပူး နိုင်စေရန်၊ အနာဂတ်တွင်စည်းကမ်း ပြည့်ဝသော နိုင်ငံ့သားကောင်းရတ နာများ ဖြစ်လာစေရန်၊ ငြိမ်းချမ်းရေး ၏ အခြေခံသဘောတရားကို သိရှိ နား လည်ပြီး အလေးထားတန်ဖိုးထား ဖော်ဆောင်တတ်သူများ ဖြစ်လာစေ ရန်၊ ဗဟုသုတပြည့်စုံပြီး အတွေးအ ခေါ် မျှော်မြင်တတ်သော အနာဂတ် တိုင်းကျိုးပြည်းကျိုးပြု နိုင်ငံ့သား ကောင်းရတနာများ ပေါ်ပေါက်လာ စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ် ကြောင်း ပြိုင်ပွဲအဆင့်ဆင့်အနေဖြင့် သုံးဆင့် ကျင်းပသွားမှာဖြစ်ကြောင်း သိရသည်။

ပထမအဆင့်အနေဖြင့် တိုင်းအ တွင်းရှိ မြို့နယ်ပေါင်း (၂၈) မြို့နယ် ရှိ ကျောင်းပေါင်း (၅၀၀၀) ကျော်အ နက်မှ ထူးချွန်ကျောင်းသား/ကျောင်း သူများ တစ်မြို့နယ်လျှင် (၃) ဦးစီ ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ဒုတိ ယအဆင့်အနေဖြင့် ပထမအဆင့် ရွေးချယ်ခံရသော ပြိုင်ပွဲဝင် ၈၄ ဦး အား ဒုတိယအဆင့်ဖြင့် ပဲခူးမြို့ဗုဒ္ဓအ သံဓမ္မဗိမာန်တော်ကြီးတွင် မတ်လ တတိယအပတ်အတွင်း ရေးဖြေ/ နှုတ်ဖြေများစစ်ဆေး၍ ပြိုင်ပွဲဝင် (၅ ၀) ဦးအား နောက်ဆုံးအဆင့်အတွက် ဆန်ကာတင်ရွေးချယ်သွားမည် ဖြစ် ကြောင်း၊ တတိယအဆင့်အနေဖြင့် ပြိုင်ပွဲဝင် Final အဆင့်ကို မေလ (၂) ရက်နေ့မှ (၆) ရက်နေ့အထိပဲခူး မြို့ ရွှေသာလျောင်းဘုရားဝင်း၊ သုဝ ဏ္ဏရွှေဘုံဗိမာန်တော်ကြီးတွင်း ငါး ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီးပြိုင် ပွဲဝင် (၅၀)ဦးထဲမှ ပထမ၊ ဒုတိယ၊တ တိယဆု (၃)ဆုကို ရွေးချယ်ချီးမြှင့် သွားမည်ဖြစ်သည်။

ဆုချီးမြှင့်ရာတွင် ပထမဆုကို ကျပ်ငွေ (၅)သိန်းနှင့် ဆုတံဆိပ်တုံး၊ ဒုတိယဆုကို ကျပ်ငွေ (၃) သိန်းနှင့် ဆုတံဆိပ်တုံး၊ တတိယဆုကို ကျပ် ငွေ (၂) သိန်းနှင့် ဆုတံဆိပ်တုံး၊ တ ခြားနှစ်သိမ့်ဆုအနေဖြင့် သုတစုံလင် ဉာဏ်ကြီးရှင် ၂၀၁၈ ပြိုင်ပွဲဝင်များ အားလုံးကို ဂုဏ်ပြုမှတ်တမ်းများချီး မြှင့်သွားမည်ဖြစ်ကြောင်း၊ နောက်ဆုံး အဆင့် ပြိုင်ပွဲတွင် ကလေးငယ်များ အတွက် စာကြည့်တိုက်နှင့် ပြခန်း များ၊ကုမ္ပဏီအရောင်းဆိုင်များ၊Talk အစီအစဉ်များ၊ ကလေးတရားပွဲ၊ဖျော် ဖြေရေးအစီအစဉ်များဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

ကျော်ကျော်



# MPT ကဈေးနှုန်းချိုသာသော ဖုန်းခေါ်ဆိုမှု တစ်မိနစ် ၆ ကျပ်သာကျသင့်မည့် အစီအစဉ်သစ်ကိုမိတ်ဆက်

MPT က Voice Package များထဲမှဈေးနှုန်းချိုသာသောဖုန်းခေါ်ဆိုမှု၊ တစ်မိနစ် ၆ကျပ်သာကျသင့်မည့်ဖုန်းခေါ်ဆိုမှု အစီအစဉ်သစ်ကိုဇန်နဝါရီ ၃၀ရက်နေ့ကစတင်မိတ်ဆက်လိုက်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်ကို တစ်နိုင်ငံလုံးရှိ MPT မိုဘိုင်းဖုန်းနှင့်ကြိုးဖုန်းလိုင်းအသုံးပြုသူအချင်းချင်းဆက်သွယ်ခေါ်ဆိုမှုအတွက်၊ ပိုမိုအဆင်ပြေသက်သာစေမည်ဖြစ်သည်။ ချိုသာအစီအစဉ်ကိုတစ်ကြိမ်ရယူပြီးပါက ၇ရက်သက်တမ်းအတွင်း ၂၃၅မိနစ်စာဖုန်းပြောဆိုနိုင်မည်ဖြစ်ပြီး၊ ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်အသုံးပြုခ ၁၅၀၀ ကျပ်သာကုန်ကျမည်ဖြစ်သည်။ ထို့ပြင်လက်ရှိဝန်ဆောင်မှုပေးနေသည့်၊ ၁ရက်တာနှင့် ၃ရက်တာသက်တမ်းရှိ Voicepack များအပြင်ချိုသာအစီအစဉ်က MPT သုံးစွဲသူများအတွက်၊ စိတ်ကျေနပ်မှုအပြည့်အဝပေးစွမ်းနိုင်မည်ဖြစ်ပြီး ၂၈သန်းကျော်သာသုံးစွဲသူများသို့ အကျယ်ပြန့်ဆုံးကွန်ရက်မှတစ်ဆင့်အလွယ်တကူဆက်သွယ်နိုင်ကြောင်းလည်းသိရသည်။




ယခုအစီအစဉ်သစ်ကို ၂၀၁၈ခုနှစ်ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍အသုံးပြုနိုင်မည်ဖြစ်ပြီး အဆိုပါအစီအဉ်ကို ၂၀၁၈ခုနှစ်မေလ ၁ရက်နေ့ထိရယူသုံးစွဲနိုင်ကြောင်းလည်းသိရသည်။ ယခုအစီအစဉ်ကိုရယူသုံးစွဲလိုသူများအနေဖြင့် *106*1*1#သို့ဖုန်းခေါ်ဆို၍လည်းကောင်း (သို့)အန်းဒရိုက်နှင့် ios အတွက်ထုတ်လုပ်ထားသည့် MPT4u အက်ပလီကေးရှင်းပေါ်မှလည်းကောင်းရယူအသုံးပြုနိုင်မည်ဖြစ်သည်။ ယခုအစီအစဉ်ကိုတစ်ပတ်ချင်းစီသက်တမ်းတိုးအသုံးပြုရမည်ဖြစ်ပြီး၊ အသေးစိတ်ကို www.mpt.com.mm သို့နီးစပ်ရာ MPTအမှတ်တံဆိပ်အရောင်းဆိုင်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

လှမျိုး(ဆ.သ.ရ)

# အူရီဒူးမှ မြန်မာနိုင်ငံတွင် ပထမဦးဆုံး "MasterClass" ကျင်းပပြီး အကောင်းဆုံး ကျွမ်းကျင်ဝန်ထမ်း သစ်များရှာဖွေ

အူရီဒူးမြန်မာမှ work.com.mm ၏ပံ့ပိုးမှုဖြင့်ရန်ကုန်မြို့ရှိ အူရီဒူးမြန်မာရုံးချုပ်တွင် မြန်မာနိုင်ငံ၏ပထမဦးဆုံးအကြိမ် Masterclass ကိုဇန်နဝါရီ ၂၅ရက်ကကျင်းပခဲ့သည်။

Masterclass သည် ပထမဦးဆုံးအကြိမ်အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာနယ်ပယ်တွင်ကျွမ်းကျင်မှုရှိသည့် အလုပ်လျှောက်ထားသူများအတွက် လူ့စွမ်းအားအရင်းအမြစ် ရှာဖွေစုဆောင်းသည်ပုံစံဖြစ်ပြီး လုပ်ငန်းကျွမ်းကျင်သူများနှင့် အလုပ်ရှင်များအကြားတွင် လုပ်ငန်းကျွမ်းကျင်သူများ၏ အရည်အချင်းများကိုဖော်ထုတ်ပြသနိုင်မည့် လမ်းကြောင်းတစ်ခုကိုအခြေခံ၍ အလုပ်ခန့်အပ်ခြင်းခံရနိုင်မည့် အခွင့်အလမ်းများကိုဖန်တီးပေးခဲ့ကြောင်း ပထမဦးဆုံးMasterclass တွင် လျှောက်ထားသူ ၇၀၀ကျော်ရှိခဲ့ပြီး လျှောက်ထားသူများထဲမှာလုပ်ငန်းကျွမ်းကျင်သူ ၂၆ဦးသာယင်းထူးခြားသည့် အစီအစဉ်တွင် ပါဝင်ခွင့်ရရှိခဲ့ပြီး ၎င်း Masterclass သည်နေ့တစ်ပိုင်း အစီအစဉ်ဖြစ်ပြီးအလုပ်ရုံဆွေးနွေးပွဲတစ်ခုပါဝင်ပြီး ပါဝင်သည့်အလုပ်လျှောက်ထားသူများသည်သတ်မှတ်ထားသည့် အလုပ်အခန်းကဏ္ဍများပေါ်တွင် နည်းဗျူဟာများနှင့် အသုံးဝင်မည့်အချက်အလက်များကို မျှဝေခဲ့ကြပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲအားသက်ဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံပြည့်ဝသည့် အူရီဒူး၏အကြီးတန်းအရာရှိထဲမှတစ်ဦးကဦးဆောင်ကျင်းပခဲ့ကြောင်း ရှင်းလင်းတင်ပြမှုပြီးနောက် စီးပွားရေးဆိုင်ရာသုံးသပ်ချက်အမျိုးမျိုးကိုလုပ်ဆောင်ခဲ့ကြသည့် အလုပ်လျှောက်ထားသူများမှ အူရီဒူး၏ထိပ်တန်းစီမံခန့်ခွဲသူအဖွဲ့ဝင်များထံတင်ပြကြပြီး ၎င်းအစီအစဉ်အားကြိုဆို၊ တွေ့ဆုံ၊ နှုတ်ခွန်းဆက်ခြင်း"အစီအစဉ်ဖြင့်အဆုံးသတ်ခဲ့သောကြောင့် အလုပ်လျှောက်ထားသူများအနေဖြင့် အူရီဒူးစီမံခန့်ခွဲမှုအဖွဲ့နှင့်အပြန်အလှန်တွေ့ဆုံခဲ့သည်။

အူရီဒူးမြန်မာ၏ Chief Human Resources Officer ဖြစ်သူ Ms.Cecile Umana ကအူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံတွင်ယခုကဲ့သို့ထူးခြားတဲ့လူ့စွမ်းအားအရင်းအမြစ်စုဆောင်းရေးအစီအစဉ်ကို စတင်ဆောင်ရွက်နိုင်တဲ့ ပထမဦးဆုံးကုမ္ပဏီဖြစ်တဲ့အတွက်စိတ်လှုပ်ရှားမိပါတယ်။ ကျွန်မတို့အနေဖြင့်ပထမဦးဆုံး Masterclass မှာပါဝင်ခဲ့တဲ့အလုပ်လျှောက်ထားသူတွေပေါ်မှာ မျှော်လင့်ချက်ကြီးကြီးထားပြီးတော့ အကောင်းဆုံး၊ အသင့်တော်ဆုံးသူတွေကို ခန့်အပ်ထားနိုင်ဖို့မျှော်လင့်ပါတယ်။ကျွန်မတို့အနေဖြင့် ယခုအစီအစဉ်ကိုဆက်လက်တိုးချဲ့ဆောင်ရွက်သွားပြီး မြန်မာနိုင်ငံရှိအကောင်းဆုံးလုပ်ငန်းကျွမ်းကျင်သူတွေကို ရှာဖွေတဲ့ အူရီဒူးရဲ့ကျွမ်းကျင်သူရှာဖွေရေးနည်းဗျူဟာရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် Masterclass အစီအစဉ်တွေကိုပိုပြီးတော့ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်"ဟုပြောကြားလိုက်သည်။

ကျော်ကျော်



# အူရီဒူးမှ 4G Pro ကွန်ရက်၏အရည်အသွေးဂ

နည်းပညာဦးဆောင်မှုနှင့် အဆင့်မြင့်ဆက်သွယ်ရေးဝန်ဆောင်မှုကို ပေးနေသည့်အူရီဒူးမြန်မာက ဆန်းသစ်သည့်ဝန်ဆောင်မှုဖြစ်သော 4G Pro ကွန်ရက်၏အရည်အသွေးကို ဇန်နဝါရီလ ၂၅ရက်ကမန္တလေးမြို့တွင် ပြသခဲ့ကြောင်းသိရသည်။




မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် ပထမဦးဆုံးအဆင့်မြင့်ကွန်ရက်ဖြစ်သည့် 4G Pro ကိုဝန်ဆောင်မှုပေးနိုင်ခြင်းမှာ အူရီဒူးမြန်မာနှင့် ZTE ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်ဝန်ဆောင်မှုပေးနိုင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမှမိုဘိုင်းဖုန်းသုံးစွဲသူများအတွက် အခွင့်အလမ်းများစွာကိုဝန်ဆောင်မှုပေးထားသော အဆင့်မြင့် 4G PrO နည်းပညာဖြင့်ဖန်တီးပေးနိုင်မည်ဟု အူရီဒူးမြန်မာမှမျှော်လင့်ထားကြောင်း ယခုအဆင့်မြင့်ထားသည့်ကွန်ရက်ကိုအသုံးပြုနိုင်သောမိုဘိုင်းဖုန်းများဈေးကွက်ထဲတွင် အဆင်သင့်ဖြစ်သည့်အခါ အူရီဒူးမြန်မာ၏ 4G Pro ကွန်ရက်၏စွမ်းဆောင်ရည်ကိုမိုဘိုင်းဖုန်းအသုံးပြုသူများ အဆင်သင့်အသုံးပြုနိုင်ရန်အတွက် အူရီဒူးမြန်မာမှ ZTE နှင့်ပူးပေါင်းပြီး၎င်း၏ 4G Pro ကွန်ရက်ဖြန့်ကြက်ထားမှုအဆင့်သင့်ဖြစ်ကြောင်းကို သရုပ်ပြလိုက်ခြင်းဖြစ်သည်။

4G Pro ကွန်ရက်သည် ယခုဝန်ဆောင်မှုပေးထားသော 4G Plus ကွန်ရက်ထက်ဒေတာအမြောက်အမြားပေးပို့ခြင်းရယူခြင်းကို ပိုမိုမြန်ဆန်ပြီးပိုမိုတည်ငြိမ်သောကွန်ရက်ဖြင့်ဝန်ဆောင်မှုပေးနိုင်စွမ်း ရှိပါသည်။ အသုံးပြုသူများအနေဖြင့် ပိုမိုမြန်ဆန်သော Downloadနှုန်းကိုအသုံးပြုနိုင်ခြင်း၊ HD ဗီဒီယိုများကို အွန်လိုင်းမှ တိုက်ရိုက်ကြည့်ရှုနိုင်ခြင်း၊ အွန်လိုင်းဂိမ်းများကစားနိုင်ခြင်းနှင့် တိကျပြတ်သားသောပုံရိပ်၊ ကြည်လင်ပြတ်သားသောအသံ၊ အံ့ဩဖွယ်ကောင်းလောက်သော အတွေ့အကြုံဖြစ်သော Online Virtual Reality(VR) စသည်တို့ကိုမိမိ၏အနီးအနားတွင် တွေ့မြင်ကြားသိရသည့်အတိုင်း အတွေ့အကြုံကောင်းများရရှိမည်ဖြစ်ကြောင်း 4G Pro ကွန်ရက်သည် ယခုလက်ရှိဝန်ဆောင်မှုပေးထားသော 4× 4 MIMO နည်းပညာကို Carrier Aggregation နည်းပညာဖြင့် ပေါင်းစပ်ထားသည့်အပြင် 256QAM နည်းပညာနှင့် Licensed Assisted Access(LAA) နည်းပညာတို့ဖြင့် ပေါင်းစပ်ဒီဇိုင်းဆွဲထားသဖြင့် ထူးခြားသည့်Download နှုန်းနှင့်ကွန်ရက်၏စွမ်းဆောင်ရည်ကိုသုံးစွဲသူများအတွက် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သော Mr.Vikram Sinha က "5G ကွန်ရက်ကို အပြည့်အဝန်ဆောင်မှုပေးနိုင်ရန်အတွက် ကျွန်တော်တို့ရဲ့ကြိုးစားဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ မြန်မာနိုင်ငံ၏ပထမဆုံး အဆင့်မြင့်ကွန်ရက်ဖြစ်တဲ့ အူရီဒူး 4G Pro ကိုမန္တလေးမြို့တွင်မိတ်ဆက်ပေးနိုင်ပြီဖြစ်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ ယနေ့အူရီဒူးမြန်မာ၏ 4G ကွန်ရက်သည်မြန်မာနိုင်ငံရှိ မြို့နယ်အားလုံး၏သုံးပုံနှစ်ပုံဖြစ်သည့် မြို့နယ်ပေါင်း ၂၀၀ကိုလွှမ်းခြုံထားနိုင်သည့်အတွက် မြန်မာနိုင်ငံမှာ လိုင်းအတည်ငြိမ်ဆုံးနှင့် အကျယ်ပြန့်ဆုံးကွန်ရက်ဖြစ်ပါတယ်။ ယခုအဆင့်မြှင့်ထားတဲ့ 4G Pro ကွန်ရက်အသစ်ဟာဆိုရင် မြန်မာနိုင်ငံကမိုဘိုင်းဖုန်းသုံးစွဲသူများအတွက် ဒေတာအတွေ့အကြုံကောင်းများပေးနိုင်မှာဖြစ်တဲ့အတွက်မိုဘိုင်းဖုန်းသုံးစွဲသူများအတွက် ဒေတာအတွေ့အကြုံကောင်းများ ပေးနိုင်မှာဖြစ်တဲ့အတွက်အင်တာနက်၏ စွမ်းအားကို ပျော်ရွှင်စွာခံစားအသုံးပြုနိုင်မှာဖြစ်ပါတယ်။"ဟုပြောကြားသည်။

ZTE Myanmar ၏ CEO ဖြစ်သူ Mr.Yan Xiao က ZTE Myanmar သည် အူရီဒူးမြန်မာ၏မဟာဗျူဟာပိုင်းနှင့်ပတ်သက်၍ အမြဲတမ်းမိတ်ဖက်ဖြစ်ပြီး မြန်မာနိုင်ငံဆက်သွယ်ရေးဈေးကွက်တွင် အူရီဒူးမြန်မာ၏ကွန်ရက်မှအကောင်းဆုံးသော ဝန်ဆောင်မှုကိုပေးအပ်နိုင်ရန်အတွက်အမြဲပံ့ပိုးကူညီပေးလျက်ရှိပါသည်။ အူရီဒူး၏

# တယ်လီနော၏ 4G/LT

မြန်မာနိုင်ငံတစ်ဝန်းတွင် တယ်လီနောသည် ဇန်နဝါရီလအတွင်း ကုမ္ပဏီ၏ 4G/LTE ကွန်ရက်အား နောက်ထပ်မြို့ကြီးများထံသို့ တိုးချဲ့ပေးလိုက်ပြီ ဖြစ်သည်။

"တယ်လီနောမြန်မာအနေနဲ့ အရည်အသွေးမြင့်မားတဲ့ 4G ကွန်ရက်ကိုစံပြုလောက်တဲ့ အချိန်အတွင်းမှာဖြန့်ကြက်ပေးနိုင်ခဲ့ပြီး အခုလိုကွန်ရက်တိုးချဲ့လွှမ်းခြုံနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ရဲ့ အကောင်းမွန်ဆုံး 4G ကွန်ရက်ဟာ လက်ရှိမှာမြန်မာနိုင်ငံတစ်ဝန်းက မြို့ကြီးမြို့နယ်ပေါင်း ၁၂၀ကျော်မှာ အသုံးပြုနိုင်နေပြီ ဖြစ်ပါတယ်။ ၂၀၁၈ခုနှစ်အတွက် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ နိုင်ငံတစ်ဝန်းက မြို့နယ်အားလုံးရဲ့၉၀ ရာခိုင်နှုန်းမှာရှိတဲ့ အသုံးပြုသူတွေအနေနဲ့စစ်မှန်တဲ့ 4G ကွန်ရက်အမြန်နှုန်းတွေကို အသုံးပြုနိုင်အောင် ဝန်ဆောင်မှုပေးအပ်နိုင်ဖို့ဖြစ်ပါတယ်" ဟုတယ်လီနော မြန်မာ၏ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ်ဖြစ်သူ Joslin Myrthong က ပြောကြားသည်။

လက်ရှိအချိန်တွင် မန္တလေးတိုင်းဒေသကြီးရှိ မိတ္ထီလာမြို့နှင့် ကျောက်ပန်းတောင်းမြို့၊ ကယားပြည်နယ်လွိုင်ကော်မြို့၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နှင့် ရခိုင်ပြည်နယ် သံတွဲမြို့များတွင် သာလွန်ကောင်းမွန်သောအင်တာနက် သုံးစွဲမှုအတွေ့အကြုံများအားခံစားရရှိနိုင်ပြီဖြစ်သည်။ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်နှင့်မြောင်းမြမြို့များတွင် 4G/LTE ဝန်ဆောင်မှုများအားတရားဝင် မိတ်ဆက်ပြီးစတင်အသုံးပြုနိုင်မည်ဖြစ်သည်။

တယ်လီနောသည် 4G လှိုင်းနှုန်းစဉ်အသုံးပြုမှုနှစ်ဆတိုးမြှင့်ရန်အတွက် ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် ၁၈၀၀ MHz လှိုင်းနှုန်းစဉ်၏ ၂× ၁၀ MHzကို ထပ်ဆောင်းရယူရန် အမေရိကန်ဒေါ်လာသန်း ၈၀ရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်သည်။ တယ်လီနောသည် ၁၈၀၀ MHz လှိုင်းနှုန်းစဉ်၏ထပ်ဆောင်းလှိုင်းနှုန်းစဉ်များ ရယူခွင့်ကိုရယူအသုံးပြုသည့် ပထမဆုံးဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့်ကုမ္ပဏီဖြစ်ပြီး အဆိုပါလုပ်ဆောင်ချက်သည်နိုင်ငံအတွက်သာမက ပြည်သူများနှင့်အသုံးပြုသူများအတွက်အလွန်အကျိုးရှိစေမည် ဖြစ်သည်။ မြို့တစ်မြို့စီအလိုက်ကွန်ရက်လွှမ်းခြုံမှုအနေဖြင့် ရန်ကုန်၊ မန္တလေး၊ သထုံနှင့် စစ်တွေတို့ကဲ့သို့ အလားတူမြို့ကြီး၊ မြို့လတ်များရှိလူဦးရေ အားလုံးနီးပါးကိုတယ်လီနော၏ 4G ကွန်ရက်ကလွှမ်းခြုံထားနိုင်ပြီး ဖြစ်သည်။



"တယ်လီနောအနေနဲ့ မြန်မာနိုင်ငံအတွင်းက အသုံးပြုသူတွေကို အကောင်းမွန်ဆုံးအင်တာနက် အသုံးပြုမှုအတွေ့အကြုံတွေ ပေးအပ်နေပြီး မြို့ကြီးတွေနဲ့လူဦးရေအထူထပ်ဆုံး မြို့တွေမှာလည်းကွန်ရက် ပိုမိုကောင်းမွန်လာစေဖို့ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်နေပါတယ်။ ဈေးကွက်အတွင်းမှာ အကောင်းမွန်ဆုံးဝန်ဆောင်မှုတွေကို

## ကို မန္တလေးမြို့တွင်ပြသ




4G Pro ကွန်ရက်ကို ပံ့ပိုးပေးနိုင်ရန်အတွက် ZTE မှ ရေဒီယိုထုတ်ကုန် အသစ်တစ်ခုဖြစ်သည့် "Qcell Plus" ကိုမန္တလေးတွင် လက်တွေ့အသုံးချ၍အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းသည် 4G Pro ၏အဓိကလုပ်ဆောင်ချက်များအဖြစ် LAA နှင့် 256QAM ကိုပံ့ပိုးပေးနိုင်ရန် အသင့်အနေအထားတွင်ရှိနေပါသည်။ ၎င်းထုတ်ကုန်များနှင့်လုပ်ဆောင်ချက်များကို လက်တွေ့အသုံးချ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အူရီဒူး၏ကွန်ရက်သည် 500+Mbps ပေးအပ်နိုင်ရန် အသင့်ရှိနေမည်ဖြစ်ပါသည်။ ဟုပြောကြားလိုက်သည်။

အူရီဒူးမြန်မာ၏ 4G Pro ကွန်ရက်ကိုနစ်ခြိုက်စွာအသုံးပြုနိုင်ရန် မိုဘိုင်းဖုန်းအသုံးပြုသူများသည် မိမိတို့ကိုင်ဆောင်သည့် ဟန်းဆက်များ၏ chip sets များသည်ကွန်ရက်နှင့် ချိတ်ဆက်ဖို့အသင့်ဖြစ်နေစေရန်လိုမည့်ဖြစ်ကြောင်း သုံးစွဲသူများအနေဖြင့်ဟန်းဆက်ကုမ္ပဏီများမှ 4G Pro လုပ်ဆောင်ချက်ကို ထည့်သွင်းပေးသည့်ပေါ်တွင်မူတည်ပြီး အူရီဒူး၏ 4G Pro ကွန်ရက်ကိုသုံးစွဲနိုင်မည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

# My Tel က မတ်လထက် နောက်မကျဘဲ ဝန်ဆောင်မှုပေးမည်

ဗီယက်နမ်အခြေစိုက် Viettel နှင့် ပြည်တွင်းကုမ္ပဏီ Myanmar National Telecom Holdings တို့ပူးပေါင်းပြီး စတုတ္ထမြောက် ဆက်သွယ်ရေးအော်ပရေတာ My Tel က မတ်လထက်နောက်မကျဘဲ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ပိုင်အရောင်းဆိုင်များ ဖွင့်လှစ်ရန်ပြင်ဆင်မှုများလုပ်နေပြီး မိုဘိုင်းလ်ဆက်သွယ်ရေးဝန်ဆောင်မှုကို မတ်လထက်နောက်မကျဘဲ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း Chief External Relation Officer ဦးဇော်မင်းဦးက ပြောသည်။

ပြည်တွင်းဆက်သွယ်ရေးဈေးကွက်တွင် ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT ၊အူရီဒူးနှင့်တယ်လီနောတို့က ဖုန်းခေါ်ဆိုခ၊ အင်တာနက်အသုံးပြုခနှုန်းများကို ယခင်နှုန်းထားများထက် အသီးသီးလျှော့ချလျက်ရှိကြောင်း My Tel ကို Viettel ကုမ္ပဏီနှင့် ပြည်တွင်းကုမ္ပဏီတို့က ပူးပေါင်းပြီး အမေရိကန်ဒေါ်လာနှစ်ဘီလီယံနီးပါးရင်းနှီးမြှုပ်နှံထားကြောင်း ပြည်တွင်းတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း My Tel ကိုပူးပေါင်းလုပ်ကိုင်သည့် ဗီယက်နမ်နိုင်ငံအခြေစိုက် Viettel ကုမ္ပဏီသည် အာဆီယံနိုင်ငံအချို့နှင့် နိုင်ငံပေါင်း ၁၀နိုင်ငံကျော်၌ ဆက်သွယ်ရေးဝန်ဆောင်မှုများလုပ်ဆောင်နေပြီး ကမ္ဘာ့ထိပ်တန်းတယ်လီကွန်းကုမ္ပဏီ ၃၀တွင် ပါဝင်ကြောင်း သိရသည်။

ကျော်ကျော်

# ရန်ကုန်မြို့တွင် ပိုမိုကောင်းမွန်သောခရီးသွားလာမှုအတွက် Uber နှင့် Ooredoo တို့ပူးပေါင်းဆောင်ရွက်မည်

Uber နှင့်ဆက်သွယ်ရေးအော်ပရေတာ အူရီဒူးမြန်မာလီမိတက် (OML) တို့သည်နားလည်မှုစာချွန်လွှာကို ဇန်နဝါရီ (၃၀)ရက်က လက်မှတ်ရေးထိုးလိုက်သည်။အဆိုပါစာချွန်လွှာသည် ရန်ကုန်မြို့အတွင်းအများပြည်သူများအနေဖြင့် လွယ်ကူစွာခရီးသွားလာနိုင်မှုတို့အတွက် မဟာဗျူဟာကျကျ ရေရှည်ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်းသိရသည်။

"ပူးပေါင်းဆောင်ရွက်ခြင်းကတော့ Uber အနေနဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတဲ့လုပ်ဆောင်ချက်တွေထဲကတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံဈေးကွက်ကိုစတင်ဝင်ရောက်စဉ်က ကျွန်မတို့အနေနဲ့ ရန်ကုန်အစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အခုလိုဈေးကွက်ကျယ်ပြန့်လာတဲ့အချိန်မှာလည်း အူရီဒူးမြန်မာနဲ့ပူးပေါင်းဆောင်ရွက်လိုက်ခြင်းပဲဖြစ်ပါသည်။ ရန်ကုန်မြို့အတွင်း ခရီးသွားလာမှုပုံစံနဲ့ အချင်းချင်းဆက်သွယ်တဲ့ပုံစံတွေကိုအတူတူလက်တွဲပြောင်းလဲသွားဖို့ ရည်ရွယ်ထားပါတယ်။ Uber နဲ့အူရီဒူးအကြားအခုလိုပူးပေါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံရဲ့ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲခြင်းအတွက် အရေးပါတဲ့ခြေလှမ်းတစ်ခုပဲဖြစ်ပါတယ်" ဟု Uber ၏ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့်မြန်မာနိုင်ငံဆိုင်ရာအထွေထွေမန်နေဂျာ Charity Safford က ပြောသည်။

Uber ၏လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသည့် အာရှဈေးကွက်များထဲတွင် မြန်မာနိုင်ငံသည်တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းရှိမြို့များ၊ ယာဉ်မောင်းများနှင့်ခရီးသည်များအတွက်ဝန်ဆောင်မှုများပေးရန်နှင့် ဒေသအတွင်းဆက်သွယ်ရေးဦးဆောင်သူနှင့်အတူ ဒေသခံပြည်သူများ၏နေရာမှရပ်တည်ပြီး ဝန်ဆောင်မှုမျာကိုပိုမိုကျယ်ပြန့်စွာ ပေးအပ်သွားရန်ဟူသည့် Uber၏လေးနက်မှုကိုပြသနေခြင်းဖြစ်သည်။

အူရီဒူးမြန်မာသည် Uber လက်တွဲဖော်ယာဉ်မောင်းများအနေဖြင့် ၎င်း၏နေ့စဉ်ဘဝတွင် မိုဘိုင်းဖုန်းအသုံးပြုခြင်းကြောင့် ကုန်ကျနေသည့်စရိတ်များကို လျှော့ချနိုင်ရန်အတွက် အထူးစီစဉ်ထားသည့်ပက်ကေ့ချ်အစီအစဉ်ကို မိတ်ဆက်လိုက်ပါသည်။ အဆိုပါပက်ကေ့ချ်တွင် အပိုဆုများအဖြစ် Uber လက်တွဲဖော်ယာဉ်မောင်းများအနေဖြင့် Uberအက်ပလီကေးရှင်းကို အခမဲ့အသုံးပြုနိုင်မည်ဖြစ်ပြီး ဒေတာအသုံးပြုခြင်း၊ စာတိုပေးပို့ခြင်းနှင့် ဖုန်းခေါ်ဆိုခြင်း ဝန်ဆောင်မှုများကိုလည်းအထူးဈေးနှုန်းများဖြင့်ရယူ အသုံးပြုနိုင်မည်ဖြစ်သည်။

အူရီဒူး၏အထူးအစဉ်နှင့် Uber သည်မြန်မာနိုင်ငံတွင် လက်တွဲယာဉ်မောင်းများအား အက်ပလီကေးရှင်းကိုအခမဲ့အသုံးပြုခွင့်ပေးသည့် ပထမဆုံးသောတက္ကစီဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်ပြီး လက်တွဲဖော်ယာဉ်မောင်းများအတွက် ကုန်ကျစရိတ်များလျှော့ချနိုင်ပြီး ဝင်ငွေမြင့်မားလာစေရန် ကူညီပေးလျက်ရှိပါကြောင်းသိရသည်။

ကျော်ကျော်

## TE ဝန်ဆောင်မှု မြို့ကြီး ၇ မြို့သို့တိုးချဲ့ပေးအပ်







ပေးအပ်နေတာကြောင့် အသုံးပြုသူတွေအနေနဲ့ သူတို့ရဲ့အကြိုက်နှစ်သက်ဆုံး အက်ပလီကေးရှင်းတွေ၊ အွန်လိုင်းက အကြောင်းအရာတွေကိုအဆင်ပြေ မြန်မြန်ဆန်ဆန် အသုံးပြုဖတ်ရှုနိုင်စေမှာ ဖြစ်ပါတယ်"ဟု Joslin ကပြောကြားသည်။

၂၀၁၇ ခုနှစ်တွင် တယ်လီနောမြန်မာသည်အာရှတစ်လွှား အမြန်ဆုံးကွန်ရက်များ စာရင်းတွင်ပါဝင်နေသည့်အပြင် မြန်မာနိုင်ငံတွင်လည်းအကောင်းမွန်ဆုံးနှင့် အတည်ငြိမ်ဆုံး ကွန်ရက်တစ်ခုဖြစ်ကြောင်းကမ္ဘာ့တစ်ဝှမ်းအင်တာနက်အသုံးပြုသူများကို အခြေပြု၍ မိုဘိုင်းကွန်ရက် အခြေအနေများကိုထုတ်ပြန်ပေးသည့်အကြီးမားဆုံး ကွန်ရက်စံနှုန်းပြစီမံကိန်းတစ်ခုဖြစ်သည့် Open Signal ၏ဆန်းစစ်မှုတစ်ခုက အတည်ပြုထားပါသည်။ ထို့အပြင် မကြာသေးမီကမြန်မာနိုင်ငံတစ်ဝန်းတွင် Open Signal မှပြုလုပ်ခဲ့သည့် ဆန်းစစ်မှုရလဒ်များကတယ်လီနော၏ 4G ကွန်ရက်သည်လည်းနိုင်ငံတစ်ဝန်းရှိအခြားသော ကွန်ရက်များနှင့်နှိုင်းယှဉ်ပါက အမြင့်မားဆုံးနှင့် အတည်ငြိမ်ဆုံးအမြန်နှုန်းအား ပေးအပ်လျက်ရှိသည့်အတွက် အကောင်းမွန်ဆုံးကွန်ရက်ဖြစ်ကြောင်း ယခုကဲ့သို့ နိုင်ငံတကာမှ ယုံကြည်စိတ်ချရသည့် ဂုဏ်သိက္ခာကြီးမားသောအဖွဲ့အစည်းထံမှ အသိအမှတ်ပြုမှုအားရရှိခဲ့သည့်အတွက် တယ်လီနော်အနေနှင့်အလွန် ဂုဏ်ယူမိပြီး ကုမ္ပဏီအနေနှင့် မြန်မာနိုင်ငံအတွင်းဖုန်းခေါ်ဆိုမှုနှင့် ဒေတာဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်လာစေရန်အတွက် ကွန်ရက်အားဆက်လက်အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်းလည်း Joslin ကထပ်ဆောင်ပြောကြားသည်။

ကျော်ကျော်

# ကျိုက်ခေါက်ဘုရားနှင့် မော်တင်စွန်းဘုရားပွဲတော်များတွင် တယ်လီနော၏ ဝန်ဆောင်မှုများပေးအပ် လျက်ရှိ

မြန်မာနိုင်ငံ၏ အစည်ကားဆုံးသော ဘုရားပွဲတော်များတွင် အပါအဝင်ဖြစ်သည့်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျိုက်ခေါက်ဘုရားပွဲတော်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မော်တင်စွန်းဘုရားပွဲတော်များအားလာရောက်လည်ပတ်ကြသည့် ဘုရားဖူး မိဘပြည်သူများအနေနှင့် တယ်လီနော၏ဈေးနှုန်း အသက်သာဆုံးသော ဖုန်းခေါ်ဆိုမှုနှင့် ဒေတာဝန်ဆောင်မှုများအား ရယူအသုံးပြုနိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

ပွဲတော်ကာလအတွင်း ဘုရားဖူး မိဘပြည်သူများအနေနှင့် အထစ်အငေါ့မရှိအကောင်းမွန်ဆုံးသော ဖုန်းခေါ်ဆိုမှုနှင့် ဒေတာဝန်ဆောင်မှုများအား အသုံးပြုနိုင်စေရန်အတွက်တယ်လီနောသည် ၎င်း၏ကွန်ရက်အရည်အသွေးအား အဆင့်မြှင့်တင်ထားပြီးဖြစ်ကြောင်းကျိုက်ခေါက်ဘုရားပွဲတော်အား ဇန်နဝါရီလ ၂၉ရက်နေ့မှ ဖေဖော်ဝါရီလ ၁ရက်နေ့အထိကျင်းပသွားမည်ဖြစ်ပြီးမော်တင်စွန်းဘုရားပွဲတော်အား ဖေဖော်ဝါရီလ ၁ရက်နေ့မှ မတ်လ ၁ရက်နေ့အထိကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း ဆင်းမ်ကတ်များရောင်းချပေးသွားမည့်အပြင် Facebook၊ Viber၊ Capture၊ My Telenor အစရှိသည့် App များအားထည့်သွင်းပေးသည့် ဝန်ဆောင်မှုနှင့် လူမှုကွန်ရက်အကောင့်များ ဖွင့်ပေးသည့်ဝန်ဆောင်မှုများအားလည်း အခမဲ့ပေးအပ်သွားမည်ဖြစ်သည်။ နာမည်ကြီး အနုပညာရှင်များဖြစ်သော ရဲအောင်၊ ရွှေထူး၊ ဇေယျ၊ ဖြိုးပြည့်စုံ၊ ချမ်းချမ်း၊ အိုင်းရစ်ဇင်မာမြင့်၊ လူရွှင်တော် ငြိမ်းချမ်းနှင့် အဖွဲ့တို့မှလည်းကျိုက်ခေါက်ဘုရားပွဲတော်တွင် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ပြီး မော်တင်စွန်း ဘုရားပွဲတော်တွင်လည်းအလားတူဖျော်ဖြေရေးအစီအစဉ်များအား ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်








# (၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ရန်ကုန်ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

မွန်တိုင်းရင်းသားလူမျိုးများ၏ (၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ (၁)ရက် ညနေ ၆နာရီခွဲကရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တာဝန်ရှိသူများ၊ မွန်တိုင်းရင်းသားအများအပြား တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ သဘာပတိနိုင်ရီသောင်းက အမှာစကားပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး (၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့(ရန်ကုန်)ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်က မိန့်ခွန်းပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သောသဝဏ်လွှာ ကိုရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမြိုးက ဖတ်ကြားရာတွင် တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲ၍ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးသည် နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်ဖြစ်ပါကြောင်း ဒီမိုကရေစီစနစ်ဟူသည် နိုင်ငံသူနိုင်ငံသားတစ်ဦးချင်းစီ၏ အခွင့်အရေးများတာဝန်များကို အသိအမှတ်ပြုပြီးဂုဏ်သိက္ခာကိုလည်းအပြန်အလှန်လေးစားရသော စနစ်ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်ဟုဆိုရာတွင်တိုင်းရင်းသားများ၏တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အာမခံသည့်၊ စစ်မှန်သော၊ခိုင်မာသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်လာရေးအတွက်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်တကွ ချိတ်ဆက်ထားသော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစု ပင်လုံညီလာခံကိုတွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာသည့် နိုင်ငံရေးနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း၊ ဤသို့သော အချိန်အခါတွင် မွန်ပြည်သစ်ပါတီခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ရပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCAတွင် မကြာမီ ပါဝင်လက်မှတ်ရေးထိုးကာ နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူလက်တွဲလျှောက်လှမ်းသွား မည့်ခိုင်မာသော ကတိကဝတ်ကို ထုတ်ပြန်ခဲ့ပါသည်။ မွန်တိုင်းရင်းသားများနှင့် ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည့် ငြိမ်းချမ်းရေးခြေတစ်လှမ်းဟု ဆိုနိုင်ပါကြောင်း ဖတ်ကြားပါသည်။ ထို့နောက်တိုင်း ရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်မှ ပေးပို့သော သဝဏ်လွှာကို မွန်အမျိုးသားနေ့(ရန်ကုန်) ကျင်းပရေးကော်မတီအတွင်းရေးမှူး မင်းရာဇာရဲထွဋ်က ဖတ်ကြားသည်။

မွန်အမျိုးသားနေ့ကို နှစ်စဉ်ကျင်းပခြင်းမှာ မွန်လူထုတစ်ရပ်လုံးမျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးနှင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်၊ မွန်စာပေ၊ ယဉ်ကျေးမှုအနုသုခုမ၊ ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်းသွားရန်နှင့် မျိုးဆက်သစ်များအားလက်ဆင့်ကမ်းသွားရန် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် တိုင်းရင်းသားများ အားလုံးနှင့်အတူ လက်တွဲဆောင်ရွက်သွားရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"မွန်အမျိုးသားနေ့ကို ကျင်းပလာတာ အခုဆို (၇၁)နှစ်ရှိပါပြီ၊ ဒီလိုခမ်းခမ်းနားနားလုပ်ခွင့်ရတယ်ဆိုတာ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုတွေလည်းပါတယ်၊ အခုဆိုရင်လည်းနိုင်ငံခေါင်းဆောင်တွေက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လုပ်ဆောင်နေချိန်ဆိုတော့ ကျွန်မတို့ မွန်တိုင်းရင်းသားတွေအနေနဲ့ နိုင်ငံတော်အပေါ်မှာ သစ္စာရှိတယ်၊ နိုင်ငံတော်နဲ့ပူးပေါင်း တာကို သက်သေပြတဲ့သဘောလည်း ပါတယ်။ ဒီလိုကျင်းပခြင်းကလည်း ကိုယ့်ရိုးရာဓလေ့စာပေတွေ မပျောက် အောင်နဲ့ မွန်တိုင်းရင်းသားတွေအားလုံး စည်းစည်းလုံးလုံးရှိစေတယ်"ဟု စာရေးဆရာမမိုးပန်းမွန်(ရာမည)ကပြောသည်။

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးဝင်ရောက်နေထိုင်ခဲ့သော သမိုင်းအစဉ် အလာကြီးမားသည့် တိုင်းရင်းသား လူမျိုးများ ဖြစ်သည်။ မွန်ညီနောင် နှစ်ပါးဖြစ်သော သာမလမင်းနှင့် ဝိမလမင်းတို့သည် လက်ရှိပဲခူးမြို့နေရာတွင် သာသနာသက္ကရာဇ် ၁၁၁၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်တွင်ဟံသာဝတီမင်း နေပြည်တော်ကြီးအဖြစ်စတင် ထူထောင်ခဲ့ကြသည်။ ယင်းနေ့ရက်တပို့တွဲလပြည့်ကျော် ၁ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် ၁၉၄၈ ခုနှစ်မှစတင်ကာအခမ်းအနားများကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယခုနှစ် တွင်(၇၁)ကြိမ်မြောက်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

တင်မောင်-ပို့/ဆက်



# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် သမားရိုးကျ စစ်ပွဲများဆင်နွှဲနိုင်သည့် စွမ်းရည်မြင့်မားလာစေရန် တပ်မတော် (ကြည်း၊ရေ၊လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်း(ဆင်ဖြူရှင်)ပြုလုပ်

















နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ရည်မှန်း၍သမားရိုးကျစစ်ပွဲများဆင်နွှဲနိုင်သည့်စွမ်းရည်မြင့်မားလာစေရန်အတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်တွင်လေ့ကျင့်ဆောင်ရွက်လျက်ရှိ သည့် တပ်မတော်(ကြည်း၊ရေ၊လေ)ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်း(ဆင်ဖြူရှင်) လေ့ကျင့်ဆောင်ရွက်နေမှုများကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လေ့ကျင့်ခန်းသို့ တပ်မတော်ကာကွယ်ရေးဦး စီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ် ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ် ချုပ်ကြီးမောင်မောင်ကျော်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ် ဌာနချုပ်တိုင်းမှူး၊တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး တပ်ဖွဲ့များမှ တပ်မတော်သားများ၊ ပြည်တွင်းသတင်းမီဒီယာများမှသတင်းထောက်များ တက်ရောက်ကြသည်။ အဆိုပါ လေ့ကျင့်မှုအား ဖေဖော်ဝါရီလ ၂ရက်မှ ၃ ရက်အထိပြုလုပ်ခဲ့သည်။









ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချ မှတ်ထားသော မူဝါဒရည်မှန်းချက်နှင့်အညီ ရေယာဉ်တည်ဆောက်ရေးနှင့်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အကြောင်းအရာအချို့ကို ပြည်သူများသိရှိစေရန်အတွက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့်တွေ့ဆုံမေးမြန်း ဖော်ပြပေးလိုက်ပါသည်။





**ဦးခင်ဇော်**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့သင်္ဘောကျင်းလုပ်ငန်း**

**မေး။ ဆရာတို့နဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းရဲ့ လတ်တလောဆောင်ရွက်နေမှု အခြေအနေကို မိတ်ဆက်ပေးပါဦးဆရာ။**

ဖြေ။ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ၁၉၇၀ခုနှစ်က စတင်ပြီး သင်္ဘောကျင်းတစ်ခုအနေနဲ့ စတင်ဖွဲ့စည်းထူထောင်ခဲ့တဲ့ အဖွဲ့အစည်းတစ်ခုပါ။ ၁၉၇၆ခုနှစ်က စတင်ပြီး စီးပွားရေးဆန်ဆန် စတင်ဆောင်ရွက်ခဲ့ပါတယ်။အဓိက စီးပွားရေးလုပ်ငန်းအဖြစ် ရေယာဉ်တည်ဆောက်ရေးနဲ့ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းတွေကို ပြည်တွင်း၊ ပြည်ပရေယာဉ်များကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ဆရာတို့ရဲ့ ရေယာဉ်တည်ဆောက်ပေးနေတဲ့ သင်္ဘောကျင်းရဲ့လုပ်ငန်းဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေတွေနဲ့ လက်ရှိအချိန်အထိ ရေယာဉ်တွေတည်ဆောက်ပေးနိုင်မှု၊ ပြင်ဆင်ပေးနိုင်မှုအခြေအနေတွေကိုလည်း သိချင်ပါတယ်ရှင့်။**

ဖြေ။ ကျွန်တော်တို့လုပ်ငန်းက ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်ကနေ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကနေ ကုန်ကြမ်းပစ္စည်းအတွက် သုံးစွဲမည့်ငွေရဲ့ ၂၂ရာခိုင်နှုန်းသာ ရရှိခဲ့ပါတယ်။ ကျန်ငွေကို မိမိလုပ်ငန်းဆောင်ရွက်တဲ့ငွေမှ ကျခံသုံးစွဲမှုအစပြုပြီး ကိုယ်ပိုင်ရပ်တည်မှုဖြင့် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နေတာပါ။ ဒီမှာ မူလကလျှောလမ်းသုံး လွှန်းကျင်းသာရှိခဲ့ပြီးတန်ချိန် ၂၀၀၀အထိသာ ရေယာဉ်များတည်ဆောက်ပြင်ဆင်နိုင်ရာကနေ ၂၀၀၅ခုနှစ်မှာတန်ချိန် ၁၂၀၀၀ရေလုံသင်္ဘောကျင်း တည်ဆောက်ပြီးစီးခဲ့ပြီး အဲဒီအချိန်ကစပြီး ရန်ကုန်မြစ်အတွင်း ဝင်ရောက်နိုင်တဲ့ရေယာဉ်ကြီးများအား လွှန်းတင်ပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။ ၁၉၇၀ခုနှစ်ကနေ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိဆိုရင်ရေယာဉ်အသစ် ၅၂၈စီး တည်ဆောက်ပေးခဲ့ပြီးရေယာဉ် ၁၅၈၃စီးပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အစကနေ ဒီဇင်ဘာအထိဆိုရင် ရေယာဉ်၁၄ စီး လွှန်းတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက လုပ်ငန်းအပ်နှံသော 400 Ton Working Barge ၃စီးတို့ကိုလည်းတည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ဆရာတို့ရဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းကို စီးပွားရေးဆန်ဆန် ဖော်ပိုရေးရှင်းအသွင်ပြောင်းဖို့အတွက် ဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်အရ ဗီယက်နမ်နိုင်ငံ Dong A Shipbuilding Industry JSC နဲ့အကျိုးတူပူးပေါင်း၍ Myanma Shipyards-Dong A Joint Venture Company Limited ထူထောင်ရေး သဘောတူစာချုပ်ကို ၃၁.၁.၂၀၁၅ရက်နေ့မှာ ချုပ်ဆိုခဲ့ပြီး ၁.၁၀.၂၀၁၅ရက်နေ့စပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ Steel Structure ထုတ်လုပ်ရေးလုပ်ငန်းများပါ တိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက် ဗီယက်နမ်နိုင်ငံ AMECC Mechanical Shipyards-AMECC Joint Venture Company Limited လို့ ၂၀၁၇ခုနှစ် စက်တင်ဘာလကစပြီး အမည်ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ကျန်ရှိတဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းကိုလည်း စီးပွားရေးဆန်ဆန်နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေပြင်ပမှ ရပ်တည်သည့်အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ဆက်လက်ရပ်တည်ပြီးကော်ပိုရေးရှင်း ဥပဒေထွက်လာတဲ့အခါ ကော်ပိုရေးရှင်းအသွင် ပြောင်းလဲဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာ။ ဆရာတို့ရဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနဲ့ပတ်သက်ပြီး ထပ်ဆောင်းပြောလိုတာများရှိရင်လည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ ကျွန်တော်တို့ရဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချမှတ်ထားတဲ့ မူဝါဒရည်မှန်းချက်တွေနဲ့အညီ ရေယာဉ်တည်ဆောက်ရေးနဲ့ ပြင်ဆင်ရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ Classfication အဖွဲ့အစည်းများရဲ့ စစ်ဆေးမှုတွေကို ခံယူပြီးဆောင်ရွက်နေတဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေပြင်ပက မိမိဘာသာရပ်တည်ဆောက်ရွက်နေပြီး လျာထားချက်ရှေ့လုပ်ငန်းစဉ်နဲ့ ရည်မှန်းချက်အတိုင်း အောင်မြင်အောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

ဟုတ်ကဲ့။ အခုလိုမျိုး ဆရာတို့ရဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနဲ့ပတ်သက်ပြီး ပြည့်စုံစွာရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။

သတင်းအဖွဲ့

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုး၏ ပြည်သူ့လွှတ်တော် အမေး / အဖြေ



**မင်းဘူး (စကု) မြို့နယ်အတွင်း သိမ်းဆည်းမြေများနှင့် ပတ်သက်၍ လျော်ကြေးပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်။**

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ မင်းဘူး (စကု)မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သော ပခုက္ကူ- ကြံခင်းရထားလမ်းအပိုင်းနှင့် မင်းဘူးမှအမ်းသို့ဖောက်လုပ်မည်ဟုဆိုကာ မြေပေါင်များဖို့ထား၍ နစ်နာခဲ့သောတောင်သူများအား မည်သည့်အချိန်တွင် မည်သည့်နှုန်းထားများဖြင့် တွက်ချက်၍ပေးလျော်သွားမည်ကို သိလိုကြောင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မကွေးတိုင်းဒေသကြီးမင်းဘူး (စကု)မြို့နယ်အတွင်းပါဝင်သွားသော သိမ်းဆည်းမြေ ၂၂၉၂.၁၆ဧကအတွက် လျော်ကြေးငွေ ၃၂၄၀.၂၅သန်းကို ကာယကံရှင်များထံပေးချေပြီးဖြစ်ပါကြောင်း၊ ပေးချေလျက်ရှိရာတွင် မင်းဘူး (စကု)မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၅) အုပ်စုအတွက် မြေယာလျော် ကြေးပေးချေရန် ကျန်ရှိနေပြီး ၄င်းကျေးရွာများအတွက် လျော်ကြေးငွေများကို မကွေးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် နီးစပ်ရာဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ပေး လျော်သွားမည်ဖြစ်ပါကြောင်း၊

မင်းဘူး- အမ်းရထားလမ်းဖောက်လုပ်ရာတွင် မင်းဘူး (စကု)မြို့နယ် ကျေးရွာအုပ်စု (၅)စုအတွင်း ပါဝင်သွားသောမြေများကို တိုင်းတာစိစစ်ပြီးဖြစ်၍ မင်းဘူးမြို့နယ်၊ ကန်ရေကျေးရွာအုပ်စုရှိ မြေ ၃၁.၆၆ဧကအတွက် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်အရ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် လျော်ကြေးငွေကျပ် ၇၂.၉၃၃သန်း ပေးချေပြီးဖြစ်ပါကြောင်း လျော်ကြေးပေးချေရန် ကျန်ရှိသော ကျေးရွာအုပ်စု (၄)စုအားမြေတိုင်းတာစိစစ်ပြီးဖြစ်၍ သိမ်းဆည်းမြေများအတွက် လျော်ကြေးတန်ဖိုးကို မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နီးစပ်ရာဘဏ္ဍာ နှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော်သွားမည် ဖြစ်ပါကြောင်း၊

သိမ်းဆည်းမြေများနှင့် ပတ်သက်၍ တောင်သူတစ်ဦးချင်းစီ၏ သိမ်းဆည်းမြေဧကကို မြေအမျိုးအစားအလိုက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စိစစ်အတည်ပြုပြီး မြေလျော်ကြေး၊ နစ်နာကြေး (၁)ဧက ဈေးနှုန်းဖြင့် တွက်ချက်မှုပုံစံ (၁၂)ကို မြို့နယ်မှ တွက်ချက်အတည်ပြု၍ ၄င်း မှတစ်ဆင့် သက်ဆိုင်ရာခရိုင်နှင့်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏အတည်ပြုချက်ရရှိရေးအတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ရပြီး လျော်ကြေးတန်ဖိုးအတည်ပြုချက်ရရှိမှသာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နီးစပ်ရာဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံသွားမည် ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း ဆက်သွယ်ရေးကောင်းမွန်စေရန်၊ ရေသယံဇာတဆုံးရှုံးနေမှုများကို ကာကွယ်ရန်နှင့်ဒေသတွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် (GSM) ဖုန်းဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ်ရှိမရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကျွန်းစုမြို့နယ်အတွင်းကျေးရွာခုနစ်ရွာတို့တွင် GSM စခန်းတစ်ခုစီနှင့် ပထော်ကျွန်းတွင် GSM စခန်းနှစ်ခု၊ စုစုပေါင်း GSM စခန်း ကိုးခုကို ဖွင့်လှစ်ထားရှိပါကြောင်း၊ GSM စခန်းများကို ကတန်ကျွန်းတွင်တစ်ခု၊ ကမော်ကျွန်းတွင် နှစ်ခုနှင့် ပန်းခေါင်းကျွန်းတွင်တစ်ခု စုစုပေါင်းလေးခုကို ထပ်မံတိုးချဲ့ တည်ဆောက်လျက်ရှိရာ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလကုန်ခန့်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ တယ်လီနောမြန်မာလီမီတက်အနေဖြင့် ကျွန်းစုမြို့နယ်အတွင်း ရှိပြင်ကြီးကျေးရွာ အမှတ် ၃ရပ်ကွက်နှင့် ပထက်ကျေးရွာတွင် GSMစခန်းတစ်ခုစီ တည်ဆောက်ထားရှိပါကြောင်း၊ အော်ရီဒူးမြန်မာလီမီတက်အနေဖြင့်အမှတ် ၂ရပ်ကွက် သဃ်နီးရောင်ကျေးရွာနှင့် ပထက်ကျေးရွာတို့တွင် GSMစခန်းတစ်ခုစီတို့ကို တည်ဆောက်ထားပြီး၊ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုဘိုင်းစခန်းများတည်ဆောက်ရာတွင် လိုအပ်မည့်ရင်းနှီးမြှုပ်နှံမှု ဆက်စပ်နေသည့် မိုက်ခရိုဝေ့ဗ်၊ ဖိုက်ဘာ၊ ဂြိုဟ်တုစသည့် ပထဝီအသွင်အပြင်နှင့် မြေပြင်အနေအထားရာသီဥတုအခြေအနေတို့အပြင် လူဦးရေသိပ်သည်းဆကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါကြောင်း၊ ကျွန်းစုမြို့နယ်ကျေးရွာအုပ်စု ကိုးခုတို့တွင်မိုဘိုင်းဆက်သွယ်ရေးစခန်းများကို လောလောဆယ်တည်ဆောက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆက်သွယ်ရေး အော်ပရေတာများမှထည့်ဝင်ငွေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေး ဖွံ့ဖြိုးမှု နောက်ကျနေသည့်နယ်မြေဒေသများတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးချဲ့တည်ဆောက်သွားနိုင်ရေးအတွက် Universal Service Fundဟုခေါ်သည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆိုင်ရာ ရန်ပုံငွေကိုတည်ထောင်ရန်စီမံလျက်ရှိကြောင်းနှင့် အဆိုပါရန်ပုံငွေတည်ထောင်ပြီးပါက သတ်မှတ်ချက်များနှင့်အညီ ကျေးရွာအုပ်စုများကဲ့သို့ ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှုမရှိသေးသည့် နေရာဒေသများသို့ ဦးစားပေးအဆင့်အလိုက်ဆက်သွယ်မှုရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

တင်မောင် - ပို့/ဆက်

# ရန်ကုန်မြို့ပတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း ကြည့်ရှုစစ်ဆေး











ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတိုင်းအမှတ်(၇)ရန်ကုန်၊ နယ်မြေအတွင်းမြို့ပတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းသည် ဇန်နဝါရီလ ၂ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အတူ ဦးထွန်းအောင်သင်း(အထွေထွေမန်နေဂျာ၊ အောက်မြန်မာပြည်)၊ ဦးစိုးမိုးအောင်(လက်ထောက် အထွေထွေမန်နေဂျာ၊ တိုင်းတာဝန်ခံ)၊ ဦးတင်မြင့်(လက်ထောက်အထွေထွေမန်နေဂျာ၊ မြို့ပြ)၊ ဦးဇော်လွင်(မန်နေဂျာ၊ သွားလာရေး၊ တိုင်း(၇) )၊ အင်ဂျင်နီယာမှူးများ၊ လမ်းပိုင်းတာဝန်ခံများ၊ စီမံကိန်းတာဝန်ရှိများလိုက်ပါပြီး မြို့ပတ်ရထားလမ်းပိုင်းအတွင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ကြည့်မြင်တိုင်ဘူတာရာချောက်အား မြေထိန်းနံရံများပြုပြင်ဆောင်ရွက်မှုအခြေအနေ၊ သမိုင်းဘူတာပျံကျဈေးတည်ဆောက်ပြီးစီးမှုအခြေအနေ၊ မြို့ပတ်လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်မှုမြေပြင်အခြေအနေများ ကိုလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ကျော်ကျော်
ရန်ကင်းမောင်

# ရေအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် ပြည်သူများ၏ လိုအပ်ချက်နှင့် ပြည်သူတို့၏အသံကိုပါ နားထောင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်း အစည်းအဝေး (၁/၂၀၁၈)ကိုနံနက် ၉နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာအမျိုးသား အဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီးဦးကျော်မျိုးနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ကော်မတီအတွင်းရေးမှူး၊ ကော်မတီအကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့်အမျိုးသား အဆင့်ရေအရင်းအမြစ်ကော်မတီ၏ (၁/၂၀၁၈)ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကို ရေနှင့်ဆက်နွယ်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့တွင် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အခက်အခဲများရှိပါက ထိရောက်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးနိုင်ရန် ကျင်းပခြင်းဖြစ်ပါကြောင်း။

ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးများ၏ ညှိနှိုင်းဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အများစုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကျန်ရှိနေသေးသည့်လုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။



ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် လုပ်ငန်းများကို မိမိတို့လုပ်ငန်းလျာထားချက်များ၊ စီမံကိန်းများနှင့်ညှိနှိုင်း၍ တတ်စွမ်းသမျှကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ၂၀၁၇ခုနှစ်တွင် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊ ညီလာခံတွင် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့ပြီးအခမ်းအနားရလဒ်အဖြစ် ရန်ကုန်ကြေငြာစာတမ်း (Yangon Declaration) ကိုထုတ်ပြန်ကြေငြာနိုင်ခဲ့ပါကြောင်း၊ တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကို မြန်မာနိုင်ငံတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းမှာ မိမိတို့အားလုံး အတွက် ဂုဏ်ယူဖွယ်သမိုင်းမှတ်တမ်းတစ်ခုအဖြစ်ကျန်ရှိနေမည်ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် မိမိတို့နိုင်ငံ၏ ရေကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရာတွင် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံတွင် ထုတ်ပြန်ခဲ့သည့် ရန်ကုန်ကြေငြာစာတမ်းပါအချက်များနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာရေသယံဇာတ ဆယ်စုနှစ် (၂၀၁၈-၂၀၂၈)ကိုအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ထည့်သွင်းစဉ်းစားဆောင် ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လှုပ်ရှားမှုတစ်ရပ်အနေဖြင့် နှစ်စဉ်မတ်လ (၂၂)ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရေနေ့ (World Water Day)အထိမ်းအမှတ်အခမ်းအနားများ ကြီးမှူးကျင်းပလျက်ရှိရာ ၂၀၁၈ခုနှစ်အတွက် ကမ္ဘာ့ရေနေ့ ၂၀၁၈ (World Water Day 2018) အထိမ်းအမှတ် Seminar ဟောပြောဆွေးနွေးပွဲနှင့် ပြပွဲအခမ်းအနားများကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါ

စာ- ၂၀ »

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဒုဝန်ကြီးဦးကျော်မျိုး၊ ဦးသာဦးတို့နှင့် စင်္ကာပူသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးတွေ့ဆုံ



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သည့် ဦးကျော်မျိုးနှင့် ဦးသာဦးတို့အား ဇန်နဝါရီ ၃၁ရက်နေ့က မြန်မာနိုင်ငံဆိုင်ရာ စင်္ကာပူသမ္မတနိုင်ငံသံအမတ်ကြီး Ms.Venessa Chan Yuen Ying သည် ရုံးအမှတ် (၅)နေပြည်တော်ရှိပြည်ထောင်စုဝန်ကြီးရုံး၏ ဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆိုင်ရာအကျိုးတူကိစ္စရပ်များဖြစ်သည့် ရေကြောင်းဆိုင်ရာကိစ္စရပ်များ၊ ရထားလမ်းများ အဆင့်မြှင့်တင်ရေးကိစ္စရပ်များနှင့် ဆိုက်ဘာလုံခြုံရေးကိစ္စရပ်များအား နှစ်နိုင်ငံအကျိုးပူးပေါင်း ဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ကြကြောင်းသိရသည်။

လှမျိုး- ဆ-သ-ရ

# e- Government Integrated Date Center (e-GIDC)

## တည်ဆောက်ခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် e-Government လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ရေးအတွက် e-Government Integrated Data Center (e-GIDC) တည်ဆောက်ခြင်းစီမံကိန်းအား ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းဆိုင်ရာအချက်အလက်များအား ရှင်းလင်းဆွေးနွေးသွားရန် အကြံပြုချက်များရယူသွားနိုင်ရန် ရည်ရွယ်၍ e-Government Integrated Data Center (e-GIDC) တည်ဆောက်ခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲအား ဇန်နဝါရီ (၃၁)ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ဗဟိုရုံးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ CIO များတက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသာဦး တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက်ကိုရီးယားသမ္မတနိုင်ငံ၊ Moon Engineering Comsortium ၏ Executive Directorမှ နှုတ်ခွန်းဆက်စကားပြောကြား၍ ဒေါ်နွယ်နီစိုးရင်၊ ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ စီမံကိန်းဆိုင်ရာအချက်အလက်များအား မိတ်ဆက်ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက်ကိုရီးယားသမ္မတနိုင်ငံ၊ Moon Engineering Consortium နှင့် Samoo Atchitects မှ ကျွမ်းကျင်ပညာရှင်များသည် စီမံကိန်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ Feasibility Study Result များ၊ eGIDC တည်ဆောက်သွားမည့်ပုံစံ၊ ဒီဇိုင်းနှင့် နည်းပညာများ၊





ICT အခြေခံအဆောက်အဦးများအား မျှဝေအသုံးပြုသွားမည့်နည်းလမ်းများနှင့် နိုင်ငံတကာတွင် GIDCတည်ဆောက်အသုံးပြုလျက်ရှိသောအတွေ့အကြုံကောင်းများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဦးစိုင်းစောလင်းထွန်း၊ ဒေတ္တာညွှန်ကြားရေးမှူးချုပ်၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ နိဂုံးချုပ်အမှာစကားပြောကြား၍ အလုပ်ရုံဆွေးနွေးပွဲအား နေ့လည် ၁၂နာရီခွဲအချိန်တွင် ရုပ်သိမ်းခဲ့သည်။

ဆိုက်ဘာ

# Mann Yadanarpon Airlines ၏ ကောင်းမွန်ပြည့်ဝသော ဝန်ဆောင်မှုများ












လက်ဆွဲအိတ်မျိုးစုံနှင့် အသားအရောင်မျိုးစုံသော ခရီးသည်တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်အကြောင်းအရာကိုယ်စီဖြင့် ခရီးသွားရန်ရောက်ရှိလို့နေကြသည်။ ထိုသို့များပြားလှသည့် ခရီးသည်များတွင် MannYadanarpon Airlines ကိုအသုံးပြုစီးနင်းကြမည့် ခရီးသည်များလည်းပါဝင်နေသည်။

ထိုစဉ် Mann Yadanarpon Airlines ဖြင့် ရန်ကုန်မှဟဲဟိုးသို့လိုက်ပါကြမည့် ခရီးသည်များကိုကြေငြာသည်နှင့် အဆိုပါလေကြောင်းလိုင်းဖြင့်လိုက်ပါကြမည့် ခရီးသည်များကို လေဆိပ်အဆောက်အဦးနှင့် လေယာဉ်အကြားကားဖြင့်ပို့ပေးသည်။ ထို့နောက်မန်းရတနာပုံလေယာဉ်ပေါ် အရောက်တွင် ဦးစွာကြိုနှင့်သည်မှာ လေယာဉ်မောင်လေယာဉ်မယ်တို့၏ အပြုံးနှင့် "မင်္ဂလာပါ" ဆိုသည့် ချိုသာသည့် နှုတ်ခွန်းဆက်စကားနှင့် ကမ်းပေးလိုက်သည့် မန်းရတနာပုံအမှတ်တံဆိပ်ပါ စနီးတာဝါကိုလက်ခံရရှိမည်ဖြစ်သည်။

ထို့နောက်တွင် မန်းရတနာပုံမှ လေယာဉ်မယ်လေးများမှ မိမိစီးနင်းလိုက်ပါရမည့်ထိုင်ခုံကို လမ်းပြပို့ဆောင်ပေးပါသည်။ ထိုင်ခုံတွင်နေသားကျထိုင်ပြီး မကြာမီတွင် ရန်ကုန်မှ ဟဲဟိုးသို့ လေယာဉ်စတင်ထွက်ခွာနေပြီလည်းဖြစ်သည်။ ဤတွင် မန်းရတနာပုံလေယာဉ်စီးနင်းကြသူများအတွက် Safetyဆိုင်ရာများကို လေယာဉ်မယ်လေးမှ လုပ်ဆောင်ပြပြီး ထိုင်ခုံခါးပတ်ပတ်ရန် အခက်အခဲရှိသူများကိုလည်း ကိုယ်တိုင်ပါဝင်ကူညီပေးပါသည်။

မန်းရတနာပုံဟူသည် International Air Transport Associatoin (IATA)၏ Operational Safety Audit (IOSA) ပရိုဂရမ်အရ တရားဝင်လက်မှတ်ရရှိထားသည့် ပထမဆုံးပြည်တွင်း လေကြောင်းလိုင်းဖြစ်သည်။

"ကျွန်တော်တို့ရဲ့ မန်းရတနာပုံမှာဘေးကင်းမှုနဲ့ ဝန်ဆောင်မှုက အမြဲတမ်းဦးစားပေးပါပဲ။ IOSAမှတ်ပုံတင်ရရှိတာကတော့ မြန်မာပြည်မှာခရီးသွားတွေ ရွေးချယ်တဲ့ လေကြောင်းလိုင်းတစ်ခုဖြစ်ဖို့ ကျွန်တော်တို့ရဲ့ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရေးမှာ အရေးပါတဲ့ခြေလှမ်းတစ်လှမ်းပဲဖြစ်ပါတယ်" ဟုမန်းရတနာပုံဥက္ကဋ္ဌဖြစ်သူ ဦးသန်းဦးကမိမိတို့လေကြောင်းလိုင်း၏ လုပ်ဆောင်မှုများနှင့် ရည်မှန်းချက်ကိုပြောပြပါသည်။

IOSA လက်မှတ်သည် လေကြောင်းလိုင်းတစ်ခု၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုစနစ်များကို အကဲဖြတ်ရန်အတွက် စီမံဖန်တီးထားခြင်းသည်။ ဤပရိုဂရမ်သည် လေကြောင်းလိုင်းများ၏ ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအတွက် စံတစ်ခုလည်းဖြစ်သည်။ IOSA မှတ်ပုံတင်သည် လေကြောင်းလိုင်းတစ်လိုင်းအနေဖြင့် အတင်းကျပ်ဆုံးသော ဘေးကင်းလုံခြုံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက် ထားသည်ကိုခရီးသည်များကိုညွှန်ပြပေးနေမည်ဖြစ်သည်။

အဆိုပါစံနှုန်းများနှင့် တိုင်းတာပြီးမှရရှိထားသည့် မန်းရတနာပုံလေကြောင်းလိုင်းကို ခရီးသွားများကလည်း နှစ်သက်စွာအားပေးရွေးချယ်ကြသည်။ မှတ်ချက်ကောင်းများနှင့်ထောက်ခံကြသည်။

မန်းရတနာပုံလေကြောင်းလိုင်းကိုစီး၍ ရန်ကုန်မှ ဟဲဟိုးသို့လိုက်ပါလာသည့် ဒေါက်တာနန်းလှအေးစောက "ရန်ကုန်ကနေဟဲဟိုးကိုသွားမှာပါ။ ရန်ကုန်ကသမီးတွေကိုလာတွေ့ရင်းနဲ့ပြန်မှာပါ။ ဆေးခန်းကတော့တောင်ကြီးမှာထိုင်တာပါ။ မန်းရတနာပုံကမကြာမကြာစီးဖြစ်ပါတယ်။ အကုန်အဆင်ပြေပါတယ်။ အများအားဖြင့်တော့ ဒီလေကြောင်းလိုင်းကိုရွေးချယ်ပါတယ်" ဟုဆိုပါသည်။ မန်းရတနာပုံနှင့်လိုက်ပါလာသည့် ခရီးသည် မအေးအေးမွေးကလည်း "အစ်မကရန်ကုန်ကနေဟဲဟိုးသွားမှာပါ။ ဒီမန်းရတနာပုံက ဝန်ဆောင်မှုကောင်းတယ်။ ကြိုက်တယ်။ မန်းရတနာပုံကတော့ အမြဲအောင်မြင်နေတာပဲလေ။ မန်းရတနာပုံကိုစီးတာဒါနဲ့ဆို ၇ ကြိမ်မြောက်ရှိသွားပါပြီ။ စီးတိုင်းလည်း အမြဲစိတ်ချမ်းသာရပါတယ်။ ပြောချင်တာကတော့ အမြဲတမ်းလည်းစီးနေမှာပါ။ ခိုင်မြဲနေပါစေလို့လည်းဆုတောင်းပါတယ်" ဟုသူမစီးနင်းလိုက်ပါလာသည့် မန်းရတနာပုံလေကြောင်းလိုင်းအပေါ်မှတ်ချက်ပြုပါသည်။

မန်းရတနာပုံဖြင့် ရန်ကုန်မှ ဟဲဟိုးသို့သွားရောက်မည့် ဒေါက်တာကြူကြူလွင်ကတော့ "အန်တီကရန်ကုန်ကနေဟဲဟိုးကို ပြန်မှာပါ။ ရန်ကုန်အသွားတုန်းကလည်း မန်းရတနာပုံကိုပဲစီးပါတယ်။ အခုအပြန်လည်းဒီလေယာဉ်လိုင်းကိုပဲစီးပါတယ်။ သွားဖြစ်တဲ့အခါတိုင်းလည်း ဒီလေကြောင်းလိုင်းကိုပဲစီးပါတယ်။ အဆင်ပြေတယ်။ ဝန်ဆောင်မှုလေးတွေလည်း ကောင်းပါတယ်။ အဆင်ပြေတယ်။ ကျေနပ်တယ်။ ဝန်ထမ်းတွေကလည်းနွေးထွေးပါတယ်" ဟု မန်းရတနာပုံအပေါ် ကျေနပ်စွာပင် မှတ်ချက်ပြုပါသည်။

ခရီးသည်ဦးမြတ်ထွေးကတော့ "အလုပ်ကတော့ စီးပွားရေးလုပ်တာဆိုတော့ စီးပွားရေးကိစ္စနဲ့ရန်ကုန်သွားခဲ့တာပါ။ မန်းရတနာပုံကကောင်းပါတယ်။ အကြံပြုချင်တာမရှိပါဘူး" ဟု မှတ်ချက်ပြုပါသည်။

ထိုသို့သော မှတ်ချက်ကောင်းများပျံ့လွှင့်နေသည့် မန်းရတနာပုံလေကြောင်းလိုင်းသည် ရန်ကုန် - ဟဲဟိုးခရီးစဉ်တွင်လိုက်ပါ လာသည့်ခရီးသည်များအတွက် နေ့စဉ်ထုတ်သတင်းစာများ အပတ်စဉ်ထုတ်စာစောင်များကို ဖတ်ရှုနိုင်ရန် လိုက်လံပေးပါသည်။ ထို့နောက်တွင်လေယာဉ်မယ်လေးများက အချိုရည်များကို ပထမတစ်ကြိမ်လိုက်လံဧည့်ဝတ်ပြုပြီး ထပ်မံလိုအပ်သူများရှိပါက အဆင်ပြေစေရန်ပင် နောက်တစ်ကြိမ်လိုက်လံဖြည့်ဆည်းပေးနေကြသည်။

ထို့အပြင် ရန်ကုန်မှ ဟဲဟိုးသို့ခရီးဆက်နေသော မန်းရတနာပုံလေယာဉ်သည် ခရီးသည်များအဆာပြေစေရန်အတွက် မုန့်နှင့် လက်ဖက်ရည် ကော်ဖီတို့ကိုလိုက်လံဧည့်ဝတ်ပြုပေးသည်။ လုံလောက်ပြည့်စုံသည့်မုန့်များကို သာမကနှင့်လက်ဖက်ရည် ကော်ဖီတို့ထပ်မံလိုအပ်ပါက အဆင်ပြေစေရန်လည်း ဝန်ဆောင်မှုပေးသည်ပါသေးသည်။ ထို့ပြင် သကြားလုံးများသုံးဆောင်နိုင်ရန်အတွက်လည်း ဝန်ဆောင်မှုပေးသည်မှာ ချစ်စရာကောင်းလှသည့် ဧည့်ဝတ်ကျေပွန်မှုဖြစ်သည်။

ထိုသို့သော နွေးထွေးပျူငှာသည့် မန်းရတနာပုံလေကြောင်းလိုင်းမှ လေယာဉ်မောင်လေယာဉ်မယ်လေးများကလည်း မိမိတို့ လေကြောင်းလိုင်းတွင် တက်ကြွစွာဖြင့် ကျေနပ်ဂုဏ်ယူစွာ အားဖြည့်နေကြသူများဖြစ်သည်။ ထိုသို့သောစကားသံများကို မန်းရတနာပုံမှာအငယ်တန်းလေယာဉ်မယ်မဖြူသွယ်ခိုင်ဂုဏ်ယူစွာပြောပြသည်မှာ



# ားနှင့်အတူ ခရီးသွားပြည်သူများကို ကြိုဆိုလျက်

အိမ်စည်၊ ဓာတ်ပုံ-သတင်းအဖွဲ့





" လေယာဉ်မယ်ဆိုတာကိုလည်း အရမ်းကြိုက်မိတယ်။ အရင်တုန်းကတော့ လေယာဉ်မယ်ပဲဖြစ်ချင်ခဲ့တာပါ။ မန်းရတနာပုံရောက်သွားတဲ့အခါကျတော့ ဘယ်လိုဖြစ်သွားသလဲဆိုတော့ လေယာဉ်လိုင်းတွေအားလုံးထဲမှာ မန်းရတနာပုံက IOSA လက်မှတ်ကိုရခဲ့တဲ့အတွက်ကြောင့်ပိုပြီးတော့ ကျေနပ်အားရမိတယ်။ မန်းရတနာပုံလို့ပြောရင် Safetyရယ် Service ကိုအဓိကပြေးပြီးမြင်မိပါတယ်။ Perfect ဖြစ်ပါ တယ်။ ခရီးသည်တော်တော်များများကလည်း မန်းရတနာပုံရဲ့Serviceကိုကြိုက်ကြပါတယ်။ ခရီးသည်တွေကိုပြောချင်တာကတော့ မန်းရတနာပုံကိုဆက်လက်ပြီးအားပေးပါလို့ပြောချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အခြားအဲလိုင်းတွေနဲ့မတူအောင် Serviceပိုင်းကိုဒီထက်ပိုပြီးကောင်းမွန်အောင်ကြိုးစားသွားပါမယ်လို့ပြောချင်ပါတယ်" ဟုဆိုပါသည်။

မန်းရတနာပုံလေကြောင်းလိုင်းမှ အကြီးတန်းလေယာဉ်မယ် မအေးစန္ဒာမြင့်ကလည်း" လေယာဉ်မထွက်ခင်ဆိုရင် လေယာဉ်မှူးနဲ့လေယာဉ်မောင်မယ်တွေစုပြီး လိုအပ်တာတွေပြောတယ်။ လုံခြုံရေးအပိုင်းတွေပြောတယ်။ ဘယ်သူကဘာလုပ်ရမယ်ဆိုတာကိုခွဲထားပေးတယ်။ တစ်နေ့ကုန်ပြီးလို့ လေယာဉ်ဆင်းရင် ရုံးမှာပဲဖြစ်ဖြစ် လေယာဉ်ပေါ်မှာပဲ ပြန်ဆုံပြီးလိုအပ်တာတွေထပ်ပြောတယ်။ အမြဲတမ်းလုပ်ဖြစ်တယ်။ IOSA လက်မှတ်ရဖို့က Department တွေအများကြီး၊ သူ့အပိုင်းနဲ့သူဝိုင်းပြီးကြိုးစားမှုရတယ်။ နိုင်ငံခြားခရီးသည်တွေကလည်း IOSA လက်မှတ်ရထားတဲ့အတွက် စိတ်ချတယ် " ဟုဆိုသည်။

အကြီးတန်းလေယာဉ်မယ် မဆုဆုစံကလည်း " ခရီးသွားပြည်သူတွေကို မန်းရတနာပုံလေကြောင်းလိုင်းကိုစီးပါလို့ မေတ္တာစိတ်အပြည့်အဝ ဝန်ဆောင်မှုအပြည့်အဝပေးဖို့စောင့်နေပါတယ်" ဟုဆိုလေသည်။

အကြီးတန်းလေယာဉ်မောင် ကိုနိုင်အောင်လှူက" ကျွန်တော်တို့အဲလိုင်းကိုလာကြည့်စေချင်ပါတယ်။ Service နဲ့ပတ်သက်ရင်တော့ ခရီးသည်တွေကိုရာနှုန်းပြည့်ပေးနိုင်ပါတယ်။ ကျွန်တော်တို့တွေ IOSA ရအောင်လည်း အများကြီးကြိုးစားခဲ့ရတယ်။ Department အလိုက်ကြိုးစားခဲ့ကြတယ်။ ကျွန်တော်အမြင်အရဆိုရင် မန်းရတနာပုံကစီးသင့်တယ်လို့ထင်တယ်။ Safety ရော Service ရောအရမ်းကောင်းပါတယ် " ဟုဆိုပါသည်။


မန်းရတနာပုံ၏ အငယ်တန်းလေယာဉ်မယ် မမေအေးရှိန်ကလည်း "ဒီမှာ IOSA လက်မှတ်ရတာဒီတစ်လိုင်းပဲရှိတဲ့အတွက် ကိုယ့်လေကြောင်းလိုင်းအတွက်ဂုဏ်ယူမိတယ်။ မန်းရတနာပုံလို့ပြောရင် Safetyရယ် Serviceရယ်မြင်မိပါတယ်။ မန်းရတနာပုံကိုခရီးသည်တွေကိုလည်းစီးစေချင်ပါတယ်" ဟုပြောပြပါသည်။

ထိုသို့သော ကြိုးစားအားထုတ်မှုများဝန်ဆောင်မှုများ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်တို့က မန်းရတနာပုံ၏ ကြိုးစားအားထုတ်မှုနှင့်အောင်မြင်မှုများပင်ဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ တာချီလိတ်၊ ခန္တီး၊ လားရှိုး၊ မြစ်ကြီးနား၊ စစ်တွေ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းစသည်ဖြင့် ပျံသန်းပြေးဆွဲပေးနေပါသည်။ ယနေ့ရန်ကုန်မှ ဟဲဟိုးသို့ထွက်ခွာလာသည့် မန်းရတနာပုံသည် မကြာမီအချိန်တွင် ဟဲဟိုးလေယာဉ်ကွင်းသို့ ဆင်းသက်တော့မည့်ဖြစ်ကြောင်း ကြေငြာပြီး ခဏအကြာတွင် ဟဲဟိုးမြို့လေယာဉ်ကွင်းသို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။ လေယာဉ်ပေါ်မှ ဆင်းသက်ရာတွင်လည်း ချိုသာနှုတ်ခွန်းဆက်သံများကမန်းရတနာပုံကိုသတိတရရှိနေစေရန် နှုတ်ဆက်နေသကဲ့သို့ပင်ရှိနေစေပါသည်။

ဟဲဟိုးဆိုသည့် ခရီးရောက်ရှိပြီဖြစ်သည်မို့ ခရီးသည်များက လေယာဉ်ပေါ်မှဆင်းကြပြီဖြစ်သည်။ ထို့နောက်တွင် မိမိလိုရာသို့ ဆက်လက်ချီတက်ကြမည်ဖြစ်သည်။

နောက်တစ်နေ့တွင် ရန်ကုန်မှ ညောင်ဦးသို့ လိုက်ပါခဲ့ပါသည်။ ထိုခရီးစဉ်တွင်လည်း မန်းရတနာပုံမှဝန်ထမ်းများ၏ ကောင်းမွန်သောဝန်ဆောင်မှုကို ထပ်မံမြင်တွေ့ခံစားခဲ့ရသည်။ လေယာဉ်ပေါ်တွင် ခရီးသည်များကိုဝန်ဆောင်မှုပေးနေပုံများကလည်း မြင်တွေ့ခံစားရသူများအတွက် အတိုင်းထက်အလွန်ကြည်နူးမိ၏ ။ ညောင်ဦးခရီးစဉ်တွင် လိုက်ပါလာသောခရီးသည်တော်တော်များများမှာ နိုင်ငံခြားခရီးသွားများကို အများဆုံးတွေ့မြင်ရသည်။ ညောင်ဦးသို့စရောက်ချိန်တွင် ခရီးသည်များ၏ကျေနပ်သော အပြုံးကိုမြင်တွေ့လိုက်ရသည်။

ထို့အတူ ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မန်းရတနာပုံသည် ၎င်း၏စွမ်းဆောင်ရည်များဖြင့် ပြည့်စုံကောင်းမွန်သည့် လုံခြုံရေးစံနှုန်းများနှင့် ဝန်ဆောင်မှုများကို ထိန်းသိမ်းထားမှုများကြောင့် မန်းရတနာပုံလေကြောင်းလိုင်း၏သက်တမ်း ၅နှစ်တာကာလသည် အောင်မြင်မှုများဖြင့် ခရီးရောက်ခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်းကောင်းမွန်တိုးတက်သည့်ခရီးများကိုဆက်လက်ချီတက်ကြဦးမည်ဆိုသည်မှာ မန်းရတနာပုံ၏တက်ကြွသည့်အားမာန်များကသက်သေတည်နေပါတော့သည်။



» ရေအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာမှ . . . စာ- ၉

ဧပြီလ (၂၂)ရက်နေ့တွင်နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ကော်မတီအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိမိတို့နိုင်ငံအတွက် ထိရောက်အကျိုးရှိစေမည့် လုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအဖွဲ့အစည်းများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လုပ်ငန်းများအပါအဝင် ရေနှင့်ဆက်နွယ်သည့်လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ချက်များ၊ ပိုမိုထိရောက်အကျိုးရှိစေမည့် အကြံပြုချက်များကို ပိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း၊

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များအနေဖြင့် ကော်မတီ၏လုပ်ငန်းတာဝန်များ၊ ရေ့လုပ်ငန်းစဉ်များ၊ ပြည်သူများအတွက် အကျိုးရှိစေမည့်လုပ်ငန်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့် ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးလုပ်ငန်းများအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့်ပြည်သူများအတွက်ထိရောက်သည့် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုစနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအကြံပေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်နီနီသိန်းက အကြံပေးအဖွဲ့၏လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရေအရင်းအမြစ်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဦးကျော်ဝင်းနှင့် ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရေနှင့်ဆက်နွယ်သည့်လုပ်ငန်းဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင် ရွက်မှုများနှင့် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်းဆွေးနွေးကြပြီး အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ ရေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက်အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယခုအစည်းအဝေး၏ ဆွေးနွေးအကြံပြုချက်များသည် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် ဆက်နွယ်သည့်လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက် အကူဖြစ်စေပြီး၊ ရေနှင့်ဆက်နွယ်သည့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည့်အပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ရေသည်သက်ရှိသက်မဲ့လောကအတွက်မရှိမဖြစ်လိုအပ်သည့် သယံဇာတဖြစ်ပြီး၊ လူ့ပယောဂကြောင့်သက်ရှိသက်မဲ့ လောကဘေးအန္တရာယ်များ မကျရောက်စေရေးဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ စွန့်ပစ်ရေဆိုင်ရာကိစ္စရပ်များကိုလည်း တစိုက်မတ်မတ်အထူးအလေးထားဆောင်ရွက်ကြစေလိုပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင်စိတ်ရင်းစေတနာကောင်းနှင့် ပြင်းပြသောဆန္ဒဖြင့် တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတွင်းရှိ ရေအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင်လည်း ပြည်သူများ၏လိုအပ်ချက်နှင့်ပြည်သူတို့အသံများကိုပါ ဂရုတစိုက်နားထောင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အခမ်းအနားကို ရုတ်သိမ်းလိုက်သည်။

သတင်းစဉ်

» ဦးရဲထွဋ်အောင်နှင့်တွေ့ဆုံ မေးမြန်းမှု . . . စာ- ၉

ဒီကော်မတီတွေနဲ့လုပ်ရတာပါ။

ဖြစ်စေချင်တာက ဦးတို့လေဆိပ်တွေမှာတာဝန်ထမ်းဆောင်တဲ့လုံခြုံရေးကော်မတီထဲမှာ လေကြောင်းရဲရှိတယ်။ လေကြောင်းရဲ၊ သတင်းတပ်ဖွဲ့၊ CID၊ မူးယစ်နဲ့ စသုံးလုံးရှိမယ် အဲ့ဒီအဖွဲ့တွေအားလုံးရဲ့ အချုပ်က လေကြောင်းရဲက အချုပ်ပဲ။ဦးတို့ကလည်း လေကြောင်းရဲနဲ့အမြဲထိတွေ့တယ်။ သင်တန်းတွေပေးတဲ့အခါမှာလည်း ဦးတို့ဝန်ထမ်းတွေတက်သလိုသူတို့ကိုလည်း သင်တန်းပေးပါတယ်။ နောက်ထပ်ဆင့်ပွားသင်တန်းတွေမှာလည်း သူတို့ကိုတက်ခိုင်းတယ်။ ဦးတို့ရဲ့လုပ်ငန်းတွေကဘယ်လိုတွေဖြစ်တယ်။ ဘယ်လိုဥပဒေတွေရှိတယ်။ နိုင်ငံတကာမှာလည်း ဘယ်လိုတွေလုပ်နေသလဲဆိုတာကို သိစေချင်လို့တက်ခိုင်းတာပါ။ ဒါပေမဲ့လက်ရှိဖြစ်နေတာက သူတို့က လေဆိပ်တွေမှာနေရာ ဝင်ယူလိုက်တယ်။ ဦးတို့ဘက်ကဒါမ လုပ်ပါနဲ့ဆိုလုပ်တယ်။ လက်ရှိအပြည်ပြည်ဆိုင်ရာလေဆိပ်တွေမှာ ပြည်တွင်းဆိုက်ရောက်ခရီးသည်တွေကို ပြန်စစ်နေတဲ့ကိစ္စ၊ ဒီမှာအကြီးမားဆုံးဖြစ်နေတဲ့ကိစ္စက ရန်ကုန်လေဆိပ်ဆိုရင် လေယာဉ်ပေါ်ကဆင်းလာတဲ့ ခရီးသည်တွေရဲ့ ပစ္စည်းတွေကိုပြန်စစ်တယ်။ ဒါကိုဦးတို့က မစစ်ပါနဲ့ပြောတယ်။ နိုင်ငံတကာသွားတဲ့ခရီးသည်တွေရှိတယ်။ ပြည်တွင်းခရီးသည်တွေရှိတယ်။ နိုင်ငံခြားသွားတယ်ဆိုရင်လည်း ရန်ကုန်လေဆိပ်မှာပစ္စည်းတွေစစ်ပြီးသွားပြီဆိုလို့ရှိရင် ဗန်ကောက်ရောက်တယ်။ ဗန်ကောက်ရောက်ရင် စစ်သလားဆိုတော့ အဲ့ဒီမှာမစစ်ဘူး။ အကောက်ခွန်က Chackလုပ်တာပဲရှိတယ်။ အကောက်ခွန်က တားမြစ်ထားတာတွေရှိတယ်။ ဥပမာအရက်ဆိုရင် ဘယ်နပုလင်းထက်ပိုမပါရဘူး။ စီးကရက်ဆိုရင်လည်း ဘယ်နှစ်တောင့်ထက်မပိုရဘူးစသည်ဖြင့်ကန့်သတ်ထားတာတွေရှိတယ်။ ပြီးရင် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး တားမြစ်ထားတာတွေရှိတယ်။ အဲ့ဒါတွေစစ်ဖို့က အဓိကက အကောက်ခွန်ရဲ့ တာဝန်ဖြစ်တယ်။ရဲတာဝန်မဟုတ်ဘူး။ လုံခြုံရေးကမတင်ခင်မှာပဲစစ်ရမှာ။ ဆင်းလာတဲ့ဥစ္စာကိုမစစ်ရဘူး။ ဒီမှာက ပြောင်းပြန်ဖြစ်နေတယ်။

အဲ့ဒီတော့ International Arrivelမှာ အရင်တုန်းက အကောက်ခွန်က အကုန်စစ်တယ်။ အပြင်မှာသူတို့ကိုစက်တွေပေးထားတယ်။ အဲ့ဒီတော့ လေယာဉ်ပျံပေါ်ကချတဲ့ပစ္စည်းက X Rayဖြတ်ရတယ်။ အဲ့ဒီမှာလည်း သူတို့တွေ ကြည့်တယ်။ မသင်္ကာတဲ့ အိတ်ဆိုရင်ဖယ်ထားလိုက်တယ်။ ပြီးတော့ခရီးသည်ကို ခေါ်မေးတယ်။ အထဲရောက်လာရင်လည်း တစ်ခါထပ်စစ်ချင်တယ်။ အပြင်မှာလည်း စစ်ပြီးပြီ၊ ဒါ့အပြင်ကိုခရီးသည်နဲ့တပါတည်းပါလာတာတွေကို ထပ်စစ်ချင်တယ်ဆိုတော့စစ်။ ဒီမှာလည်း နိုင်ငံတကာစံရှိတယ်။ ဦးတို့အခေါ် ကကြားပေါက်စစ်တယ်လို့ခေါ်တာပေါ့။ အဲ့ဒါကိုပဲလုပ်ရမယ်။ Internationalသွားလည်းဦးတို့ဒီအတိုင်းပဲ။ ကိုယ့်အိတ်ကိုယ်ဆွဲပြီးထွက်သွားရင် အကောက်ခွန်ကကြည့်နေတာ။ လူကိုလည်းပုံပန်းသဏ္ဍာန်ကြည့်တယ်။ လိုအပ်ရင်ခေါ်စစ်တယ်။ မလိုအပ်ရင်မစစ်ဘူး။ အဲ့ဒါမှာလည်း ဒီလိုကြားပေါက်စစ်တာကလည်းအများဆုံးကလူတစ်ရာမှာ ၂၀ ရာခိုင်နှုန်းပဲ။ ၂၀ထက်မပိုရဘူး။ ၂၀ထက်မပိုရဘူးဆိုတာ ၂၀လုံးစစ်ရမှာ မဟုတ်ဘူး။ ၅ ယောက်လည်းဖြစ်ချင်ဖြစ်မယ်။ ၁၀ ယောက်လည်းဖြစ်ချင်ဖြစ်မယ်။ ဒါကသူမသင်္ကာတဲ့သူကိုစစ်။ ဒါက နိုင်ငံတကာမှာအဲ့ဒီအတိုင်းပဲ။ သူတို့ကိုလည်းအဲ့ဒီအတိုင်းပဲပြောပြတယ်။ အဲ့ဒီလိုမျိုးကိုအကောက်ခွန်ကလည်း T1ဘက်မှာအဲ့ဒီလိုမျိုးလုပ်နေတယ်။ ရဲကကျတော့ အဲ့ဒီဘက်မှာမနေဘူး။ သူက ARRVELခရီးသည်အားလုံးကိုစစ်တယ်။

မသင်္ကာလို့ရှိရင် လုံခြုံရေးအရစစ်မယ်ဆိုရင်လည်း နယ်စပ်ကနေလာတဲ့ တာချီလိတ်ကလာတဲ့ ကော့သောင်းကလာတဲ့ ကလေးဘက်ကလာတဲ့ ဒီလိုလေဆိပ်တွေကို စစ်ရင်စစ်။ အဲ့ဒီကတင်လာတဲ့ပစ္စည်းတွေကိုပြန်စစ်ရင်စစ်။ ဒါတောင်မှမသင်္ကာတဲ့အနေအထားတွေရှိမှ ပြန်စစ်။ ဒါဆိုရင် ဒီမှာအများကြီးပြည့်ကျပ်နေတာမျိုး အဆင်မပြေတာတွေမရှိတော့ဘူး။ ခရီးသည်တွေအတွက် အဆင်မပြေဘူး။ မလုပ်ပါနဲ့ပြောတော့ ပထမတစ်ခေါက်မှာဘာပြောလည်းဆိုတော့ နေပြည်တော်ကအတက်နဲ့ မွန္တလေး၊ ဟဲဟိုး၊ညောင်ဦးအဲ့ဒီလေးကွင်းကိုတော့ ကျွန်တော်တို့လျှော့ပေးလိုက်မယ်။ ကျန်တဲ့လေယာဉ်လိုင်းတွေကိုတော့ စစ်မယ်ဆိုတာဖြစ်သွားတယ်။ အဲ့ဒီလိုလုပ်ပြီးသုံးလေးရက်လောက်နေတော့ မဟုတ်ပြန်ဘူး။ ပြန်စစ်တယ်။ အဲ့ဒီမှာ ပါလာမယ့်ပစ္စည်းတွေထဲမှာ မသင်္ကာစရာဘေးအန္တရာယ်ရှိတဲ့ပစ္စည်းတွေ သယ်လာတာမျိုးမှောင်ခိုပစ္စည်းသယ်လာတာမျိုး မူးယစ်ဆေးဝါးသယ်လာတာမျိုးတွေဖြစ်မှာဆိုးလို့ စစ်တယ်လို့ပြောတယ်။ အဲ့ဒါဆိုစာပေးဆိုတော့ စာလည်းမပေးဘူး။ ဖုန်းနဲ့ပဲပြောတာလို့ပြောတယ်။ ဒါတောင်မှဘာထပ်ပြောသေးသလဲဆိုရင် စက်ကတစ်လုံးတည်းနဲ့မလောက်ဘူး။ လူကများတော့ နောက်တစ်လုံးထပ်တပ်ပေးပါပြောတယ်။

တကယ်တန်းဆိုရင် အမျိုးသားအဆင့်ကော်မတီမှာကဦးတို့ဝန်ကြီးနဲ့ ဦးတို့DGကဥက္ကဌနဲ့အတွင်းရေးမှူးဖြစ်တယ်။ လေကြောင်းလေဆိပ်လုံခြုံရေးအတွက်ဆိုရင် ဒီကအဖွဲ့က ပြောတာကိုဒီအတိုင်းပဲလုပ်လိုတယ်။ ထူးခြားသတင်းရလို့စစ်ချင်တယ်ဆိုရင် ဦးတို့နဲ့ညှိနှိုင်းရမယ်။ ပြီးရင်သတင်းပေးရမယ်။ ဒါကလည်းနေရာနဲ့ အချိန်တစ်ခုတော့ရှိရမယ်။ ဥပမာ စစ်တွေဘက်က ဒါမှမဟုတ်လည်း ရခိုင်ဘက်က လေဆိပ်ကတက်တဲ့ဟာတွေအားလုံးကိုစစ်မယ်။ တစ်လကြာမယ်။အိုကေ။ ခရီးသည်တွေကိုလည်းကြေငြာရမယ်။ ရခိုင်ဘက်ကတက်တဲ့လေယာဉ်တွေအားလုံးကခရီးသည်တွေရဲ့အိတ်တွေကိုစစ်ပါမယ်။ ဒါဆိုရင် ခရီးသည်အားလုံးက နားလည်တယ်။ ဒါကလုံခြုံရေးအရစစ်တာ။ အခုကဘာမှမ ပြောဘူး။ ဘယ်အချိန်ထိစစ်မယ်ဆိုတာလည်းမပြောဘူး။ အကုန်လုံးဝင်သမျှစစ်မယ်။ ဆိုတော့ အဆင်မပြေဘူး။

**ဒီလိုမျိုးခရီးသည်တွေအတွက်အဆင်မပြေတာတွေရှိနေတဲ့အပေါ် ဘယ်လိုမျိုးနည်းလမ်းတွေနဲ့ဖြေရှင်းသွားမလဲဆိုတာကိုလည်းသိချင်ပါတယ်ရှင်၊**

အဲ့ဒါကိုဦးတို့ကဘာလုပ်ထားသလဲဆိုရင် ဝန်ကြီးရုံးကလည်းမေးတယ်။ အဲ့ဒီလိုမျိုးအဝင်မှာစစ်နေတာတွေက အခက်အခဲဖြစ်နေတယ်။ အဲ့ဒါကိုစိစစ်ပြီးတော့တင်ပြပါဆိုလို့ တင်ပြလိုက်တယ်။ ကျွန်တော်တို့ကတော့ ခွင့်မပြုဘူး။ မလုပ်ပါနဲ့လည်းပြောတယ်။ အစည်းအဝေးမှာလည်းပြောတယ်။ စာနဲ့လည်းပို့ထားတယ်။ နှုတ်နဲ့လည်းအစည်းအဝေးမှာ ပြောတယ်။ အဲ့ဒါကိုမလိုက်နာဘူးဆိုတော့ ဝန်ကြီးရုံးကိုတင်ထားတယ်။ ဝန်ကြီးရုံးကစာနဲ့တင်၊ ဝန်ကြီးဌာနအချင်းချင်းညှိပေးမယ်ပြောတယ်။ ဒါမှမရရင်တော့ သမ္မတရုံးအထိတင်မယ်။ အဲ့ဒီတော့ပြည်ထဲရေးဝန်ကြီးနဲ့ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးနဲ့ညှိလို့ အဆင်ပြေသွားတယ်ဆိုရင်ပြီးပြီ။

လေကြောင်းလုံခြုံရေးရဲ့ သဘောသဘာဝအရဆိုရင် လေယာဉ်ပေါ်ကိုတင်တဲ့ပစ္စည်းကိုသာအဓိကထားစစ်တာ။ အဲ့ဒါကလည်းလေယာဉ်ပေါ်တင်တဲ့ပစ္စည်းမှာ အဓိကအကျဆုံးကလည်းဖောက်ခွဲနိုင်တဲ့ပစ္စည်းဖောက်ခွဲရေးပစ္စည်း။ အဲ့ဒါကနံပါတ်တစ်ပဲ။ ဦးတို့ရဲ့ခရီးသည်တွေအတွက်အဓိကကျတာလည်း လေယာဉ်ပေါ်မှာဖေါက်ခွဲရေးပစ္စည်း မပါဖို့ပဲ။ သေနတ်နဲ့ကျည်ဆန်တွဲမပါဖို့ပဲ။ လက်နက်ခဲယမ်းနဲ့ဖေါက်ခွဲရေးပစ္စည်းကိုအသုံးချပြီးလေယာဉ်ကိုမတော်မတရား သိမ်းပိုက်တာမျိုးတွေ ဖေါက်ခွဲပစ်တာမျိုး။ ဒါမျိုးတွေမဖြစ်နိုင်အောင်ပဲကာကွယ်တာ။

**ဆရာတို့ဌာနရဲ့ ၂၀၁၇- ၂၀၁၈ဘတ်ဂျက်နှစ်ရဲ့ ဝင်ငွေလျာထားချက် အခြေအနေနဲ့ လာမယ့်ဘဏ္ဍာနှစ်အတွက် လျာထားချက်တွေကိုလည်းသိချင်ပါတယ်ဆရာ။**

၂၀၁၇- ၂၀၁၈ ရငွေလျာထားချက်က ဒေါ်လာ ၇၇ သန်းလောက်လျာထားတယ်။ မြန်မာကျပ်ငွေကတော့ ကျပ်ငွေက သန်းတစ်ထောင်ကျော်လောက်ဖြစ်တယ်။ ၁၆.၁.၂၀၁၈ရက်အထိကတော့ USD ၈၄.၂သန်းကျော်သွားပြီဆိုတော့ လျာထားချက်ဖြစ်တဲ့ ၇၇သန်းကိုကျော်နေပြီ။ အခုကဇန်နဝါရီ ရက် ၂၀ လောက်ကျန်သေးတယ်။ ဖေဖော်ဝါရီနဲ့ မတ်လတွေ ကျန်သေးတယ်။ ဝင်ငွေမှာမနှစ်ကအတိုင်းပဲ သန်းတစ်ရာကျော်လောက်ရသွားမယ်ထင်တယ်။ မြန်မာငွေကတော့ ကျပ်ငွေကတော့ကျပ်သန်း ၁၆၀၀ ကျော်သွားပြီ။

**လာမယ့်ဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၁၈- ၂၀၁၉ ခုနှစ်အတွက် ရလာမယ့် အသုံးစရိတ်ရဲ့ အဓိကလုပ်ဆောင်သွားမယ့် လုပ်ငန်းတွေကိုလည်းသိချင်ပါတယ်ရှင်။**

အသုံးစရိတ်ကတော့ နောက်နှစ်ဘတ်ဂျက်အတွက် တင်ထားတာမှာ မနှစ်ကရတဲ့ဘတ်ဂျက်ထက်တစ်ဝက်ပဲပေးတယ်။ ဒီလိုရတဲ့ဘတ်ဂျက်ကိုသုံးတဲ့နေရာမှာ ၂ ပိုင်းရှိပါတယ်။ ဘတ်ဂျက်မှာငွေလုံးငွေရင်းနဲ့သာမန်ဆိုပြီးတော့ပေါ့။ သာမန်အသုံးစရိတ်ကတော့ အဓိကက လစာပါမယ်။ ခရီးစရိတ်တွေပါမယ်။ ရေခမီးခစတာတွေအစုံပါမယ်။ စာရေးကိရိယာတို့ စက်ပစ္စည်းကိရိယာတို့ နောက်ပြီးလေဆိပ်မှာရှိနေတဲ့ရုံးနဲ့ဆိုင်တဲ့စက်ပစ္စည်းတွေပါတယ်။ တယ်လီဖုန်းခတွေလည်း ပါတယ်။ အဲ့ဒါကတော့သာမန်အသုံးစရိတ်တွေဖြစ်တယ်။ ငွေလုံးငွေရင်းအသုံးစရိတ်ကိုတော့ ၂ပိုင်းခွဲလိုက်တယ်။ ဆောက်လုပ်ရေးနဲ့စက်ပစ္စည်းဆိုပြီး ၂ပိုင်းခွဲရှိပါတယ်။ ဆောက်လုပ်ရေးအပိုင်းကတော့ ကွင်းတွေတိုးချဲ့တာတွေ ပြင်ဆင်တာတွေလုပ်တယ်။ လေဆိပ်အဆောက်အဦတွေအသစ်ဆောက်တာတွေရှိတယ်။ အဟောင်းကိုမွမ်းမံတာတွေရှိတယ်။ ဒါတွေလုပ်တာတွေက ဆောက်လုပ်ရေးအပိုင်းမှာပါသွားပါတယ်။ နောက်တစ်ခုကစက်ပစ္စည်းအပိုင်းပါ။ လေကြောင်းဆက်သွယ်ရေးလမ်းညွှန်စက်တွေလေကြောင်းထိန်းသိမ်းရေးနဲ့ ပတ်သတ်တဲ့ စက်တွေ ရေဒါအထိပါတယ်၊

**အခုဘတ်ဂျက်ချပေးမှာကလည်းအရင်နှစ်ထက်တောင်မှနည်းသွားမှာဆိုတော့ ဆရာတို့အတွက်အဆင်ပြေပါလားဆရာ။**

အဆင်မပြေဘူး။ တော်တော်လေးအခက်အခဲတွေ မယ်။ အဲ့ဒီတော့ လာမယ့်ခြောက်လလုံးလုံးဘာမှဝယ်လို့မရဘူး။ ဘာလို့လည်းဆိုတော့ ဒီစက်ပစ္စည်းတွေဝယ်ဖို့ဆိုရင် ဆက်သွယ်ရေးပစ္စည်းက နိုင်ငံခြားကပဲဝယ်ရတယ်။ တကယ်တမ်း ဒီပစ္စည်းကိုစတပ်ဆင်ကကတည်းကလည်းသူ့ပစ္စည်းပဲတပ်တယ်။ ထပ်ပြီးတိုးချဲ့မယ်ဆိုလို့ရှိရင်လည်းဒီအမျိုးအစားပဲထည့်ရမယ် တခြားအမျိုးအစားသုံးလို့မရဘူးလားဆိုရင်တော့ သုံးလို့တော့ရတယ်။ ဒါပေမဲ့တစ်ချို့နေရာတွေမှာ အဆင်မပြေမှုတွေရှိနိုင်တယ်။ ဒါကြောင့်မို့ဒီစက်ပစ္စည်းတွေအားလုံးက နိုင်ငံခြားကပဲဝယ်ရတယ်။ နောက်ပြီးတော့ ဘာလုပ်လုပ်တင်ဒါလုပ်ရတယ်။ တင်ဒါလုပ်ငန်းစဉ်တွေဆိုတာကလည်း သိတဲ့အတိုင်းပဲ ၃လလောက်ကြာတယ်။ အဲ့ဒီတော့ အရင်တုန်းကဘတ်ဂျက်တွေမှာဆိုရင် စုစုပေါင်း ၉လလောက်ကြာတယ်။ အနည်းဆုံး ခွင့်ပြုချက်ကျပြီဆိုရင်တောင် ၃လလောက်ကြာတယ်။အဲ့ဒီကုမ္ပဏီတွေနဲ့စာချုပ်ချုပ်တာလုပ်ရတယ်။ စာချုပ်ချုပ်ပြီးရင်တောင် အော်ဒါမှာတဲ့ပစ္စည်းကသူတို့လုပ်ပေးရင် ဒီကိုရောက်ဖို့ဆိုရင် ၆လလောက်ကြာတယ်။ ဒီတော့ အနည်းဆုံး ၉လလောက်ကြာတယ်။ ၉ လအချိန်ရှိမှ အဲ့ဒီနိုင်ငံခြားစက်ပစ္စည်းကိုဝယ်လို့ရတယ်။ အဲ့ဒီတော့ လာမယ့်နှစ်အတွက်ကို Planလုပ်ထားတာ ရှိတယ်။

**ဟုတ်ကဲ့ပါဆရာ။ အခုလိုမျိုးလေကြောင်းလုံခြုံရေးဆိုင်ရာတွေနဲ့ပတ်သက်ပြီးပြည့်ပြည့်စုံစုံလေးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆရာ။** (သတင်းအဖွဲ့)

» နမ္မတူဘော်တွင်းမှ ရေနွေးငွေ့စက်ခေါင်းများမှ . . . စာ- ၉

တမ်း ဓာတ်ပုံရိုက်ခြင်းနှင့်လေ့လာနိုင်စေရန်အတွက်သာ ခွင့်ပြုပေးထားသည်။

ယင်းဒေသတွင် ရေနွေးငွေ့ရထားမောင်းနှင်ရန်မှာ လုပ်သားလိုအပ်မှု၊ လုပ်သားကျွမ်းကျင်မှုစသည့်အခက်အခဲများစွာရှိပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် အဓိကထားပြေးဆွဲခြင်းဖြစ်သောကြောင့် မိမိသုံးစွဲမည့် ခရီးစဉ်လမ်းကြောင်းနှင့် တွဲပေါ် မူတည်ပြီးဈေးနှုန်းသတ်မှတ်ချက်မှာ တစ်နေ့လျှင် အသွားအပြန်စရိတ်အမေရိကန်ဒေါ်လာ ၂၅၀၀နှင့်၃၀၀၀ ကြား ကောက်ခံကြောင်းသိရသည်။

"နမ္မတူ- ဘော်တွင်းရထားလမ်းဟာရေနွေးငွေ့နဲ့သွားလို့မရတဲ့နေရာတွေရှိပြီး၊ တစ်ချို့နေရာမှာဒီဇယ်ရထားအကူအညီတောင်းရတာတွေရှိကြောင်း၊ ရေနွေးငွေ့ရထားဆိုတာ ရေထည့်တဲ့နေရာတွေမရှိတဲ့အတွက် ရထားတွေရေထည့်ဖို့ မီးသတ်ကားတွေအဆင့်သင့်မရှိတဲ့အခါ ဒီရေနွေးငွေ့ ရထားရဲ့ရှေ့မှာဒီဇယ်ရထားတစ်ခုရှိမှရကြောင်း၊ ဒီဇယ်ရထားကနေ ကျောက်မီးသွေးနဲ့ရေတင်တဲ့ ဂါလံ ၃၀၀၊၄၀၀ ရေတွဲတွေကိုတင်ပြီးတော့မှသွားရတာဖြစ်တဲ့အတွက် သိပ်တော့မလွယ်ကူကြောင်း ဒေါ်ကြည်ကြည်မြင့်ကပြောသည်။

ရေနွေးငွေ့မီးရထားစက်ခေါင်းဖြင့်အများဆုံးသွားရောက်လည်ပတ်ကြသော နိုင်ငံခြားသားများမှာ ဂျာမနီနှင့်အင်္ဂလန်နိုင်ငံသားများဖြစ်ပြီး၊ အဆိုပါ ရထားကို လူလတ်တန်းစား၊ အင်ဂျင်နီယာများ၊ စက်ခေါင်းကိုအမှန်တကယ်စိတ်ဝင်စားသည့်သူများကအများဆုံးလာရောက်လေ့လာကြကြောင်း သိရ သည်။

ရေနွေးငွေ့စက်ခေါင်းကို စိတ်ဝင်စားမှုများပြားလာပြီး ဗုံးရမ်းသူများရှိ မည်ဆိုပါက ပြုပြင်ထိန်းသိမ်းပြီးသားဖြစ်သွားနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားသားများစိတ်ဝင်သားရန် ခရီးသွားအစီအစဉ်များ ရေးဆွဲပြီးခရီးသွားကုမ္ပဏီများက ဆောင်ရွက်သင့်ကြောင်း သိရသည်။

ဝေဝေပိုးအိမ် ၊ကျော်ကျော်(ဓာတ်ပုံ)

# ရှေးဟောင်းပုဂံဘုရား ၃၀ ကျော်တွင် အကာအရံများတပ်ဆင်မည်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားများပေါ်မှနေ၍ နေဝင်၊ နေထွက်ချိန်ကြည့်ရှုနေမှုကို တားမြစ်နိုင်ရန် အကာအရံများတပ်ဆင်လျက်ရှိရာ လက်ရှိအချိန်ထိဘုရား ၃၁ဆူတွင် တပ်ဆင်ပြီးဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျန်တဲ့ဘုရားတွေကိုလည်းလိုက်စစ်ပါတယ်။" ဒီလိုလုပ်နေတဲ့ ကြားက ဘုရားပေါ်တက်နေတာတွေ နေရသေးတယ်။ ဒါတွေကိုတော့ ပုဂံရှေးဟောင်းယဉ်ကျေးမှုကော်မတီကို တင်ပြပြီးဆောင်ရွက်ရမယ်"ဟု ၎င်းကပြောသည်။

ပြည်ပခရီးသွားမှာအနေနှင့် ဘုရားများပေါ်မှ ကြည့်ရှုရမည့်မြင်ကွင်းများကို ပိုမိုနှစ်သက်သောကြောင့်ကြွခိုင်းမှုကောင်းသည့်ဘုရားများကို စစ်ဆေးခွင့်ပြုသင့်ကြောင်း၊ အကာအရံများပြုလုပ်ရာ၌လိုက်ပါသည့် ဘုရားများတွင် သစ်သားကျည်းဘောင်များကို သံစကူများဖြင့် ဖောက်ကွင်းပြုလုပ်နေခြင်းသည် ရှေးဟောင်းအမွေအနှစ်များကို ထိခိုက်စေကြောင်းပုဂံဧည့်လမ်းညွှန်တချို့ ကပြောသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းဘုရားများပေါ်သို့ တက်နိုင်သည့် ဘုရားအဆူ ၈၀ခန့်ရှိရာ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် တားမြစ်သတိပေးဗီနိုင်းများတပ်ဆင်ခြင်း၊ အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့သော်လည်း လိုက်နာခြင်းမရှိသည့်အတွက် ဖန်နဝါရီဒုတိယပတ်ကစ၍ အကာအရံများတပ်ဆင်ခြင်းဖြစ်ကြောင်းနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့နှင့် ပုဂံညောင်ဦးဒေသရှိ စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများဘုရားများ ပေါ်တက်ရောက်နေခြင်းကို တားမြစ်ထားပြီး ဧည့်လမ်းညွှန်အသင်း၊ ခရီးသွားကုမ္ပဏီများ အနေနှင့်လည်း ခရီးသွားအစီအစဉ်ရေးဆွဲစဉ်ကတည်းက နေဝင်နေထွက်ချိန်ရှုခင်းကြည့်နိုင်မည့် နေရာများကိုထည့် သွင်းရေးဆွဲခြင်းမပြုရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း သိရသည်။

T.Z



# YBS စနစ်ပြောင်းလဲမှုဒုတိယ နှစ်စီမံကိန်းတွင် Yangon Water Bus ဆိပ်ကမ်းမှတ်တိုင်များနှင့် YBS ယာဉ်လိုင်းများချိတ်ဆက်ပြေးဆွဲနိုင်းရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိ



YBSစနစ်ပြောင်းလဲမှု ဒုတိယနှစ်စီမံကိန်းတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးဖြစ်သည့် Yangon Water Busဆိပ်ကမ်းမှတ်တိုင်များနှင့် YBSယာဉ်လိုင်းများ ချိတ်ဆက်ပြေးဆွဲနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် Water Busမြို့ပတ်ရထား၊ လေဆိပ်သို့ယာဉ်လိုင်းများ ချိတ်ဆက်ပြေးဆွဲမည်ဖြစ်ကြောင်းကို ဖန်နဝါရီလ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

အဆိုပါ ချိတ်ဆက်ပြေးဆွဲမှုတွင် ပုဂ္ဂလိကယာဉ်လိုင်းကုမ္ပဏီတစ်ခု ဖြစ်သော လူထုမိတ်ဆွေအများပိုင် ကုမ္ပဏီက ဘတ်စ်ကားသစ်များဖြင့် YBSယာဉ်လိုင်းသစ် နှစ်လိုင်းပြေးဆွဲမည်ဖြစ်ပြီး လှော်ကားဂိတ်ရင်းမှ ရန်ကုန်ဘူတာကြီးအထိလည်းကောင်း၊ အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်)ဂိတ်ရင်းမှ ဘူတာကြီးသို့လည်းကောင်း ယာဉ်စီးရေ ၅၀ဖြင့် ချိတ်ဆက်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ အလားတူ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့်ဘက်စုံမြင်ကွင်းကုမ္ပဏီက ရန်ကုန်လေဆိပ်နှင့် ဘူတာကြီးသို့ ယာဉ်စီးရေ ၅၀ဖြင့် ပြေးဆွဲသွားရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ကပြေးဆွဲခွင့် ချထားပေးပြီးဖြစ်ကြောင်း သိရသည်။

YBSယာဉ်လိုင်းသစ်စနစ်တွင် ဝင်ရောက်ပြေးဆွဲနေသည့် Bus Operator ပေါင်း၂၂ခုရှိပြီး ယာဉ်စီးရေ ၅၃၀၀ရှိကြောင်းသိရသည်။ ထို့ပြင်ပုဂ္ဂလိကကုမ္ပဏီမှ ဝယ်ယူတင်သွင်းထားသောယာဉ်များ၊ အစိုးရအစီအစဉ်ဖြင့် ဝယ်ယူထားသောလိုင်းပြေးဆွဲရန် ကျန်ရှိနေသည့်ယာဉ်လိုင်းအသစ်အပါအဝင် စုစုပေါင်း အစီး ၁၀၀၀နီးပါးခန့်ရှိနေပြီး ခရီးသည်များ၏ လိုအပ်ချက်ပေါ်မူတည်၍ ယာဉ်လမ်းကြောင်းအသစ်များအပြင် ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍရှိရထား၊ ဘတ်စ်၊ လေဆိပ်၊ ဆိပ်ကမ်းတို့ကို ချိတ်ဆက်ပြေးဆွဲနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

YBSစနစ်စတင်ပြောင်းလဲခဲ့သည့် တစ်နှစ်တာအလွန် ဒုတိယစီမံကိန်းတွင် ယင်းကဲ့သို့ ယာဉ်လိုင်းများချိတ်ဆက်ပြေးဆွဲနိုင်ရေးကို အဓိကထားအကောင်အထည်ဖော်သွားမည်ဟု YBSစနစ်တစ်နှစ်ပြည့်အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသ ကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

T.Z

# ဆိုက်ဘာလုံခြုံရေးဆိုင်ရာတွင် စိတ်ပါဝင်စားမှုမြင့်တင်စေရေး အရှိန်မြှင့်ဆောင်ရွက်မည်

ဆိုက်ဘာလုံခြုံရေးနဲ့ ပတ်သက် ပြီး အများပြည်သူစိတ်ပါဝင်စားမှုမြင့်တက်စေရေး အရှိန်မြှင့်ဆောင်ရွက်မယ်လို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနကသိရသည်။

လက်ရှိမှာ ဆိုက်ဘာတိုက်ခိုက်မှုတွေ၊ ဆိုက်ဘာလုံခြုံရေးတွေနဲ့ပတ်သက်ပြီး ပြည်သူတွေကိုပညာပေးတဲ့အစီအစဉ်တွေကို ပြုလုပ်နေကြောင်း၊ ယခုနှစ်အတွင်း အဲဒီအစီအစဉ်တွေကို အရှိန်မြှင့်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ "ပြိုင်ပွဲလေးတွေနဲ့ အများပြည်သူသတိပြုမိစေရေးကို အရှိန်မြှင့်ဆောင်ရွက်သွားဖို့ရှိကြောင်း၊ အဓိကက ဒီဆိုက်ဘာလုံခြုံရေးဆိုတာက သုံးစွဲသူကိုယ်တိုင်သိရှိလိုက်နာမှ လုံခြုံမှာ။ ပြည်သူရဲ့ကအမြဲတမ်းကြီးနောက်ကို လိုက်မနေနိုင်ကြောင်း၊ ကာယကံရှင်ကိုယ်တိုင်ကကို ဆိုက်ဘာလုံခြုံရေးအမြင်ရှိဖို့ လိုအပ်ပါကြောင်းလက်ရှိအချိန်မှာ မိုဘိုင်းဖုန်းအသုံးပြုမှုများပြားလာတာနဲ့အမျှ ဆိုက်ဘာလုံခြုံရေးကလည်း အရေးပါလာကြောင်း၊ လူတိုင်း Facebookလိုမျိုးဆိုရှယ်မီဒီယာသုံးနေတဲ့အချိန်မှာ အသရေဖျက်မှု၊ လူကုန်ကူးမှု၊ အနှောင့်အယှက်မျိုးစုံကို ဆိုရှယ်မီဒီယာကနေ ဆောင်ရွက်တတ်ကြကြောင်း၊ မိုဘိုင်းဘဏ်စနစ်ကိုလည်း အသုံးပြုလာတာနဲ့အမျှ အွန်လိုင်းပေါ်ကနေ ပိုက်ဆံလွှဲပြောင်းပေးပို့တာမျိုးတွေ ရှိလာကြောင်း၊ အဲဒီအကြောင်းအရာတွေကြောင့် သုံးစွဲသူတွေအနေနဲ့ လုံခြုံရေးအမြင်ရှိဖို့ လိုကြောင်း သိရသည်။

လူငယ်တွေအနေနဲ့လည်းဆိုက်ဘာလုံခြုံရေးနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားသူများလာကြောင်း၊ မြန်မာနိုင်ငံရှိဝက်ဘ်ဆိုက်တွေအနေနဲ့လည်းဆိုက်ဘာတိုက်ခိုက်မှုတွေအနေနဲ့လည်း ဆိုက်ဘာတိုက်ခိုက်မှုတွေဖြစ်ပေါ်ခဲ့ရင်နည်းပညာအကူအညီကို mmCertကို ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။

ကျော်ကျော်




# ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တည်ထောင်ခြင်း ၅နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အမွေအနှစ်ထိန်းသိမ်းရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)တည်ထောင်ခြင်း ၅နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အမွေအနှစ်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲတစ်ခုကိုဇန်နဝါရီလ ၂၆ရက်နေ့က ကျင်းပခဲ့သည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)ကိုရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးနှိုးဆော်ရန်နှင့် အမွေအနှစ်စီမံခန့်ခွဲရာတွင် အကောင်းဆုံးလုပ်ဆောင်ရန်ရည်ရွယ်၍ ၂၀၁၂ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ၅ နှစ်ပြည့်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ရန်ကုန်မြို့၏ အမွေအနှစ်အဆောက်အအုံများအား ဖြိုဖျက်မှုကို သိသာစွာလျော့ပါးသွားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး အမွေအနှစ်အဆောက်အအုံများပြန် လည်ထိန်းသိမ်းခြင်းနှင့် မြို့ပြစီမံကိန်းနှင့်ပတ်သက်သည်များကိုပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

"လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကဆိုရန်ကုန်ရဲ့ ထူးခြားထင်ရှားတဲ့ မြို့လယ်က ဗိသုကာလက်ရာကောင်းတွေဟာဖျက်စီးခံရနိုင်တဲ့ အကြောင်းအရာမျိုးစုံရှိခဲ့တယ်။ အဆောက်အအုံတွေရာနဲ့ချီဖျက်စီးခံနေရသလို ဆက်လက်ဖျက်ဖို့လည်းပြင်နေခဲ့တာရာချီရှိနေခဲ့တယ်" ဟုရန်ကုန် မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ပြောသည်။

အဆိုပါ အမွေအနှစ်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲသို့ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအစိုးရဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှNGOများ၊ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရန်ကုန်၏ သမိုင်းဝင်မြို့ပြ အမွေအနှစ်များကို ရေရှည်တည်တံ့စေရေး၊ မြှင့်တင်ပေးရေး၊ စီမံခန့်ခွဲရေး၊ ကာကွယ်စောင့်ရှောက်ရေးတို့နှင့်ပတ်သက်ပြီးငင်းတို့၏ အတွေးအမြင်နှင့် အကြံဉာဏ်များကို မျှဝေခဲ့ကြသည်။

ထို့အပြင် YHT၏အမွေအနှစ်ထိန်းသိမ်းရေးဆုရရှိသူများကိုလည်း ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်တို့ကိုပေးအပ်ခဲ့ပြီး အစိုးရအရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် စီးပွားရေးနယ်ပယ်မှ ကူညီပံ့ပိုးသူများနှင့်အတူ ၅နှစ်ပြည့် အထိမ်းအမှတ်ညစာစားပွဲ ကိုပြုလုပ်ခဲ့သည်။

YHTသည်အမွေအနှစ်ထိန်း သိမ်းစောင့်ရှောက်ရေး ဇရိယာသတ်မှတ်ခြင်း၊ ရေရှည်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ခြင်းအစရှိသည့် လုပ်ငန်းစဉ်များဆောင်ရွက်ချက်များအပြင် ရန်ကုန်မြစ်ကမ်းတလျှောက် အများပြည်သူများ အပန်းဖြေနေရာအဖြစ်အသုံးပြုနိုင်ရေး၊ ရွှေတိဂုံဘုရားမှရန်ကုန်မြစ်အထိ လျှောက်လမ်းများ၊ ဘဏ်လမ်းနှင့် ကမ်းနားလမ်းတလျှောက် စံနမူနာပြနိုင်ရန် နေရာတစ်ခုဖန်တီးနိုင်ရန် စီစဉ်ခြင်းနှင့် အစိုးရပိုင်အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း စသည်တို့တွင်လည်း ပါဝင်လုပ်ဆောင်လျက် ရှိသည်။

အိမ်စည်

# ရန်ကုန်တက္ကသိုလ်တွင် အဆောင်နေကျောင်းသား/ ကျောင်းသူများ အခက်အခဲရှိသည်များကို နာမည်မဖော်ဘဲ တိုင်ကြား၊ အကြံပြုနိုင်ရန် စာပုံးများ ထားရှိမည်



ရန်ကုန်တက္ကသိုလ်တွင် အဆောင်စည်းကမ်းနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ဖြစ်နေသော အဆောင်နေကျောင်းသား၊ ကျောင်းသူများအတွက် အခက်အခဲရှိသည်များကို နာမည်မဖော်ဘဲ တိုင်ကြားအကြံပြုနိုင်

မည့်စာပုံးများထားရှိပေးရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က သဘောတူကြောင်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂထံမှ သိရသည်။

ဇန်နဝါရီလ၌ ကျောင်းအုပ်ချုပ်သူများ၊ အဆောင်မှူးများနှင့်တွေ့ဆုံကာ အဆောင်စည်းကမ်းများကို ပြန်လည်ပြင်ဆင်ရေးဆွဲပေးရန်၊ ကျောင်းသား၊ ကျောင်းသူများပါဝင်ရေးဆွဲခွင့်ပြုရန်နှင့် အဆောင်အားလုံးတွင် အကြံပြုစာပုံးထားရှိပေးရန် တောင်းဆိုခဲ့ကြောင်းနှင့် ရန်ကုန်တက္ကသိုလ်အတွင်း အဆောင် ၁၀ခုရှိသည့်အနက် အမျိုးသမီးဆောင်များဖြစ်သောသီရိဆောင်၊ ရွှေဘိုဆောင်နှင့် ဒဂုံဆောင်များတွင် စာပုံးများထားရှိပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသော အဆောင်များကိုလည်း မကြာမီထားရှိပေးရန် စီစဉ်နေကြောင်း ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် ကိုဘုန်းထက်နောင်က ပြောသည်။

အဆောင်နေကျောင်းသူများ အတွက် အဆောင်မှူးများက ချမှတ်ထားသော စည်းကမ်းချက်အချို့သည်လိုအပ်သည်ထက်ပိုမိုတင်းကျပ်ခြင်း၊ အဓိပ္ပါယ်ရှင်းလင်းစွာဖော်ပြထားမှုမရှိခြင်းနှင့် အဆောင်စည်းကမ်းချက်များချမှတ်ရာတွင် ကျောင်းသား၊ကျောင်းသူများပါဝင် ရေးဆွဲခွင့်မရခဲ့ကြောင်းနှင့် အဆောင်စည်းကမ်းများကို ပြန်လည်ပြင်ဆင်ရေးဆွဲရန်ကိုမူ အဆောင်မှူးများမပါဝင်ဘဲ ပါမောက္ခချုပ်ကိုယ်တိုင်အဆောင်များသို့သွားရောက်ကာ အဆောင်သူများနှင့် တွေ့ဆုံမည်ဖြစ်ပြီး တွေ့ဆုံမည့်ရက်ကို မသိရသေးကြောင်း ၎င်းကဆိုသည်။

ထို့ပြင် အခါအားလျော်စွာချမှတ်သော ကျောင်းဆောင်စည်းကမ်းများကို လိုက်နာရန်၊ အေးချမ်းစွာပညာသင်ကြားရေးကို အနှောင့်အယှက်ပြုမည့်ကိစ္စအားလုံးကို မကျူးလွန်ရန်နှင့် အေးချမ်းစွာပညာသင်ကြားရေးပူးပေါင်းပါဝင်ရန်စသည့်အချက်များကို ပယ်ဖျက်ပေးရန်နှင့် အဆောင်အားလုံးအတွက် တက္ကသိုလ်ကချမှတ်ထားသော စည်းကမ်းချက် ၁၅ချက်ရှိသည့်အနက် ကျောင်းဆောင်ဝင်ခွင့်ရစဉ်အကျင့်စာရိတ္တပျက်ပြား မှုဆိုင်ရာအပြုအမူများမလုပ်ရန်၊ ကျောင်းဆောင်နာယက၊ အဆောင်မှူး၊ အဆောင်နည်းပြနှင့် ဆရာ၊ ဆရာမများဆိုဆုံးမမှုကို ကောင်းစွာလိုက်နာရန် အချက်များပြင်ဆင်ရန် တောင်းဆိုထားကြောင်း သိရသည်။ T.Z

## မတ်လအတွင်း ဆင်အခြေပြုခရီးသွားလုပ်ငန်းအတွက် ပထမဆုံး ဆင်စခန်းဖွင့်လှစ်မည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းဖောင်ဖွဲ့ရေးထံမှ ပုဂံ ညောင်ဦးဒေသတွင် ဆင်အခြေပြုခရီးသွားလုပ်ငန်းအတွက် ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားလာရောက်လေ့လာအပန်းဖြေနိုင်ရန် ပထမဆုံး ပလင်းကမ်းသာယာဆင်စခန်းကိုမတ်လအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ဆင်အခြေပြုခရီးသွားလုပ်ငန်းကို အမှီပြု၍ အနီးဝန်းကျင်ရှိပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဌာနဝန်ထမ်းများ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးသာမက ခရီးသွားဝန်ဆောင်မှု၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများပါ ပူးပေါင်းကြံစည် ဆောင်ရွက်တတ်စေရန်၊ ဆင်များနှင့် ပတ်သက်ပြီး ဗဟုသုတရရှိပြီး ဆင်များကိုချစ်ခင်မြတ်နိုးတတ်လာစေရန်၊ ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေနေရာတစ်ခုပေါ်ပေါက်စေရန် ရည်ရွယ်ကြောင်းနှင့် ၎င်းဆင်စခန်းတွင်အရွယ်ရောက် ထီး/စုံတစ်ကောင်၊ အရွယ်ရောက် ဆင်မတစ်ကောင် မိခင်ဆင်မကြီးနှင့် အမိနောက်လိုက် ဆင်တစ်ကောင်၊ ဝန်တင်ဆင်ထီးတစ်ကောင်၊ ဝန်တင်ဆင်မတစ်ကောင် စုစုပေါင်း ဆင်ခြောက်ကောင် ပါရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းဖောင်ဖွဲ့ရေးအနေဖြင့် စစ်ကိုင်းတိုင်းတွင် ကသာနှင့်မော်လိုက်တို့တွင်လည်း ဆင်စခန်းဖွင့်လှစ်ထားပြီး ယခုပလင်းကမ်းသာယာဆင်စခန်းအပါအဝင် ဆင်စခန်းသုံးခုဖွင့်လှစ်ထားကြောင်း၊ အဆိုပါဆင်စခန်းကို ညောင်ဦးမြို့မှ ငါးမိုင်အကွာရှိ ယခင်က ညောင်ဦးဖောင်ဖွဲ့ရေး၏ ပလင်းသစ်ဆိပ်နေရာ ယခုအခါ သစ်ထုတ်လုပ်ရေးလုပ်ငန်းများလျှော့ချထားမှုကြောင့် လုပ်ငန်းမလုပ်ဆောင်ဘဲ ပိုလျှံသည့်မြေနေရာပေါ်တွင် စီမံကိန်းလျှော့ချထားမှုကြောင့် ပိုလျှံနေသည့်ဆင်များ၊ အသက်ကြီးဆင်များ၊ လက်ရှိမွေးထားသည့် ဆင်လေးများကို ပြုစုစောင့်ရှောက်ရပြီး ဆင်များ၏ နေထိုင်မှုပုံစံကို အများပြည်သူနှင့် နိုင်ငံခြားသားများ လာရောက်လည်ပတ်အပန်းဖြေနိုင်ရန် အတွက် ပထမဆုံး ညောင်ဦးဒေသတွင် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဆင်စခန်းတွင် ဆင်များစီးညနေခင်း ဧရာဝတီမြစ်ရှုခင်းများ ကြည့်ရှုနိုင်ခြင်း၊ ဆင်များသရုပ်ဖော်ပြသခြင်းဖြင့် ပုဂံသမိုင်းတွင် ဆင်များပါဝင်မှုကိုလေ့လာနိုင်ခြင်း၊ ထို့အပြင် ဧရာဝတီမြစ်တစ်လျှောက်မှ ဌာနပိုင် ဇေယျာမော်တော်ဖြင့် မြစ်အလှနှင့် ညနေခင်းရှုခင်းများ ခံစားနိုင်ခြင်းများကို ရရှိမည့်ဝင်ကြေးအနေဖြင့် တခြားသောဆင်စခန်းများနည်းတူ သင့်တင့်မည့်နှုန်းထားကောက်ခံမည်ဖြစ်ပြီး၊ အများပြည်သူလာရောက်ကြည့်ရှုနိုင်သော ဝင်ကြေးဖြင့်သာကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

## ရခိုင်ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် မြောက်ဦးမြို့တွင် လေဆိပ် အသစ်တည်ဆောက်မည်

ရခိုင်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် မြောက်ဦးမြို့တွင်လေဆိပ်အသစ်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

မြောက်ဦးမြို့တွင် လေဆိပ်အသစ်တည်ဆောက်မည့်ကိစ္စကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန် လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည်ဆွစ်ဇာလန်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ သံအမတ်ကြီး H.E.Mr.Manuel Sagerနှင့်ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းက တွေ့ဆုံရာတွင်ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်ကြောင်းသတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါလေယာဉ်ကွင်းသည်မြောက်ဦးမြို့၏ အရှေ့ဘက်၄ဒသမ ၅မိုင်ခန့်အကွာနန်းကျားကျေးရွာနောက်ဘက်တွင် တည်ရှိပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅- ၂၀၁၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀၀၊ စုစုပေါင်းကျပ်သန်း ၄၀၀၀တို့ဖြင့် ဆုထူးစံကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး ယခု၂၀၁၇- ၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွက် ပြည်ထောင်စုအစိုးရ၏ခွင့်ပြုရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၁၄၂ဒသမ ၃၉၃သာ ခွင့်ပြုထားသောကြောင့် လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းအား ရပ်ဆိုင်းထားရကြောင်း သိရသည်။

ရခိုင်ဘုရင်များ၏ မြို့တော်ဖြစ်ခဲ့သည့် မြောက်ဦးမြို့တွင် ရှေးဟောင်းအမွေအနှစ်လက်ရာ အများအပြားကျန်ရှိနေသေးပြီး မြောက်ဦးမြို့ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (ယူနက်စကို)၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသအဖြစ် သတ်မှတ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက် ရေးအတွက် စီးပွားရေးလုပ်ငန်းရှင် များဦးဆောင်သောလုပ်ငန်းအဖွဲ့ကိုး ဖွဲ့အားဖွဲ့စည်းထားပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြောက်ဦးမြို့တွင် လေဆိပ်အသစ် တည်ဆောက်မည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်ချက်သိရသည်။

မြောက်ဦးလေယာဉ်ကွင်း စီမံကိန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ် ၂၅ ဒသမ ၆၁ဘီလျံဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

## Transcom News journal Cartoons



# အအေးလေပါချိန်များအတွက် အနမ်းဝိုင်




ဒီဇာတ်ကားကတော့ စာရေးဆရာမ ပုညခင်ရဲ့ အနမ်းဝိုင်ဝတ္ထုကိုပုံ ဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးထားတာဖြစ်ပါတယ်။ အနမ်းဝိုင်ကို လူငယ်ဒါရိုက်တာအောင်မြတ်ဖြစ်ပြီး ဇာတ်ညွှန်းကိုတော့စာရေးဆ ရာမပုညခင်ကိုယ်တိုင် ရေးသားပေးထားတာဖြစ်ပါတယ်။

ဒီအနမ်းဝိုင်မှာအဓိကပါဝင်ထားတဲ့ သရုပ်ဆောင်တွေကတော့အောင် ရဲလင်း၊ ဝတ်မှုံရွှေရည်၊ စိုးမြတ်သူဇာ၊ မင်းဦး၊ မျိုးသွန္တာထွန်း၊ ကျော်ကျော် တို့ဖြစ်ပါတယ်။

ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး ဒါရိုက်တာအောင်မြတ်က "ဒီဇာတ်ကားက ကျွန်တော့်ရဲ့ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်တဲ့အတွက် အရမ်းရင်ခုန်တယ်။ ကျွန်တော့်အနေနဲ့ ပရိသတ်ရဲ့ တုံ့ပြန်မှုကိုလည်း အပြည့်အဝလိုချင်ပါတယ်။ ဇာတ်ဝင်ခန်းတိုင်းမှာလည်း စကားလုံးတစ်လုံးချင်းက အစ စဉ်းစားပြီးသေချာရိုက်ခဲ့တာပါ။ ဇာတ်ဝင်ခန်းတိုင်း အသေးစိတ်ကို ကြိုးစားရိုက်ထားပါတယ်။ ဝတ္ထုဖတ်ပြီးသား ပရိသတ်ကြီးအတွက်လည်း မတူတဲ့ နောက်ထပ်အရသာတစ်ခုကို ခံစားရအောင်ရိုက်ပြထားပါတယ်" ဟု ဆိုပါတယ်။

ဇာတ်လမ်းကတော့ လရိပ်အေး (ဝတ်မှုံရွှေရည်)ဆိုတဲ့ ပအိုဝ်းမလေးဟာ ငယ်စဉ်တည်းက မိခင်ဖြစ်သူဆုံးပါးသွားတဲ့အတွက် ခိုကိုးရာမဲ့ဖြစ်ခဲ့ရပါတယ်။ ဒီနောက်မှာတော့ တောင်ကြီးမြို့က သူဌေးမကြီးဒေါ်မမရှင် (စိုးမြတ်သူဇာ) ရဲ့မွေးစားခြင်းကို ခံခဲ့ရပါတယ်။ လရိပ်အေးကို မွေးစားခဲ့တဲ့ ဒေါ်မမရှင်ရဲ့ ရည်ရွယ်ချက်ကတော့ ငယ်စဉ်တည်းကကျန်းမာရေးချူချာတဲ့ လူမမာသားဖြစ်သူ လင်းခိုင် (ကျော်ကျော်) ကို တစ်သက်လုံးစောင့်ရှောက်ပေးဖို့အတွက်ပါ။ ဒေါ်မမရှင် စီစဉ်ထားသလိုပဲ ငယ်စဉ်တည်းကကျေးဇူးကြွေးတွေကြောင့် လရိပ်အေးဟာ ဒေါ်မမရှင်ရဲ့ထားရာနေ၊ စေရာသွားဖြစ်လာခဲ့ပါတယ်။ ဒီလိုနဲ့ လရိပ်အေးတစ်ယောက်ဟာ ဒေါ်မမရှင် ရဲ့စပျစ်ခြံထဲက မန်နေဂျာဦးစိုင်း အိုက် (မင်းဦး)ရဲ့ တူဖြစ်သူ မိုးသစ်ပင် (အောင်ရဲလင်း)နဲ့ချစ်ကြိုက်မိသွားတဲ့အခါမှာတော့ မိုးသစ်ပင်ကလရိပ် အေးအတွက် ဒေါ်မမရှင်တို့သားအမိနဲ့ ရင်ဆိုင်ရပါတော့တယ်။ ဒီလိုတွေ ဖြစ်လာတဲ့အခါမှာ လရိပ်အေးတစ် ယောက် ဒေါ်မမရှင်တို့သားအမိရဲ့ ကျေးဇူးတရားများကြားမှာ လရိပ်အေးနဲ့ ဒေါ်မမရှင်...လရိပ်အေးနဲ့မိုးသစ်ပင်...ဘယ်လိုတွေဆက်ဖြစ်ကြမလဲဆိုတာကိုတော့...

အိမ်စည်



# ငယ်ကျွန်ဇာတ်ကားဆိုတာ.....




မိုးရိုးမြင့်သည့် မိသားစုမှ မွေးဖွားလာသည့် တစ်ဦးတည်းသော သမီးထိပ်တင်ဝတီဦးသည် ငယ်စဉ်ကတည်းက အလိုလိုက်ခံရသူဖြစ်သည့်အပြင် သွေးကြီးသည့် မိဘအမွေကိုပါ ရထားသည့်အတွက် မာနကြီးပြီး မျိုးရိုးဂုဏ်ကို အလွန်တန်ဖိုးထားသူဖြစ်သည်။ တော်ရုံလူကို အဖတ်တန်သည်ဟု မထင်။ အိမ်ရှိလူအားလုံးကလည်း သူမကို ဒူးထောက်ခစားရသည်၊ ထိုသို့ ဒူးထောက်ခစားရသူများတွင် သူမ၏ခင်ပွန်း ဒေါက်တာကျော်သာနှင့် သားဖြစ်သူ မောင်မောင်တို့လည်း ပါဝင်သည်။

မောင်မောင်သည် ခေတ်လူငယ်တစ်ဦးဖြစ်သော်လည်း ငယ်စဉ်ကတည်းက မိခင်ဖြစ်သူ၏ ထိန်းချုပ်မှုအောက်တွင် မိခင်ဖြစ်သူစိတ်တိုင်းကျနေထိုင်ခဲ့ရသူဖြစ်သည်။ မိခင်ဖြစ်သူကို ချစ်ကြောက်ရိုသေကာ မိခင်စကားဆိုလျှင် မြေဝယ်မကျ နာခံသည့် သားတစ်ဦးဖြစ်သည်။ သို့သော်ရင်ခုန်တတ်စရွယ်တွင် မောင်မောင်တစ်ယောက် အလှကုန်အရောင်းကောင်တာ ဝန်ထမ်းတစ်ဦးဖြစ်သည့် ယိမ်းနှင့် တွေ့ဆုံခဲ့သည်၊ ယိမ်းကိုမြင်ကတည်းက ရင်ခုန်ခဲ့ရသည့် မောင်မောင်တစ်ယောက် ဘဝတွင်တစ်ခါမှမလုပ်ဖူးသည့် အလုပ်များကိုလုပ်တတ်လာပြီဖြစ်သည်။ ယိမ်းအား လပ်ထပ်ရန်အတွက် မိခင်ကိုဆန့်ကျင်ကာ စီစဉ်လာပြီဖြစ်သည်။ ထို့နောက်တွင်ကား.......

မင်းလိုမိန်းမမျိုးက ငါ့သားမပြောနဲ့ ငါ့အိမ်ကကျွန်နဲ့တောင်မတန်ဘူး လို့ ပြောတဲ့စိုးမြတ်သူဇာရယ်...။

ဟိုးငယ်ငယ်လေးထဲက မင်းဆီမှာ ကျွန်တစ်ယောက်လို ခစားလာရတာ တစကယ်တော့ မင်းကမှ အဲ့ဒီကျွန်လောက်တောင် ရင်ခုန်ဖို့မကောင်းဘူး လို့ဆိုတဲ့ လူမင်း။ ကျူပ်က လမ်းဘေးက စုတ်ပြတ်သတ်နေတဲ့ ဖာမဟုတ်ဘူးလို့ဆိုတဲ့ ရွှေမှုံရတီ။ အရမ်းကို လိမ္မာပါတယ်ဆိုတဲ့ မေမေ့သားတောင် ပြောင်းလဲသေးတာပဲ။ ယောကျ်ားတွေက ပြောင်းလဲတတ်တယ်လို့ဆိုလာတဲ့ အောင်ရဲလင်းတို့ကြားက ငယ်ကျွန်...ဆိုတာရုံတင်နေဆဲရုပ်ရှင်ဇာတ်ကားပါ။

ဒီဇာတ်ကားကိုတော့ ဒါရိုက်တာ ဝင်းထွန်းထွန်းက ရိုက်ကူးထားတာ ဖြစ်ပြီး ငယ်ကျွန်ဇာတ်ကားကို ယခင် ဇာတ်ကားများထက် ကြိုတင်ပြင် ဆင်မှုများ အသေအချာပြုလုပ်ရိုက်ကူးထားပြီး ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်ကို အာမခံကြောင်းနှင့် ကြိုတင်ပြင်ဆင်မှုများဖြင့် ကြိုးစား ရိုက်ကူးထားသော်လည်းသမ္မတရုံမှာ ရုံတင်ခွင့်မရတာကြောင့်မျက်ရည်ကျရသည်အထိ ခံစားခဲ့ရကြောင်းလည်း ဒါရိုက်တာဝင်းထွန်းထွန်းက ဆိုပါတယ်။

ဒီဇာတ်ကားမှာ ပါဝင်ထားတဲ့ သရုပ်ဆောင် အောင်ရဲလင်းကလည်း "ဒီဇာတ်ကားက ဇာတ်ကားကောင်းလေးဖြစ်သလို ကျွန်တော်တို့အားလုံး ဝိုင်းကြိုးစားထားတဲ့ ကားလေးဖြစ်လို့ ပရိသတ်တွေကြိုက်နှစ်သက်မယ်လို့ ယုံကြည်ပါတယ်" လို့ဆိုပါတယ်။

"ငယ်ကျွန်" ဇာတ်ကားကဒရာမာအမျိုးအစားဖြစ်ပြီး မြတ်တင်အောင်၏ဇာတ်လမ်းကို အင်ကြင်းဟန်က ဇာတ်ညွှန်းရေးဖွဲ့ထားခြင်းတာဖြစ်ပြီး ပါဝင်ထားတဲ့အနုပညာရှင်များကတော့ လူမင်း၊ အောင်ရဲလင်း၊ စိုးမြတ်သူဇာနဲ့ ရွှေမှုံရတီတို့ အဓိကပါဝင် သရုပ်ဆောင်ထားတာဖြစ်ပါတယ်။

အိမ်စည်

# နာဂဆိုင်ရာ ကျန်းမာရေး အသိပညာ မြှင့်တင်ရေး သံတမန်အဖြစ် သရုပ်ဆောင် မာရီကိုးလ်အား ခန့်အပ်



နာဂဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေး သံတမန်အဖြစ် နာဂတိုင်းရင်းသူ သရုပ်ဆောင် မာရီကိုးလ်အား ခန့်အပ်ခဲ့ခြင်းကို ဇန်နဝါရီ ၂၅ ရက်က မုံရွာမြို့တွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သံတမန်အဖြစ် ခန့်အပ်ခံရခြင်းနှင့် ပတ်သက်ပြီး နာဂတိုင်းရင်းသူ သရုပ်ဆောင်မာရီကိုးလ်က "နာဂဒေသအတွက် အခုလိုပထမဆုံးပေးအပ်တဲ့ သံတမန်ဟာ မာရီကိုးလ် အတွက် ဘဝမှတ်တိုင်တစ်ခုကို ပထမဆုံးစိုက်ထူနိုင်ခဲ့သလို တာဝန်လည်းပိုကြီးသွားပါပြီ။ ကိုယ့်လူမျိုးအတွက် ကိုယ့်နိုင်ငံအတွက်တတ်နိုင်တဲ့ဘက်ကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိ သလောက် အတတ်နိုင်ဆုံးကြိုးစားသွားပါမယ်။ ယုံကြည်စွာနဲ့ ပေးအပ်တဲ့ဆုကိုထိုက်တန်အောင်ကြိုးစားသွားပါမယ်" ဟု ဆိုသည်။ ယင်းသို့ သံတမန် ခန့်အပ်ခြင်း ကို မုံရွာမြို့၌ ပြုလုပ်ခဲ့သည့် တိုင်းဒေသကြီး ကျန်းမာရေးဆိုင်ရာစံပြအချက်အလက်များ စာအုပ်မိတ်ဆက်ခြင်းအခမ်းအနားတွင် ပူးတွဲ ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး သရုပ်ဆောင် မာရီကိုးလ် ကိုယ်တိုင်တက်ရောက်လက်ခံခဲ့ခြင်းဖြစ်သည်။

သရုပ်ဆောင်မာရီကိုးလ်သည် နာဂတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖျော်ဖြေပွဲကို ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့ပြီး နာဂတိုင်းရင်းသားများအတွက် ပညာသင်ကြားရန်လိုအပ်လျက်ရှိသည့်စာသင် ကျောင်းဆောင်နှစ်ဆောင် ဆောက်လုပ်လှူဒါန်းပေးခဲ့သည့်အပြင် နန်းယွန်းမြို့တွင် ပြုလုပ်သည့်နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်၍ မိမိတိုင်းရင်းသားများနှင့်အတူပါ ဝင်ဆင်နွှဲခဲ့ကြောင်းသိရသည်။

အိမ်စည်

## ၂၀၁၈ခုနှစ်ဇန်နဝါရီလမှစ၍ Tuborg Fun Night တေးဂီတဖျော်ဖြေပွဲများ ရန်ကုန်နှင့် မန္တလေးတို့၌ ကျင်းပမည်

၂၀၁၈ခုနှစ် ဇန်နဝါရီလမှစပြီး တစ်နှစ်ပတ်လုံး Tubrog Fun Night တေးဂီတဖျော်ဖြေပွဲများ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။"

"Tubrog ဟာ မြန်မာနိုင်ငံက စားသုံးသူတွေအတွက် ပျော်ရွှင်စိတ်လှုပ်ရှားဖွယ်ရာ အစီအစဉ်များစွာကို ပေးအပ်သွားဖို့ အမြဲစီစဉ်လုပ်ဆောင်နေပြီး ဒီCampaignကနေတစ်ဆင့် စားသုံးသူတွေဟာ သူတို့ရဲ့အနှစ်သက်ဆုံးပြည်တွင်းက တေးဂီတအဖွဲ့တွေရဲ့ ဖျော်ဖြေမှုတွေကိုကြည့်ရှုခံစားနိုင်စေမှာဖြစ်ပြီး ဒီCampaignအတွက် ကျွန်တော်တို့ရွေးချယ်ထားခဲ့တဲ့အမှတ်တံဆိပ်သံတမန်တွေဟာလည်း မတူညီတဲ့ တေးဂီတအမျိုးအစားတွေကို သီဆိုသူတွေဖြစ်ကြပြီး ပရိသတ်တွေအနေနဲ့လည်း တစ်နှစ်ပတ်လုံးကျင်းပသွားမှာဖြစ်တဲ့ "Tuborg Fun Night" တေးဂီတဖျော်ဖြေပွဲတွေမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ကွဲပြားခြားနားတဲ့ သူတို့ရဲ့သီချင်းသံစဉ်တွေနဲ့ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း Mjyanmar Carlsberg Co.,Ltd မှ CEO jzpfol Mr.Michel Jensenကပြောသည်။

Tuborg သည် ပွဲတော်များတွင် ၎င်း၏ သံတမန်များဖြစ်သည့် နာမည်ကျော်တေးသံရှင် ရေမွန် (Idiots) နှင့် Sophia Everestတို့က Campaignတွင် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း Turbogသည် တရုတ်နှစ်သစ်ကူးပွဲတော်၊ သင်္ကြန်ပွဲတော်၊ Oktoberfestပွဲတော်နှင့်နှစ်သစ်ကူးကာလ အပါအဝင် တစ်နှစ်ပတ်လုံးကျင်းပမည် ဖြစ်ကြောင်းသိရသည်၊

ကျော်ကျော်

## ပဲခူး- ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် ခြံစည်းရိုးခတ်နေ

ပဲခူးမြို့ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးအတွက် ယခုဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၄၀၀ချပေးထားပြီး ပေအရှည် ၈၂၀၀ကိုခြံစည်းရိုးခတ်နေပြီဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စီမံကိန်းအင်ဂျင်နီယာဌာနမှ သိရသည်၊

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်ခြံစည်းရိုးသည် ဆည်ရေပြင်မပါဝင်ဘဲ ၁၆မိုင် (ပေ ၈၄၄၈၀) တည်ရှိပြီး ယခုဘဏ္ဍာနှစ်ငွေကျပ်သန်းပေါင်း ၄၀၀ဖြင့် ပေပေါင်း၈၂၀၀ အား ကာရံလျက်ရှိရာ ၆၅ရာခိုင်နှုန်းအထိပြီးစီးပြီး ခြံစည်းရိုးအတွင်းကျရောက်နေသည့် ဥယျာဉ်ခြံမြေနေရာအချို့သာ ခြံစည်းရိုးခတ်ရန်ကျန်ရှိနေပြီးဥယျာဉ်ခြံမြေပိုင်ရှင် ၃ဦးကိုစွပ်ဖြေရှင်းသွားမည်ဖြစ်ကြောင်းသိရသည်၊

"ခြံစည်းရိုးခတ်ဖို့ကျန်ရှိတဲ့နေရာတွေက လေဆိပ်ဧရိယာအတွင်း ကျရောက်နေတဲ့ ဥယျာဉ်ခြံမြေပေ ၅၀၀လောက်နဲ့ စစ်မှုထမ်းဟောင်းအိမ်ရာစားသောက်ဆိုင်တွေရှိနေလို့အခက်အခဲကတော့ရှိကြောင်းစားသောက်ဆိုင်နေရာကိုတော့ အဆင်ပြေမှုရရှိနေပြီဖြစ်ကြောင်း စီမံကိန်းအင်ဂျင်နီယာဌာနက သိရသည်။

လေဆိပ်စီမံကိန်းနှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ၃ဦးက ဇန်နဝါရီ ၃၀ရက်၌ အပြီးသတ်ညှိနှိုင်းအစည်းအဝေးပြုလုပ်ကာ လေဆိပ်အတွင်းရှိ ကျူးကျော်များကလျော်ကြေးပေးဖယ်ရှားမည့်အစီအစဉ်နှင့် သေချာသည့် ဆုံးဖြတ်ချက်များအား နောက်ဆုံးထား ဆောင်ရွက်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှသိရသည်။

ဘတ်ဂျက်ငွေကျပ်သန်း ၄၀၀ ဖြင့် ပြုလုပ်လျက်ရှိသော ပေ ၈၂၀၀ ခြံစည်းရိုးခတ်ခြင်းကို ယခုဘဏ္ဍာနှစ်မတ် ၃၁ရက်တွင် အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

## ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးဟောင်းယဉ်ကျေးမှုဒေသများကို ပြန်လည်ဖော်ထုတ် ဆောင်ရွက်မည်

ဇန်နဝါရီ ၂၃ရက်က ကျင်းပပြုလုပ်သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးတွင် ပဲခူးတိုင်းရှိပျူမြို့ဟောင်းအပါအဝင် ရှေးဟောင်းယဉ်ကျေးမှုဒေသများကို ခရီးစဉ်ဒေသများအဖြစ်ပြန်လည်ဖော်ထုတ်ကာ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည်ဟု ပဲခူးတိုင်းအစိုးရအဖွဲ့စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေထံမှ သိရသည်။

ပဲခူးတိုင်းအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးဟောင်းအမွေအနှစ်တွေကို ပိုမိုဆွဲဆောင်နိုင်ဖို့လုပ်ဆောင်နေကြောင်း၊ ၂၀၁၆ခုနှစ်တွင် ပဲခူးတိုင်းသို့ နိုင်ငံခြားဧည့် ၁၄,၆၀၀ကျော်လာရောက်ပြီး၊ ၂၀၁၇ခုနှစ်တွင် ၁၇,၆၀၀ကျော်အထိရှိလာကာ ယခင်နှစ်ထက် ၃,၀၀၀တိုးတက်လာသော်လည်း အခြားပြည်နယ်၊ တိုင်းများနှင့် နှိုင်းယှဉ်ပါက နည်းပါးနေကြောင်း၊ ယင်းအပြင် ပဲခူးတိုင်းဒေသကယဉ်ကျေးမှုဒေသတွေကို ပြန်လည်ဖော်ထုတ်ကာ ဆင်စခန်းလိုမျိုး သဘာဝအခြေခံခရီးသွားဒေသတွေနဲ့တွဲပြီး လည်ပတ်နိုင်အောင် ဆွဲဆောင်တာမျိုးတွေလုပ်ဖို့ ရှိကြောင်း ပဲခူးတိုင်းဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ ပဲခူးတိုင်းအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများအဖြစ် သရေခေတ္တရာပျူမြို့ဟောင်း၊ ဘုရင့်နောင်နန်းတော်ရာ၊ ကေတုမတီမြို့ဟောင်းစသည့် သမိုင်းဝင်ယဉ်ကျေးမှုနယ်မြေများရှိသော်လည်း နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု နည်းသေးသဖြင့် ယခုထက်ပို၍ ဆွဲဆောင်မှုများရှိရန် ခရီးစဉ်များ ဖော်ထုတ်မည် ဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

## အိန္ဒိယကုမ္ပဏီတစ်ခုက ပုပ္ပားတောင်ကလပ်တွင် ကေဘယ်လ်ကားပြေးဆွဲရန် လူထုသဘောထား စစ်တမ်းကောက်ယူလျက်ရှိ



ပုပ္ပားတောင်ကလပ်တွင် ကေဘယ်လ်ကား တပ်ဆင်ပြေးဆွဲနိုင်ရန် အိန္ဒိယကုမ္ပဏီတစ်ခုက လူထုသဘောထားစစ်တမ်း ကောက်ယူလျက်ရှိကြောင်း ကျောက်ပန်းတောင်း မဲဆန္ဒနယ်အမှတ် (၁)မှ မန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်းက ပြောသည်။

"ပုပ္ပားတောင်ကလပ်မှကေဘယ်လ်ကားတပ်ဆင်နိုင်ဖို့အတွက် လူထုနဲ့တွေ့ဆုံပြီး လူထုရဲ့သဘောထားကိုမေးတာပါ။ ပြည်သူကမကန့်ကွက်ဘူးဆိုရင်တောင် လုပ်ရမှာကအများကြီးကျန်ပါသေးတယ်။ ကျွန်တော်တို့ကတော့ သဘာဝပတ်ဝန်းကျင်မပျက်စီးဘူး။ ဒေသခံတွေလည်း အကျိုးအမြတ်ရှိမယ်။ နိုင်ငံခြားခရီးသည်တွေကိုလည်း ဆွဲဆောင်မှုရှိတယ်ဆိုရင်လက်ခံပါတယ်"ဟု ၎င်းကပြောသည်။


အဆိုပါလုပ်ငန်းကို အိန္ဒိယနိုင်ငံမှ Damodrarope Ways & Infra Co.,Ltd ကစစ်တမ်းကောက်ယူနေခြင်း ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

အဆိုပါ လူထုတွေ့ဆုံပွဲကိုကျောက်ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီနောက်ဆုံးအပတ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံများ၊အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် လူဦးရေ၁၀၀ခန့် တက်ရောက်ခဲ့ကြောင်း၊ ကေဘယ်လ်ကားတပ်ဆင်မည့် ကုမ္ပဏီတာဝန်ရှိသူများ၏အဆိုအရ ကေဘယ်လ်ကားကို ပုပ္ပားတောင်ကလပ်၏ အနောက်တောင်ထောင့်တွင် တပ်ဆင်မည်ဟုသိရကြောင်း တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့်ပုပ္ပားတောင် ချစ်သူများ အသင်းဥက္ကဋ္ဌဦးကျော်ဝင်းဆွေက ပြောကြားခဲ့သည်။

"ကေဘယ်လ်ကြိုးဆင်တဲ့အခါမှာ တောင်ကိုမထိခိုက်စေပဲနဲ့ မြေထဲကိုပိုင်တွေရိုက်ပြီးတော့ ဆင်မယ့်အကြောင်း ရှင်းပြတာဖြစ်တယ်။ သဘာဝအလှကို မထိခိုက်ဘူး။ ပတ်ဝန်းကျင်ကိုမထိခိုက်ဘူးဆိုရင် မကန့်ကွက်ပါဘူး။ ကျွန်တော်တို့ယူဆတာတော့ ကေဘယ်လ်ကားကို ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေပဲ တက်ကြမှ ဖြစ်ပါတယ်။ ဒီကိုလာတဲ့သူတွေ ကခြေလျင်တက်မယ့်သူတွေ ရှိနေဦးမှာပဲ။ ကေဘယ်လ်နဲ့ဘယ်ဧည့်သည်တွေကမှ အားတက်သရောတက်ကြမယ် မထင်ပါဘူး"ဟု ၎င်းကပြောသည်။

ပြီးခဲ့သော အောက်တိုဘာလအတွင်း ပုပ္ပားတောင်ကလပ်တွင် မြေပြိုမှုများ ဖြစ်ခဲ့ခြင်းကြောင့် ဘူမိဗေဒပညာရှင်များနှင့် ဌာနဆိုင်ရာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သုတေသနလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ပုပ္ပားတောင်သည် ကျောက်ပန်းတောင်းမြို့ အရှေ့မြောက်ဘက် ၁၀မိုင်ခန့်အကွာတွင် တည်ရှိကာ တောင်မကြီးသည်အမြင့်ပေ ၄၉၈၁ရှိပြီးတောင်လပ်သည် ၂၄၁၇ပေမြင့်၍ ပညာရှင်များက မီးတောင်သေအဖြစ် ခန့်မှန်း ထားကြောင်းသိရသည်။

T.Z



## Transcom News journal Cartoons



# မြန်မာနိုင်ငံရှိ Hilton ဟိုတယ်များ အောင်မြင်မှုများဆက်တိုက် ဆွတ်ခူး

မြန်မာနိုင်ငံရှိ Hilton ဟိုတယ်များမှ ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းမှရရှိသော ဂုဏ်သိက္ခာမြင့်မားသည့်ဆုများကို ငပလီရှိ Hilton Ngapali ဟိုတယ်နှင့် နေပြည်တော်တွင်ရှိ Hilton Nay Pyi Taw တို့မှရရှိကြောင်းသိရသည်။

Hilton Nay Pyi Taw သည် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ကျင်းပပြုလုပ်သည့် အာဆီယံခရီးသွားဖိုရမ်မှ ပထမအကြိမ်ပေးအပ် ချီးမြှင့်သော ASIAN MICE(Meetings,incentives,Conventions,Exhibition) ဆုကိုဇန်နဝါရီ ၂၆ရက်ကလက်ခံရရှိခဲ့ပြီး အာဆီယံခရီးသွားဖိုရမ်သည် အာဆီယံဒေသကိုခရီးသွားရပ်ဝန်းဒေသတစ်ခုအဖြစ် မြှင့်တင်ရေးအတွက် အာဆီယံဒေသတွင်းနိုင်ငံများစုပေါင်းကာနှစ်စဉ်ကျင်းပပြုလုပ်သော ခရီးသွားဖိုရမ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသာမက ကမ္ဘာ့အသိအမှတ်ပြုအဖွဲ့အစည်းများမှပေးအပ်ချီးမြှင့်သော Hilton Ngapali Resort & Spa အတွက် World Luxury Hotels Awards မှဆု ၂ဆု၊ Hilton Nay Pyi Taw တွင်ရှိသော Hilton အသက်မွေးဝမ်းကြောင်းပညာသင်တန်းကျောင်းအတွက် ပေးအပ်ချီးမြှင့်သည့် Myanmar Employer Awards နှင့်အမေရိကန်ကုန်သည်ကြီးများအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်ကြသော ဆုတံဆိပ်များရရှိခဲ့ကြောင်း Agoda နှင့် Booking.com အပါအဝင် အွန်လိုင်းဘွတ်ကင်ပါတနာများမှလည်း Hilton Ngapali နှင့် Hilton Nay Pyi Taw ဟိုတယ် ၂ ခုစလုံးကို ဧည့်သည်များအားစိတ်ကျေနပ်မှု အမြင့်မားဆုံးပေးနိုင်သည့် ဟိုတယ်နှင့် ဧည့်သည်များ၏ ကောင်းမွန်သည့် တုံ့ပြန်မှုများနှင့် သုံးသပ်ချက်များ ကြာရှည်စွာရရှိသည့် ဟိုတယ်များအဖြစ်ဆုများ ပေးအပ်ကြောင်းသိရသည်။




"ဒီလိုဂုဏ်သိက္ခာရှိတဲ့ ဆုတံဆိပ်တွေကိုလက်ခံရရှိတဲ့အတွက်အတိုင်းထက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာရှိတဲ့ Hilton တွေရဲ့ဝန်ဆောင်မှုကို နိုင်ငံတကာအဆင့်အတန်းမီ ဝန်ဆောင်မှုမျိုးဖြစ်စေရမယ်ဆိုတဲ့ ကျွန်မတို့ရဲ့သန္နိဋ္ဌာန်ကို ထင်ဟပ်ပြသလိုက်တာပါပဲ။ အခုဆိုရင် ကျွန်မတို့တွေမြန်မာနိုင်ငံမှာ ဟိုတယ်လုပ်ငန်း လုပ်ကိုင်နေတာ ၃နှစ်ရှိသွားပါပြီ။ အဓိပ္ပာယ်ပြည့်ဝတဲ့ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးဖို့နဲ့ ဝန်ထမ်းတွေကိုစွမ်းဆောင်ရည်မြင့်မားအောင်လုပ်ပေးပြီး မြန်မာနိုင်ငံရဲ့ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာတစ်တပ်တစ်အား ပါဝင်ချင်တာကျွန်မတို့ရဲ့သန္နိဋ္ဌာန်ပါပဲ။ အရည်အချင်းပြည့်ဝတဲ့ဟိုတယ်ဝန်ထမ်းတွေကိုမွေးထုတ်ပေးပြီး အတွေ့အကြုံကောင်းတွေနဲ့ မွမ်းမံကာမြန်မာနိုင်ငံရဲ့ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှကူညီပံ့ပိုးပေးသွားဖို့ ရည်မှန်းထားပါတယ်"ဟုHilton မှ Cluster General Manager ဖြစ်သူ Helen Jacode မှပြောခဲ့သည်။

ကျော်ကျော်

# Honor ၏ မြန်မာနိုင်ငံပထမဆုံး Flagship Store ဖွင့်လှစ်




ဆန်းသစ်တီထွင်မှု ပြည့်ဝပြီး ခေတ်မီသည့် ကုန်အမှတ်တံဆိပ်ဖြစ်သော Honor မှ ၎င်း၏ပထမဆုံးသော Flagshit store ကိုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင်ဇန်နဝါရီလ ၂၈ ရက်က အမှတ် ၁၁၉၊ လသာလမ်း၊ လသာမြို့နယ်တွင် ဖွင့်လှစ်ခဲ့သည်။

"မြန်မာနိုင်ငံက စားသုံးသူတွေကိုကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ ဒီ Flagshit store ကိုဖွင့်လှစ်လိုက်တာပဲဖြစ်ပါတယ်။ ဒီဒေသတွင်းမှာ Honor အနေနဲ့အရေးပါတဲ့ အခန်းကဏ္ဍကနေပါဝင်ရမယ့်အတွက် ဝမ်းသာမိပါတယ်။ Honor ရဲ့ထူးခြားတဲ့ ကုန်အမှတ်တံဆိပ်ကို မြန်မာစားသုံးသူတွေ ဘယ်လိုမြင်လဲဆိုတာကိုလည်း စောင့်ကြည့်ရတာလည်း စိတ်လှုပ်ရှားစရာတစ်ခုဖြစ်ပါတယ်။"ဟု Honor ၏ဥက္ကဋ္ဌ Geroge Zhaoမှပြောကြားခဲ့သည်။

ဒစ်ဂျစ်တယ်အသုံးပြုသူများအတွက် ကမ္ဘာ့ထိပ်တန်း e-brandတစ်ခုဖြစ်သည့်အလျောက် Honor သည်ပြိုင်ဆိုင်မှုကင်းသော ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုသူအားလုံးအတွက် ရောင်းချမည်ဖြစ်သည်။ Honor ၏ထိပ်တန်း ကုပစ္စည်း ၄ခုဖြစ်သည့်။

Honor 7X-Honor ၏ပထမဆုံး Fullview Display ပါဝင်သည့် smartphone ဖြစ်ပြီးရုပ်ထွက်လုပညက်ညောမှုကို လိုအပ်သောgamer များအတွက် အသင့်တော်ဆုံးဖြစ်ကြောင်း

Honor V9 Play-ရိုးရှင်းသော ဥရောပစတိုင်ဖြင့် ပြုလုပ်ထားသည့် smartphone ဖြစ်ပြီးဒီဖိုင်းသေသပ်လှပသကဲ့သို့ ချောမွေ့သော user experience ပေးအပ်နိုင်ကြောင်း

Honor 6X-ဈေးနှုန်းချိုသာစွာဖြင့်အသုံးပြုလိုသူများအတွက် အသင့်တော်ဆုံး smartphone ဖြစ်ကြောင်း

Honor Holly 6-ဈေးနှုန်းချိုသာမှုအပြည့်ရှိသော စွမ်းဆောင်ရည်မြင့် smartphone ဖြစ်ပြီးလက်လှမ်းမီရွေးချယ်နိုင်သော အကောင်းဆုံး smartphone များဖြစ်ပြီးဖုန်း ၄လုံးက Honor ရဲ့ထုတ်ကုန်တွေအားလုံးလိုပဲ အချက်၃ချက်မှာဦးဆောင်နေကြောင်း ပထမအချက်ကဒီဖုန်း ၄လုံးမှာနည်းပညာ feature အသစ်တွေ၊ ဒုတိယအချက်ကဒီဇိုင်းပိုင်းမှာလည်း ဆန်းသစ်ထားပြီးတော့ အရေးအကြီးဆုံး အချက်ကတော့ မျိုးဆက်သစ် ဒီဂျစ်တယ်လူငယ်တွေအတွက် အဆင်သင့်ဖြစ်အောင်ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။"ဟုGeorge Zhao မှပြောကြားခဲ့သည်။

ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အနေနဲ့ Honor Myanmar Flagshit Store ကိုလာရောက်လေ့လာသူများအတွက် ဆုမဲပေါင်းများစွာကိုစီစဉ်ထားပါတယ်။ ဆိုင်ဖွင့်ပွဲနေ့ပထမဆုံးလာရောက်လေ့လာသူ ၅၀အနေနဲ့ Honor နားကြပ်များကိုလက်ဆောင်ပေးခဲ့ပြီး မိုဘိုင်းဖုန် စလုံး၊ smart wristband အခု၂၀နှင့် အခြား Honor မှထုတ်ကုန်များစွာကို ကံစမ်းမဲဖောက်ပေးအပ်ခဲ့ကြောင်း သိရ သည်။

ကျော်ကျော်

# Huawei Pay ကို အကောင်အထည်ဖော်ရန် Huawei နှင့် UnionPay International တို့ပူးပေါင်း

Huawei Pay ကိုကမ္ဘာ့အနှံ့တွင်ကျယ်ကျယ်အသုံးပြုရေးနှင့် Huawei ဖုန်းနှင့်ငွေပေးချေရာတွင်ပိုမိုအဆင်ပြေလွယ်ကူစေရန် Huawei နှင့် UnionPay International တို့သည်ပူးပေါင်းဆောင်ရွက်ရေးသဘောတူ စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်းလုပ်ငန်းစုနှစ်စုသည် ၂၀၁၆ ခုနှစ်တွင် Huawei Payကိုအတူတကွတီထွင်ခဲ့ကြသည်နှင့်အညီ ဤသဘောတူညီမှုသည်လည်း Huawei Payကို Huawei နှင့် UnionPay တို့အကြား နိုင်ငံတကားဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် ပထမဦးဆုံး သဘောတူစာချုပ်ဖြစ်ပါတယ်။

အနာဂတ်တွင် တရုတ်နိုင်ငံပြင်ပရှိ Huawei နှင့် Honor ဖုန်းအသုံးပြုသူများအနေဖြင့် ၎င်းတို့၏ UnionPay ဘဏ်ကတ်အချက်အလက်များကို Huawei Pay အသုံးပြုနိုင်သော ဖုန်းအတွင်းသို့ထည့်သွင်းထားပြီး UnionPay mobile quick ငွေပေးချေမှုအသုံးပြုနိုင်သော POS စက်အနီးတွင် ဖုန်းကိုထားခြင်းဖြင့် မြန်ဆန်လွယ်ကူစွာ မိုဘိုင်ဖုန်းဖြင့် ငွေပေးချေနိုင်မည်ဖြစ်သည်။ သုံးစွဲသူများ၏ငွေပေးချေမှုလုံခြုံရေးအတွက် Huawei Pay တွင် All-device ဖြေရှင်းနည်းကိုအသုံးပြုထားပြီး ငွေပေးချေမှုတိုကင် နည်းပညာကိုလည်းကတ် ကိုင်ဆောင်သူများ၏ ဒေတာနှင့် ကိုယ်ရေးအချက်အလက်များလုံခြုံရေးအတွက် အသုံးပြုထားပါကြောင်း တရုတ်နိုင်ငံ၏ပထမဦးဆုံးလုံခြုံသော Chip-based မိုဘိုင်းဖုန်းငွေပေးချေမှု ဝန်ဆောင်မှုဖြစ်သည့်အတွက်ကြောင့် Huawei Pay ကိုဘဏ်ပေါင်း ၆၆ခုကထောက်ခံပေးထားပြီးမိုဘိုင်းဖုန်းနှင့် စမတ်နာရီအမျိုးအစား ၂၀တွင်လည်းအသုံးပြုနိုင်ကြောင်း ၂၀၁၇ခုနှစ်တွင် Huawei Payကိုအသုံးပြုပြီးတရုတ်ငွေ ၄သန်းခန်းအထိ ငွေပေးချေမှုများပြုလုပ်ခဲ့သည်။

ရုရှားသည် ပထမဦးဆုံး ဝန်ဆောင်မှုကိုရရှိသော ပြည်ပနိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပြီး လတ်တလောတွင် ၈၅ ရာခိုင်နှုန်းသောရုရှားနယ်မြေများတွင် UnionPayဘဏ်ကတ်များကို လက်ခံလျက်ရှိပြီး POSနေရာ ၄၀၀၀၀၀ကျော်တွင်လည်း UnionPayအမြန်ငွေပေးချေမှုကိုအသုံးနိုင်နေပြီဖြစ်သည်။ ရုရှားဘဏ် ၁၀ခုကျော်မှ ၁.၃သန်းနီးပါးရှိသော UnionPay ဘဏ်ကတ်များကို ထုတ်ပေးပြီးဖြစ်သည်။ ရုရှားပြီးနောက်အရှေ့ဥရောပ ဈေးကွက်ဆီသို့ Huawei Pay ဝန်ဆောင်မှုကိုဖြန့်ကျက်ရန် Huawei နှင့် Union Pay တို့မှစီစဉ်ထားသည်။

စာချုပ်ချုပ်ဆိုပွဲအခမ်းအနားတွင် Zhang Pingan မှ "ပွင့်လင်းစွာမျှဝေခြင်းဟာ ဒီဂျစ်တယ်စီးပွားရေးနဲ့ဉာဏ်ပညာဖြင့်တီထွင် ဖန်တီးထားတဲ့ ဆက်နွယ်မှုများအတွက်အရေးကြီးတဲ့ ဦးတည်ချက်တစ်ခုဖြစ်ကြောင်း ဒါကြောင့်Huawei အသုံးပြုသူများအတွက် end-user cloud ဝန်ဆောင်မှုများကပွင့်လင်းပြီးတစ်ကမ္ဘာလုံး စမတ်ဖုန်းဂေဟာစနစ်ကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ UnionPay International ကဲ့သို့သော ကုမ္ပဏီများနှင့် အတူတကွပူးပေါင်းလုပ်ဆောင်ပြီး ပိုမိုလုံခြုံပြီးအဆင်ပြေသော မိုဘိုင်းငွေပေးချေမှုဝန်ဆောင်မှုကို တစ်ကမ္ဘာလုံးရှိ Huawei စမတ်ပစ္စည်းများအသုံးပြုသူတိုင်းအတွက် ပေးအပ်သွားနိုင်မည်ဟု Huaweiမှမျှော်မှန်းထားကြောင်းသိရသည်။

ကျော်ကျော်

# Nok Air Free Wifi အမှတ်တံဆိပ်ပါ လေယာဉ်များတွင် ဝိုင်ဖိုင်အခမဲ့အသုံးပြုနိုင်ပြီ

လေယာဉ်ပျံသန်းနေစဉ် အခမဲ့ ဝိုင်ဖိုင်အင်တာနက်စနစ်ကို အသုံးပြုနိုင်ပြီဟု ထိုင်းနိုင်ငံအခြေစိုက် Nok Air လေကြောင်းလိုင်းက ဇန်နဝါရီ ၂၂ ရက်က ကြေညာသည်။

ဂြိုလ်တုကွန်ရက်ကို ထိုင်းနိုင်ငံတွင် အခြေပြု၍ လေယာဉ်ဝိုင်ဖိုင်ကွန်ရက်ကို ဝန်ဆောင်မှုပေးအပ်ခြင်းဖြစ်သဖြင့် ထိုင်းနိုင်ငံနယ်နိမိတ်နှင့် အလှမ်းကွာလာသည့်အခါ ဝန်ဆောင်မှုရရှိမည်မဟုတ်ကြောင်း စမတ်ဖုန်းများအတွက် Fight Mode ပြောင်းလဲ၍ Nok Air က ဝိုင်ဖိုင်အင်တာနက်စနစ်ကို အသုံးပြုခွင့်ပေးခြင်းဖြစ်ပြီး လေယာဉ်ပျံသန်းနေစဉ် မိုဘိုင်းဆက်သွယ်ရေး ကွန်ရက်ကြောင့် လေယာဉ်ဆက်သွယ်ရေးစနစ်ကို အနှောင့်အယှက်မဖြစ်စေရန် Fight Mode ပြောင်းလဲ၍ Nok Air က ဝိုင်ဖိုင်အင်တာနက်စနစ်ကို အသုံးပြုခွင့်ပေးခြင်းဖြစ်ပြီး လေယာဉ်ပျံသန်းနေစဉ် မိုဘိုင်းဆက်သွယ်ရေးစနစ်ကို အနှောင့်အယှက်မဖြစ်စေရန် Fight Mode နည်းပညာကို ဟွားဝေးကုမ္ပဏီက တီထွင်ခဲ့သည်။

ဂြိုလ်တုဆက်သွယ်ရေး စနစ်ကိုအခြေခံ၍ လေယာဉ်ပေါ်တွင်ဝိုင်ဖိုင်စနစ်ထုတ်လွှင့်ပေးခြင်းဖြစ်ပြီး ခရီးသည်များ ခါးပတ်ဖြုတ်ထားနိုင်ကြောင်း၊ အချက်ပေးသံထွက်ပေါ်လာသည့်အခါ ဝိုင်ဖိုင်စတင်အသုံးပြုနိုင်ကြောင်း Nok Air ပြန်ကြားရေးတာဝန်ခံ မစုစုထွေးက ပြောသည်။

ဝိုင်ဖိုင်အင်တာနက်ကွန်ရက်ကို လေယာဉ်တိုင်းတွင် ဝန်ဆောင်မှုပေးအပ်ထားခြင်းမဟုတ်ကြောင်း၊ Free Wifi အမှတ်တံဆိပ်ပါရှိသည့် လေယာဉ်ပေါ်တွင် အင်တာနက်စနစ် အသုံးပြုနိုင်ကြောင်း၊ Nok Air သည် ရန်ကုန်–ဘန်ကောက်၊ ရန်ကုန်–ဟန္တိုင်းနှင့် ရန်ကုန်–မဲဆောက် ခရီးစဉ်များပြေးဆွဲနေသည်။ "တစ်ပတ်ကို ထိုင်းကနေ ခရီးသည် ၁၀၀ လောက်အထိ လာနေပါတယ်" ဟု အထွေထွေမန်နေဂျာ Mr.Sattrulee က ပြောသည်။

ကျော်ကျော်



# အမေရိကန်စစ်လေယာဉ်နှင့် ငါးပေမျှအကွာထိ ရုရှားတိုက်လေယာဉ်ချဉ်းကပ်ခဲ့ဟု အမေရိကန်စွပ်စွဲ



ရုရှားတိုက်လေယာဉ်တစ်စီးသည် အမေရိကန်စစ်လေယာဉ်တစ်စီးနှင့် ငါးပေအကွာထိ အလွန်နီးကပ်စွာ ချဉ်းကပ်ပျံသန်းခဲ့ကြောင်း အမေရိကန်စစ်ဘက်က စွပ်စွဲပြောကြားလိုက်သည်။ ဇန်နဝါရီ ၂၉ရက်က ပင်လယ်နက်ရေပြင်ထက်တွင် ရုရှား၏ Su-27 ဂျက်တိုက်လေယာဉ်သည် အမေရိကန်ရေတပ်၏ကင်းထောက်လေယာဉ်တစ်စီးကို အန္တရာယ်ကြီးမားသည့် အခြေအနေမျိုးထိလွန်လွန်ကျွံကျွံနီးကပ်စွာ ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိသုံးဦးက CNNသို့ သီးခြားစီ မှတ်ချက်ပေးခဲ့သည်။

ရုရှားတိုက်လေယာဉ်၏လုပ်ရပ်ကြောင့် အမေရိကန်ရေတပ်လေယာဉ်သည် ၎င်း၏ လုပ်ငန်းတာဝန်ကိုရပ်ဆိုင်းကာ အခြေစိုက်စခန်းသို့ လှည့်ပြန်ခဲ့ရကြောင်းအရာရှိတစ်ဦးက ဆိုသည်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း ရုရှားတိုက်လေယာဉ်သည် နိုင်ငံတကာဥပဒေများ၊ နှစ်နိုင်ငံသဘောတူညီမှုများကို ပြောင်တင်းစွာချိုး ဖောက်ခဲ့ခြင်းဟု ထုတ်ပြန်ရှုတ်ချခဲ့သည်။

"ဒါဟာ ရုရှားစစ်ဘက်က နိုင်ငံတကာစံနှုန်းတွေကို ချိုးဖောက်နေကြောင်း ထင်ထင်ရှားရှားမြင်သာစေတဲ့နောက်ထပ် သက်သေအထောက်အထားတစ်ခုပါပဲ။ ရုရှားအနေနဲ့ အန္တရာယ်များတဲ့လုပ်ရပ်တွေကို ရပ်တန့်ကရပ်ဖို့ကျွန်မတို့ တောင်းဆိုပါတယ်။ ဒီလိုပျံသန်းမှုဟာ နှစ်ဖက်စလုံးက လေယာဉ်တွေအတွက် ထိခိုက်မှုကြီးသွားနိုင်ပါတယ်"ဟု ကာကွယ်ရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရ အမျိုးသမီး ဟီသာနောရက်က ပြောကြားသွားသည်။

ပင်လယ်နက်ဒေသတွင် စစ်ရေးလှုပ်ရှားမှုများကိုကြီးကြပ်နေသည့် အမေရိကန်၏ ဥရောပစစ်ဦးစီးဌာနကရုရှားတိုက်လေယာဉ်သည် EP-3အမျိုးအစားကင်းထောက်လေယာဉ်ကို နှစ်နာရီနှင့် မိနစ်လေးဆယ်မျှကာလအတွင်း အကြိမ်ကြိမ် နှောင့်ယှက်ခဲ့ကြောင်း ကြေညာခဲ့သည်။ "EP-3ရဲ့ ပျံသန်းမှုလမ်းကြောင်းနဲ့ ငါးပေလောက်အကွာထိ Su-27က ချဉ်းကပ်ခဲ့ပါတယ်။ ဒီလိုနှောင့်ယှက်မှုဟာ အန္တရာယ်များလွန်းတဲ့ အပြုအမူဖြစ်ပါတယ်"ဟု အမေရိကန်၏ဥရောပစစ်ဦးစီးဌာန ရေတပ်ဗိုလ်ကြီး ပယ်မလာကွန်ဇီက ဝေဖန်ခဲ့သည်။

ပင်လယ်နက်ဧရိယာတွင် ရုရှားနှင့်အမေရိကန်စစ်လေယာဉ်များကြား အချင်းများစရာ ထိပ်တိုက်ဆုံမှုများယခင်ကလည်း ဖြစ်ပွားခဲ့ဖူးသည်။ ခရိုင်းမီးယားကို ၂၀၁၄ တွင် ယူကရိန်းထံမှ သိမ်းယူခဲ့သည့်နောက် အဆိုပါဒေသတွင် ၎င်းတို့၏ စစ်အင်အားကို ရုရှားက တိုးချဲ့လာသည်။ ယင်းအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ကလည်း ပင်လယ်နက်ဒေသတွင် စစ်အင်အားကိုမြှင့်တင်ကာ ရုရှားအပေါ် အသာစီးယူရန် ကြိုးစားလျက်ရှိသည်။

လရောင် – Ref: CNN

# ထရမ့်နှင့် စွပ်စွဲမှုများအပေါ် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဟာလေ ငြင်းဆန်

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တိတ်တိတ်ပုန်းအချစ်ဇာတ်လမ်းရှိနေကြောင်း ကောလာဟလများကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် နစ်ကီဟာလေက ယတိပြတ် ငြင်းဆိုခဲ့သည်။Woman Ruleအစီအစဉ်နှင့် အင်တာဗျူးတွင် ဟာလေက ယခုလို ငြင်းချက်ထုတ်ခဲ့ခြင်းဖြစ်ပြီး ထိုကိစ္စသည် မမှန်ကန်သလို သူမအပေါ် စော်ကားလွန်းရာရောက်နေကြောင်း ပြောကြားခဲ့သည်။

ယင်းကောလာဟလများသည် ဝါရှင်တန်တွင် Fire and Fury အမည်ရှိ စာအုပ်တစ်အုပ် ထုတ်ဝေရာမှ စတင်ခဲ့သည်။ စာအုပ်ကို ရေးသားသည့်ဂျာနယ်လစ် မိုက်ကယ်ဝုလ်ဖ်က ထရမ့်တွင် ဟာလေနှင့် ဆက်စပ်သည့် မရိုးသားသော ဆက်ဆံရေးတစ်ခုရှိခဲ့သည်မှာ အမှန်ဖြစ်ကြောင်း အတိအလင်း မှတ်ချက်ပေးထားသည်။

ဟာလေသည် တောင်ပိုင်းကာရိုလိုင်းနား ပြည်နယ်၏ ပထမဆုံးသော အမျိုးသမီး အုပ်ချုပ်ရေးမှူး ဖြစ်ခဲ့ဖူးပြီး ထရမ့်လက်ထက်တွင်မူ အစိုးရအဖွဲ့၏ အားအထားရဆုံး သံအရာရှိတစ်ဦးအဖြစ် လူသိများလာသည်။

"အဲဒီကိစ္စတွေက လုံးဝမမှန်ပါဘူး"ဟု ဟာလေက ဆိုသည်။ သူမက ဝုလ်ဖ်သည် ၎င်း၏ စာအုပ်ထဲတွင် ထင်ယောင်ထင်မှား ဖြစ်စေရန်ရေးသားထားကြောင်း တုံ့ပြန်ဝေဖန်ခဲ့သည်။ ဝုလ်ဖ်၏ စာအုပ်ထဲတွင် သမ္မတသည် Air Force One စီးတော်ယာဉ် လေယာဉ်ကြီးပေါ်၌ ဟာလေနှင့် သီးသန့်အချိန်ကုန်မှုများစွာ ရှိခဲ့ကြောင်း ရေးသားထားသည်။

ဟာလေက "တကယ်တမ်းကျတော့ ကျွန်မဟာ Air Force Oneပေါ်ကို တစ်ခါပဲ ရောက်ဖူးတာပါ။ ပြီးတော့ အဲဒီအချိန် အစည်းအဝေးခန်းထဲမှာလူတော်တော်များများ ရှိနေပါတယ်"ဟုလည်း ဖြေရှင်းခဲ့သည်။ အသက် ၄၆နှစ်အရွယ် ဟာလေသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ကလေးနှစ်ဦးရှိနေသည်။ သူမသည် အမေရိကန်သမိုင်းတွင် အိန္ဒိယသွေးနှောသည် ဒုတိယမြောက်ပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဟာလေက မိမိကိုသမ္မတနှင့် စွပ်စွဲခြင်းသည် အောင်မြင်နေသည့်အမျိုးသမီးတစ်ဦး၏ ပုံရိပ်ကို စနစ်တကျ တိုက်ခိုက်ခြင်းသာ ဖြစ်ကြောင်းလည်းဝေဖန်ရှုတ်ချခဲ့သည်။ ဟာလေသည် ၂၀၁၆နှစ်ကုန်ပိုင်း အမေရိကန်ရွေးကောက်ပွဲတွင် သူမအနေဖြင့် ထရမ့်၏ ပရိသတ်တစ်ဦးမဟုတ်သော်လည်း ရီပတ်ဘလစ်ကန် သမ္မတလောင်းဖြစ်သည့်အတွက် ထရမ့်ကို မဲပေးမည်ဟုပြောဆိုခဲ့ဖူးသည်။ ထို့အပြင် ဟာလေကိုယ်တိုင်မှာလည်း အနာဂတ်ကာလတွင် ရီပတ်ဘလစ်ကန် ပါတီကို ကိုယ်စားပြုသည့် အမေရိကန် သမ္မတလောင်းတစ်ဦးဖြစ်လာနိုင်ကြောင်း ထင်ကြေးပေး စောင့်ကြည့် ခံနေရသည်။



လရောင် Ref: Guardian

# အာဖဂန် တာလီလန်တို့ကို ထိရောက်စွာ တုံ့ပြန်ကိုင်တွယ်ရန် လိုအပ်လာပြီဟု ထရမ့်ဆို

အာဖဂန်နစ္စတန်တွင် ဆိုးရွားရက်စက်လှသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုကြီး ဖြစ်ပွားခဲ့သည့်နောက် တာလီဘန်စစ်သွေးကြွများကိုထိရောက်စွာ တုံ့ပြန်ကိုင်တွယ်ရန် လိုအပ်လာပြီဟု အမေရိကန် သမ္မတ ဒေါ်နယ်လ် ထရမ့်က ပြောကြားခဲ့သည်။ပြီးခဲ့သည့် သီတင်းပတ်ကုန်က အာဖဂန်မြို့တော် ကဘူးလ်တွင် စစ်သွေးကြွ အကြမ်းဖက်သမားတစ်ဦးက ဖောက်ခွဲရေး ပစ္စည်းများ တင်ဆောင်လာသည့် လူနာတင်ယာဉ်ကို လူစည်ကားရာ နေရာတွင် စနက်တံဖြုတ် ဖောက်ခွဲခဲ့ရာ လူပေါင်း ၁၀၃ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းဖြစ်ရပ်သည်လအတန်ကြာအတွင်း ကဘူးလ်၌ အသေအပျောက် အများဆုံး အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ယင်းမတိုင်မီ တစ်ပတ်ကလည်း ကဘူးလ်ရှိ ဟိုတယ်တစ်လုံးကို အကြမ်းဖက်သမားများက စီးနင်းပစ်ခတ်မှုကြောင့် လူ ၂၂ဦးထက်မနည်း သေဆုံးခဲ့ရသေးသည်။

အာဖဂန် အစိုးရက ယခုဖြစ်ရပ်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝမ်းနည်းကြေကွဲမှု ကာလတစ်ခု သတ်မှတ်ကြေညာထားသည်။ကဘူးလ်တွင် မြို့ခံများက သေဆုံးသူများ၏ ရုပ်အလောင်းများကို မြှုပ်နှံသင်္ဂြိုဟ်နေကြပြီး အစိုးရ၏ လုံခြုံရေး အာမခံချက်နည်းပါးမှုအပေါ် ဒေါသထွက်နေကြောင်း သိရသည်။

တာလီဘန်တို့က ကဘူးလ်တွင် ဆက်တိုက်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများမှာ ၎င်းတို့ စီမံကိုင်တွယ်ခြင်းဖြစ်ကြောင်း ကြေညာထားသည်။

ထရမ့်က တာလီဘန်တို့၏ ရန်လိုရက်စက်မှုများကို ချိုးနှိမ်ရန်အတွက် အာဖဂန်အစိုးရနှင့် ပူးပေါင်း အဖြေရှာရန် လိုအပ်ကြောင်းဆိုသည်။ ဒီလိုလူမဆန်တဲ့ သတ်ဖြတ်မှုတွေ ပြန်လည်ထူပြောလာခြင်းနဲ့ပတ်သက်လို့ အာဖဂန်က လက်တွဲဖော်တွေနဲ့ ပူးပေါင်း ဖြေရှင်းသွားရပါမယ်။ တာလီဘန်တွေရဲ့ ရက်စက် ကြမ်းကြုတ်မှုတွေက သည်းခံနိုင်စရာအကြောင်းမရှိပါဘူး။ အမေရိကန် ပြည်ထောင်စုဟာ အကြမ်းဖက်မှုကင်းစင်ပြီး လွတ်လပ်စွာရပ်တည်နိုင်တဲ့ အာဖဂန်နစ္စတန်နိုင်ငံဖြစ်တည်ရေးအတွက် လိုလားပါတယ်။ အမေရိကန်နဲ့ မဟာမိတ်တွေကို ပစ်မှတ်ထားတိုက်ခိုက်နေတဲ့ ဘယ်လိုအကြမ်းဖက် မူဝါဒမျိုးကိုမှ အာဖဂန်မှာစွဲကပ်မနေစေလိုပါဘူးဟု ထရမ့်က ပြောကြားခဲ့သည်။

အာဖဂန်ဆိုင်ရာ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၏ အကြီးအကဲဖြစ်သူ တာဒါမီချီ ယာမာမိုတိုကလည်း ယခု တိုက်ခိုက်မှုသည်အရပ်သား အများအပြားရှိနေသည့် နေရာကို ပစ်မှတ်ထားသည့် လူမဆန်သော ကြမ်းကြုတ်မှု သက်သက်သာဖြစ်ကြောင်း ရှုတ်ချခဲ့သည်။

နိုင်ငံတကာ ကြက်ခြေနီ ဌာနကလည်း အကြမ်းဖက်မှုတစ်ခုတွင် လူနာတင် ကားတစ်စီးကိုလက်နက်အဖြစ် အသုံးချသည့်တာလီဘန်တို့၏ လုပ်ရပ်မှာ စက်ဆုပ်ရွံရှာစရာ အလွန်ကောင်းကြောင်း သဘောထားကြေညာချက် ထုတ်ပြန်ခဲ့သည်။

လရောင်
Ref: BBC

# စင်ကျန်းဒေသတွင် အကြမ်းဖက်အန္တရာယ် ပြင်းထန်နေဆဲဟု တရုတ်အာဏာပိုင်များပြော

တရုတ်နိုင်ငံ အနောက်ဘက်စွန်း စင်ကျန်းဒေသတွင် ရဲအင်အားတိုးမြှင့်ချထားခြင်း၊ စောင့်ကြည့်ထောက်လှမ်းမှု တိုးမြှင့်ခြင်းတို့ ပြုလုပ်သည့်တစ်နှစ်ကြာ လုံခြုံရေးအစီအစဉ်ပြီးနောက် ယင်းဒေသ၌ အကြမ်းဖက် တိုက်ခိုက်မှုနှင့် ခွဲထွက်ရေး လှုပ်ရှားမှုအန္တရာယ်သည် ကာလကြာ လုံခြုံရေးနှိမ်နင်းမှုပြုလုပ်ရန် လိုအပ်နေကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။ စင်ကျန်းဒေသသည် တရုတ်နိုင်ငံသား လူနည်းစုဖြစ်ပြီး ယင်းဒေသ၏ လူများစုဖြစ်သော မွတ်စလင် အိုက်ဂါလူမျိုးများနှင့် ဟန်တရုတ်လူမျိုးများကြား တင်းမာမှုများ ဖြစ်ပေါ်စေပြီး အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေသော ခွဲထွက်ရေးသမားများနှင့် အစ္စလာမ်မစ် အစွန်းရောက်များ၏ပြင်းထန်သော အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း တရုတ်အစိုးရက ပြောသည်။

ယင်းအတွက် တုံ့ပြန်မှုအဖြစ် အစိုးရက ရဲတပ်ဖွဲ့အင်အား တိုးမြှင့်ကာစောင့်ကြည့်ထောက်လှမ်းရေး နည်းလမ်းသစ်များနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး အစီအစဉ်များ ပြုလုပ်ခဲ့သည်။

၂၀၁၇ အစီအစဉ်က စင်ကျန်းဒေသရှိ လူ့အသိုင်းအဝိုင်း တည်ငြိမ်ရေးနောက်ထပ်အစီအစဉ်များ လိုအပ်သည်ကို ရှင်းရှင်းလင်းလင်းဖော်ပြနေကြောင်း စင်ကျန်း နေ့စဉ်သတင်းစာက ဖော်ပြသည်။

စင်ကျန်းဒေသ အခြေအနေသည် အခြေခံကျကျ ပြောင်းလဲမှုမရှိသေးဟု စင်ကျင်းပြည်နယ် အုပ်ချုပ်ရေးမှူး ဇာကာက ပြော သည်။

လာမည့်ငါးနှစ်တာ အရေးကြီးကာလတွင် စင်ကျန်းဒေသရေရှည်တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးသည် ဒေသဆိုင်ရာအစိုးရ၏ ရည်မှန်းချက်ဖြစ်ပြီး ရည်မှန်းချက်ပြည့်မီရေး အစိုးရက အဓိကဒေသများ လုံးဝလုံခြုံရေးနှင့်လူ့အသိုင်းအဝိုင်းအတွင်း သာမန်အခြေအနေဖြစ်စေရန် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ရမည်ဟု ဇာကာက ပြောသည်။

စင်ကျန်းဒေသတွင် ဖြစ်ပွားသော အကြမ်းဖက်မှုများအတွက် တရုတ်က အစ္စလာမ်မစ်အစွန်းရောက်များနှင့် ခွဲထွက်ရေးသမားများအပေါ် အပြစ်တင်ထားသည်။

လူ့အခွင့်အရေးအဖွဲ့များကမူ တရုတ်အစိုးရက အိုက်ဂါလူမျိုးများအပေါ် ဖိနှိပ်နေကြောင်း စွပ်စွဲထားသည်။

လရောင်
—Ref: Reuters

# တူရကီစစ်တပ်နှင့် ကာ့ဒ်ပြောက်ကျားများ တိုက်ခိုက်နေမှုတွင် အမေရိကန်တပ်များ ကြားညပ်ဖွယ်ရှိနေ

တူရကီ စစ်တပ်နှင့် ကာ့ဒ်ပြောက်ကျားများ၏ တိုက်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ကြားညပ်မည့် အခြေအနေ ကြုံနေရကြောင်း အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားခဲ့သည်။ ဆီးရီးယားမြောက်ပိုင်းတွင် ယခုသီတင်းပတ် အစောပိုင်းမှစ၍ တူရကီ ခြေလျင်တပ်များဝင်ရောက်လာပြီး ကာ့ဒ်ပြောက်ကျားတပ်ဖွဲ့ YPGကို စစ်ခင်းတိုက်ခိုက်လျက် ရှိသည်။ တူရကီတပ်များက ဆီးရီးယားပိုင် မန်ဘစ်ဂျ်မြို့ထိ ချီတက်သွားမည်ဟုကြေညာထားပြီး ထိုမြို့တွင် အမေရိကန်စစ်သည် ရာဂဏန်းမျှ တပ်စွဲထားသည်။

အမေရိကန် စစ်သည်များသည် YPG အပါအဝင် ဒေသခံ ပြည်သူစစ်အဖွဲ့များက အိုင်အက်စ် အကြမ်းဖက် စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်ရာတွင် ကူညီနေခြင်း ဖြစ်သည်။ ဆီးရီးယားမြောက်ပိုင်း အခြေအနေမှာရှုပ်ထွေးနေပြီး မန်ဘစ်ဂျ်ရှိ အမေရိကန်တပ်များကို ထိခိုက်လာနိုင်ခြေ ရှိနေသည်။

တူရကီ အစိုးရကမူ အမေရိကန်အနေဖြင့် YPGတို့အပေါ် ထောက်ခံကူညီမှု ရပ်တန့်ရန် တောင်းဆိုထားပြီး သို့မဟုတ်ပါက နှစ်နိုင်ငံဆက်ဆံရေးအပေါ် ထိခိုက်လာနိုင်ကြောင်း ခြိမ်းခြောက် သတိပေးထားသည်။

လတ်တလောတွင် မန်ဘစ်ဂျ်ရှိ အမေရိကန်တပ်များ၏အနေအထားအပေါ် မဆုံးဖြတ်သေးဘဲ မြေပြင်အခြေအနေကို စောင့်ကြည့်နေဆဲဟု ပင်တဂွန် စစ်ဌာနချုပ်မှ ဗိုလ်ချုပ်ကင်းနက်သ်ဖရန့်ခ် မက်ကင်ဇီကမှတ်ချက်ပေးခဲ့သည်။ "သူတို့နေရာရွှေ့ချင်ရွှေ့မယ်၊ အဲဒီမှာ ဆက်ရှိချင်ရင်လည်းရှိမယ်။ လောလောဆယ်တော့ ဘယ်လိုဖြစ်မလဲဆိုတာ မဆုံးဖြတ်သေးပါဘူး" ဟု ၎င်းက ဆိုသည်။

ထိုအတောအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တူရကီသမ္မတ ရီဆက်ပ်တေယစ်ဒ် အာဒိုဂန်တို့သည်လည်း အပြန်အလှန်ဖုန်းဆက်သွယ် ဆွေးနွေးမှုများရှိနေခဲ့သည်။ သို့သော်ယင်းနှင့် ပတ်သက်ပြီးတူရကီနှင့် အမေရိကန် အာဏာပိုင်များက ထုတ်ပြန်သည့် သဘောတရားများမှာ ကွဲလွဲလျက် ရှိနေသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူ နှစ်ဦးကမူ အမေရိကန်စစ်တပ်များသည် မန်ဘစ်ဂျ်တွင် လုံခြုံရေး ကင်းလှည့်မှု လုပ်ငန်းစဉ်များကို ပုံမှန်အတိုင်း ဆက်လက် ဆောင်ရွက်နေမည်ဟု ဆိုသည်။ ဆီးရီးယားပိုင်နက်တွင် တူရကီကို လိုလားသည့် ဒေသခံပြည်သူစစ်အဖွဲ့များက အမေရိကန် ကင်းလှည့်ယာဉ်တန်းများကို ပစ်ခတ်လေ့ရှိကြောင်း၊ အမေရိကန်စစ်တပ်ကလည်း မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် အဆိုပါ ဆီးရီးယားသူပုန်အုပ်စုများကို တုံ့ပြန်တိုက်ခိုက်လေ့ရှိကြောင်း ၎င်းအရာရှိများက ပြောကြားခဲ့သည်။

လရောင် Ref: CNN

# အာဖဂန်စစ်သင်တန်းကို တိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဟု အိုင်အက်စ် ကြေညာ

အာဖဂန်နစ္စတန်တွင် စစ်သင်တန်းအကယ်ဒမီတစ်ခုကို စီးနင်းတိုက်ခိုက်ခဲ့မှုမှာ ၎င်းတို့၏ လက်ချက်ဟုအိုင်အက်စ်အကြမ်းဖက်အုပ်စုက ကြေညာခဲ့သည်။ ဇန်နဝါရီ ၂၉ရက်က ကဘူးလ်မြို့တော်ရှိ စစ်စခန်းတစ်ခုကို လက်နက်ကိုင်များက အလစ်အငိုက်ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်ကြောင့် အနည်းဆုံး ၅ဦးသေဆုံးသည်ဟု တာဝန်ရှိသူများက ပြောကြားထားသော်လည်း အာဖဂန် အခြေစိုက် Toloသတင်းဌာနကမူစစ်ဘက်အရာရှိ ၁၁ဦးသေဆုံးကြောင်း ဖော်ပြခဲ့သည်။

လက်နက်ကိုင်ဆိုင်ရာ ၅ဦးသည် မာရှယ်လ်ဖာဟင်မ်စစ်ရေးအကယ်ဒမီရှေ့ဘက်ရှိ ရဲလုံခြုံရေးကင်းတဲကို စတင်စီးနင်းခဲ့ပြီးနောက် အာဖဂန်စစ်သားများနှင့် နာရီပေါင်းအတော်ကြာ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမား ၅ဦးအနက် ၂ဦးမှာ အသေခံဗုံးခွဲသွားပြီး ၂ဦးမှာ ပစ်သတ်ခံရကြောင်း၊ ၁ဦးကိုအရှင်ဖမ်းမိခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ မျက်မြင်များက စစ်သင်တန်းအကယ်ဒမီအနီးတဝိုက်တွင် သေနတ်သံ၊ ပေါက်ကွဲသံများကို နာရီပေါင်းအတန်ကြာကြားနေခဲ့ရကြောင်း ဆိုသည်။

ကနဦးက အဆိုပါတိုက်ခိုက်မှုသည် တာလီဘန်တို့၏ လက်ချက်ဟု ယူဆခဲ့သော်လည်း အိုင်အက်စ်တို့က ၎င်းတို့ကျူးလွန်ခြင်းဟု အခိုင်အမာကြေညာခဲ့သည်။ ယင်းကြေညာချက်ကို အာဖဂန်ထောက်လှမ်းရေးက အတည်ပြုချက်မပေးသေးချေ။ အာဖဂန်တွင် တာလီဘန်နှင့် အိုင်အက်စ်တို့ကြား အကြမ်းဖက်မှုများကို အပြိုင်အဆိုင်အရှိန်မြှင့် အကောင်အထည်ဖော်လျက်ရှိနေသည်။

ကဘူးလ်တွင် နှစ်ပတ်မျှကာလအတွင်းအကြမ်းဖက်တိုက်ခိုက်မှု သုံးခုနှင့်ဆက်တိုက်ကြုံခဲ့ခြင်း ဖြစ်သည်။ပြီးခဲ့သည့် ရက်ပိုင်းကလည်း အင်တာကွန်တီနန်တယ်လ်ဟိုတယ်ကို သေနတ်သမားများ ဝင်ရောက်ပစ်ခတ်မှုကြောင့် လူ ၂၂ဦးသေဆုံးခဲ့သလို ဆေးရုံကားတစ်စီးတွင်ဖောက်ခွဲရေးကိရိယာများ တင်ဆောင်ကာဗုံးခွဲသည့် ဖြစ်စဉ်ကြောင့်လည်း အနည်းဆုံး လူ ၁၀၃ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ကဘူးလ်တွင် ဆက်တိုက်ကြုံရသည့် အကြမ်းဖက်မှုများကြောင့် မြို့ခံများ အထိတ်တလန့် ချောက်ချောက်ချားချားဖြစ်နေသည်။

အိုင်အက်စ်ရော၊ တာလီဘန်တို့ပါ ၎င်းတို့အပေါ် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အာရုံစူးစိုက်မှု ကျရောက်စေရန် အလွယ်ဆုံးနည်းလမ်းအဖြစ် အကြမ်းဖက်မှုများကို အပြိုင်အဆိုင် ကျူးလွန်နေခြင်းဖြစ်သည်။ ထို့ကြောင့် ကဘူးလ်တွင် နောက်ထပ်လည်း ဖျက်ဆီးအားကြီးမားသည့် အကြမ်းဖက်မှုများ ပေါ်ပေါက်လာမည်ကိုမြို့ခံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

လရောင် – Ref: Reuters



# သိမ်းဆည်းရမိထားသည့် အမေရိကန် စစ်သင်္ဘောကို အောင်ပွဲ အထိမ်းအမှတ်အဖြစ် မြောက်ကိုရီးယား ပြသထား

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀က သိမ်းဆည်းရမိခဲ့သည့် အမေရိကန်စစ်သင်္ဘောကြီးကို မြောက်ကိုရီးယား၌ အောင်ပွဲအထိမ်းအမှတ်တစ်ခုအဖြစ် ခင်းကျင်းပြသထားကြောင်း သိရသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့ကြား ဆက်ဆံရေးအေးခဲတင်းမာနေချိန်တွင် ပြုံယမ်းရှိ လွတ်လပ်ရေးအောင်ပွဲစစ်သမိုင်းပြတိုက်ဧရိယာထဲတွင် USS Pueblo စစ်သင်္ဘောကြီးကို ခင်းကျင်းပြသထားခြင်း ဖြစ်သည်။ USS Puebloသည် ပြည်ပနိုင်ငံအစိုးရတစ်ရပ်၏ လက်အောက်တွင် ဖမ်းဆီးခံထားရသည့် တစ်စီးတည်းသောအမေရိကန်စစ်သင်္ဘောလည်း ဖြစ်သည်။ ထို့အပြင် အမေရိကန်ရေတပ်ပိုင် စစ်ရေယာဉ်များ စာရင်းတွင်လည်း ယနေ့တိုင် မှတ်ပုံတင်လျက် ဆက်ရှိနေသည်။

ပြုံယမ်းဆင်ခြေဖုံးတွင် စီးဆင်းနေသည့် ရေခဲနေသော ပိုသောင်မြစ်အတွင်းတွင် USS Puebloကိုထားရှိပြီး အမေရိကန်အပေါ် မြောက်ကိုရီးယား၏ အောင်ပွဲရရှိမှု အထိမ်းအမှတ်တစ်ခုအဖြစ် ညွှန်းဆိုထားသည်။

၁၉၆၈ ခုနှစ်၊ ဇန်နဝါရီ ၂၃ရက်က USS Pueblo သည် မြောက်ကိုရီးယား ရေငုပ်သင်္ဘော ဖျက်ဆီးရေးစစ်ရေယာဉ်တစ်စီးကို တိမ်းရှောင်ခုတ်မောင်းခဲ့သည်။ သို့သော်အခြား ရေငုပ်သင်္ဘော ဖျက်ဆီးရေးစစ်သင်္ဘောတစ်စီး၊ တော်ပီဒိုတပ်စစ်ရေယာဉ်လေးစီးနှင့် MiG-21 တိုက်လေယာဉ်နှစ်စီးတို့ပါ ဝန်းရံပိတ်ဆို့မှုကြောင့် ရန်သူ့လက်တွင် အဖမ်းခံလိုက်ရသည်။

အပြန်အလှန်ပစ်ခတ်မှုများအပြီးတွင် သင်္ဘောကုန်းပတ်ပေါ်တက်ရောက်စီးနင်းခံခဲ့ရပြီး အမေရိကန်ရေတပ်သားတစ်ဦး ကျဆုံးခဲ့သည်။ အခြား ရေယာဉ်အမှုထမ်း ၈၂ဦးမှာ မြောက်ကိုရီးယား အကျဉ်းစခန်းနှစ်ခုတွင် ၃၃၅ ရက်ကြာမြင့်သည်အထိ ချုပ်နှောင်ထိန်းသိမ်းခံခဲ့ရသည်။

မြောက်ကိုရီးယားက အမေရိကန်စစ်သင်္ဘောသည် ၎င်းတို့ ရေပိုင်နက်ထဲ ကျူးကျော်ခဲ့ကြောင်း စွပ်စွဲသော်လည်း အမေရိကန်ကမူ USS Puebloသည် နိုင်ငံတကာရေပိုင်နက်ထဲရှိနေချိန်တွင် တိုက်ခိုက်ခံရခြင်းဟုတုံ့ပြန်ခဲ့သည်။ နောက်ပိုင်းတွင် သင်္ဘော၏ ရေကြောင်းလမ်းပြအကြီးအကဲက USS Puebloသည် မြောက်ကိုရီးယားရေပိုင်နက်ထဲ တရားမဝင် ခိုးဝင်ခဲ့ကြောင်း ကြေညာချက်ကို လက်မှတ်ရေးထိုးပေးခဲ့ရသည်။ အဆိုပါ ဖြစ်စဉ်သည် စစ်အေးကာလတင်းမာမှုများ မြင့်တက်နေချိန်တွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန်အစိုးရသည် USS Puebloကိုလက်လွှတ်ခဲ့ရခြင်းအပေါ် ရက်စရာအရေးနိမ့်မှုတစ်ခုဟုယူဆခဲ့ပြီး ထိုအချင်းအရာနှင့်ပတ်သက်သော သတင်းများကို သိုသိပ်ထိမ်ချန်စေခဲ့ရာ ရေယာဉ်အမှုထမ်းများအတွက် လက်မခံချင်စရာ ဖြစ်ခဲ့သည်။ သို့သော် ၁၉၈၉ခုနှစ်တွင်မှ အမေရိကန်အစိုးရက ရေယာဉ်အမှုထမ်းများ၏ အနစ်နာခံ တာဝန်ထမ်းဆောင်မှုကို အသိအမှတ်ပြုခဲ့သလို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လရောင် – Ref: Sky News

# ကာ့ဒ်များကို တူရကီ တိုက်ခိုက်ရာ၌ ဂျာမန်လုပ် တင့်ကားများ အသုံးပြုခြင်းအပေါ် ဝေဖန်မှုများ ထွက်ပေါ်



တူရကီစစ်တပ်က ကာ့ဒ်ပြောက်ကျားများကို တိုက်ခိုက်ရာတွင် ဂျာမန်လုပ်တင့်ကားများ အသုံးပြုခဲ့ခြင်းအပေါ် ဂျာမနီရှိနိုင်ငံရေးသမားများက ဝေဖန်ကန့်ကွက်ခဲ့ကြောင်းသိရသည်။ ယခုသီတင်းပတ်ကုန်တွင်ဆီးရီးယားမြောက်ပိုင်းသို့ တူရကီခြေလျင်တပ်များကဝင်ရောက်လာကာ YPGကာ့ဒ်ပြောက်ကျားတပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်ရာ၌ ဂျာမန်လုပ် Leopardတင့်ကားများကိုအသုံးပြုနေကြောင်း မှတ်တမ်းဓာတ်ပုံများ ထွက်ပေါ်လာသည်။

YPGတို့သည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်ရာတွင် အမေရိကန်နှင့်လက်တွဲညီညီတိုက်ခိုက်ခဲ့သည့် မဟာမိတ်များဖြစ်သော်လည်း တူရကီအစိုးရကမူ အကြမ်းဖက်အုပ်စုတစ်ခုအဖြစ်သတ်မှတ်ထားသည်။

တူရကီက ကာ့ဒ်တို့အပေါ် စစ်ဆင်နွှဲခြင်းနှင့်ပတ်သက်၍ အငြင်းပွားစရာ အခြေအနေများ ဖြစ်ပေါ်နေချိန်တွင် Leopardတင့်ကားများ၏ဓာတ်ပုံများထွက်ပေါ်လာသည့်နောက် ဂျာမနီတွင်လည်း ထိုကိစ္စအပေါ် ဝေဖန်မှုများရှိလာသည်။ ဂျာမန်နိုင်ငံရေးသမား အချို့ကတူရကီ၏တင့်ကားများကို အဆင့်မြှင့်တင်ပေးရန် သဘောတူညီမှုအားလုံးကို အစိုးရအနေဖြင့် ဆိုင်းငံ့ထားပေးရန် တိုက်တွန်း တောင်းဆိုလာကြသည်။

တူရကီနှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးများက နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန်ကတိကဝတ်ပြုခဲ့ပြီး သီတင်းပတ်အနည်းငယ်မျှအကြာတွင် ယခုပြဿနာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဂျာမနီအစိုးရက တူရကီစစ်တပ် ဝယ်ယူထားသည့် Leopard 2တင့်ကားများကို အဆင့်မြှင့်တင်ပေးရန် သဘောတူညီထားပြီဟုဆိုသော်လည်း ယခုအခါ နိုင်ငံရေးသမားများက ကန့်ကွက်လာခြင်းဖြစ်သည်။ အဆင့်မြှင့်မွမ်းမံမှုများအရ Leopard 2များသည် စရိတ်စက ပိုမိုသက်သာသည့် ခဲယမ်းမီးကျောက်များကိုပြောင်းလဲ အသုံးချနိုင်မည် ဖြစ်သည်။

တူရကီစစ်တပ်သည် အိုင်အက်စ်များကို တိုက်ခိုက်ချိန်က အဆိုပါတင့်ကားများကို အသုံးပြုခဲ့သည်။ သို့သော် လတ်တလောတွင် ကာ့ဒ်တို့အပေါ်စစ်ဆင်ရေးဆင်နွှဲရာ၌လည်း Leopardများကို သုံးစွဲနေကြောင်း လက်နက်ရေးရာ ကျွမ်းကျင်သူများက ထောက်ပြကြသည်။

ဂျာမန်အဓိပတိ အန်ဂျလာမာကယ်လ်အနေဖြင့်မူ လက်ရှိ အငြင်းပွားနေသည့်ကိစ္စနှင့်ပတ်သက်၍ တိတိကျကျဆုံးဖြတ်မှုမရှိသေးချေ။ လတ်တလောတွင်မာကယ်လ်၏ နိုင်ငံရေးပါတီမှ ထိပ်ပိုင်းပုဂ္ဂိုလ်တချို့ကပါ ကာ့ဒ်တို့ကို တိုက်ခိုက်ရာတွင် တူရကီက ဂျာမန်လုပ်တင့်ကားများအသုံးပြုနေခြင်းအပေါ် ဝေဖန်ကန့်ကွက်လျက် ရှိကြောင်းသိရသည်။

လရောင် – Ref: Deustsche Welle

# လေကြောင်းတိုက်ခိုက်မှု တစ်ခုအတွင်း အိုင်အက်စ် ၁၅၀မျှကို သုတ်သင်နိုင်ခဲ့ဟု အမေရိကန်ကြေညာ



ပြီးခဲ့သည့်သီတင်းပတ်ကုန်က လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း အိုင်အက်စ်စစ်သွေးကြွ ၁၅၀ခန့်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာခဲ့သည်။ အမေရိကန် ဦးဆောင်သည့် မဟာမိတ်နိုင်ငံများ၏ လေတပ်ကဆီးရီးယားတွင် အိုင်အက်စ်စစ်သွေးကြွများ၏ စစ်ရေးပစ်မှတ်များကိုထိရောက်စွာ ချေမှုန်းနိုင်ခဲ့ကြောင်း မဟာမိတ်လေတပ်၏ ပြောရေးဆိုခွင့်ရ အရာရှိဗိုလ်မှူးကြီး ရိုင်ယန်ဒီလွန်က ဆိုသည်။

"အိုင်အက်စ်အိုင်အက်စ်ရဲ့ ဌာနချုပ်နေရာနဲ့စစ်ရေးစီမံခန့်ခွဲမှုဌာနတွေကို အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့တာပါ"ဟု ဒီလွန်က CNNသို့ ပြောကြားခဲ့သည်။ အမေရိကန်သည် အိုင်အက်စ်ကို အမည်ပြောင်းဖြစ်သည့် အိုင်အက်စ်အိုင်အက်စ်ဟုသာ တရားဝင်သုံးနှုန်းခေါ် ဆိုလေ့ရှိသည်။

ဆီးရီးယားနှင့်အီရတ်တွင် အိုင်အက်စ်၏ အင်အားလုံးဝပြိုကွဲပျက်စီးသွားပြီဟု ကြေညာထားသော်လည်း စစ်သွေးကြွလက်ကျန် အစွယ်အပွားများ ဆက်လက်လှုပ်ရှားနေဆဲဖြစ်သည်။ အမေရိကန်စစ်ဘက်ကအကယ်၍သာ အကြမ်းဖက်ဝါဒကို ထိထိရောက်ရောက်ချိုးနှိမ်နိုင်စွမ်းမရှိပါက ဒုတိယမျိုးဆက်အိုင်အက်စ် ခေါင်းထောင်လာနိုင်ကြောင်း သတိပေးထားသည်။

ဒီလွန်ကပြီးခဲ့သည့် သီတင်းပတ်ကုန် တိုက်ခိုက်မှုသည် ယူဖရေးတီးစ်မြစ်လယ်ပိုင်းရှိ အက်ရှာဖားမြို့အနီးတွင် ဆင်နွှဲခဲ့ခြင်းဟုဆိုသည်။ ထိုဒေသတွင်အိုင်အက်စ်အကြွင်းအကျန်အင်အားစုများ ခိုကပ်နေဆဲဖြစ်သည် လေကြောင်းတိုက်ခိုက်မှုတွင် ရေတပ်၏ F/A-18ဂျက်တိုက်လေယာဉ်များနှင့် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များ ပါဝင်ခဲ့သည်။

အမေရိကန်သည် ဆီးရီးယားရှိ အိုင်အက်စ်များကို ချေမှုန်းသည့် စစ်ဆင်ရေးအတွက် USS Theodore Roosevelt လေယာဉ်တင်သင်္ဘောကြီးကိုပင်လယ်ကွေ့ ဒေသတွင် တပ်စွဲထားစေသည်။ လတ်တလောတွင် ဆီးရီးယားမြောက်ပိုင်း၌ ကာ့ဒ်မျိုးနွယ်စုများနှင့် တူရကီစစ်တပ်များ တိုက်ပွဲဖြစ်နေသော်လည်း အမေရိကန်က အိုင်အက်စ်တို့အပေါ် ဆင်နွှဲနေသည့်စစ်ဆင်ရေးများအပေါ် ထိခိုက်မည် မဟုတ်ဟုလည်း အမေရိကန်စစ်ဘက်အရာရှိများက မှတ်ချက်ပေးထားသည်။

လရောင် – Ref: CNN

# အမေရိကန်၏ ခေတ်ကာလသစ်တစ်ခုသို့ ပြောင်းလဲသွားမည်ဟု ထရမ့်ကြွေးကြော်

အမေရိကန်တစ်နိုင်ငံလုံးကို လိုပ်မှုပြီးပြောကြားခဲ့သည့် မိန့်ခွန်း၌ သမ္မတဒေါ်နယ်လ်ထရမ့်ကအမေရိကန်၏ ခေတ်ကာလသစ်တစ်ခုသို့ ပြောင်းလဲဝင်ရောက်သွားမည်ဟု ကြွေးကြော်ခဲ့သည်။ ထရမ့်၏ မိန့်ခွန်းထဲတွင် ကဏ္ဍအတော်များများ ဆက်စပ်ပါဝင်ခဲ့ပြီး နိုင်ငံရေးကဏ္ဍတွင် အမြင်ကွဲပြားသူများ ပိုမိုပူးပေါင်းအလုပ်လုပ်ရန်လည်း တိုက်တွန်းသွားခဲ့သည်။ ရီပတ်ဘလစ်ကန်ပါတီကိုယ်စားပြုသမ္မတက မိမိသည်ဒီမိုကရက်များနှင့်ယှဉ်တွဲ အလုပ်လုပ်ရန် လက်ကမ်းကြိုနေမည်ဟု ဆိုသည်။

၎င်းက အမေရိကန်အနေဖြင့် နယ်စပ်များကိုလွတ်လပ်စွာ ဖွင့်ပေးထားသည့်မူဝါဒကို ပြန်လည်သုံးသပ်ရန်လိုပြီဟုလည်း သတိပေးခဲ့သည်။ "လမ်းဖွင့်ပေးထားတဲ့နယ်စပ်ကနေ ဆယ်စုနှစ်တွေများစွာ ကြာတဲ့ထိ မူးယစ်ဆေးတွေ၊ ဒုစရိုက်ဂိုဏ်းသားတွေက ကျုပ်တို့ တန်ဖိုးထားရတဲ့ လူ့အသိုက်အဝန်းထဲ ဆက်တိုက်စိမ့်ဝင်လာနေခဲ့တယ်" ဟု ထရမ့်ကဆိုသည်။

အမေရိကန်သာပဓာနဆိုသော မူဝါဒကိုကိုင်ဆွဲပြီးသမ္မတဖြစ်လာသည့်ထရမ့်၏ ပထမဆုံးအာဏာ သက်တမ်းတစ်နှစ်အတွင်း နိုင်ငံစီးပွားရေးထင်ရှားစွာ တိုးတက်လာသော်လည်း ထရမ့်အပေါ် ထောက်ခံမှုများ ပြန်လည်ယုတ်လျော့ကျဆင်းလာနေကြောင်း လေ့လာသူများကဆိုသည်။ အဓိကအကြောင်းရင်းမှာ ၎င်း၏ အငြင်းပွားစရာမူဝါဒရေးရာ အမြင်များကြောင့် ဖြစ်သည်။

ထရမ့်က "ကျုပ်ရဲ့အစိုးရဟာ လုံခြုံတဲ့၊ ခိုင်မာတဲ့၊ ဂုဏ်ယူဝံ့ကြွားနိုင်တဲ့ အမေရိကန်အသစ်ကို တည်ဆောက်နေတာဖြစ်တယ်။ အမေရိကန်ရဲ့ အိပ်မက်တွေထဲမှာ လက်တွေ့ ဖော်ဆောင်နေထိုင်ဖို့လက်ရှိထက်ပိုကောင်းတဲ့ကာလမျိုးမရှိနိုင်ဘူး" ဟုလည်း ပြောကြားခဲ့သည်။

ထရမ့်၏ မိန့်ခွန်းကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ရာ အမေရိကန်ပြည်သူသန်း ၄၀မျှစောင့်ကြည့်ခဲ့သည်။ ထရမ့်က မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး အားထုတ်မှုများကိုလည်း ရှုတ်ချသွားခဲ့သည်။

၎င်းက "ပြုံယမ်းအစိုးရရဲ့ နျူကလီးယား ဒုံးကျည်တွေပိုင်ဆိုင်ရေး အဆင်ခြင်မဲ့အားထုတ်မှုတွေဟာ သိပ်မကြာခင်မှာ ကျုပ်တို့ရဲ့အမိမြေကို အမှန်တကယ်ခြိမ်းခြောက်လာပါလိမ့်မယ်။ ဒါမျိုးမဖြစ်အောင်တားဖို့အတွက် ကျုပ်တို့ဟာ ဖိအားအကြီးမားဆုံးပေးပြီး လှုပ်ရှားတုံ့ပြန်သွားရလိမ့်မယ်" ဟု ဆိုသည်။

၎င်းက ဆီးရီးယားနှင့် အီရတ်ရှိအိုင်အက်စ်အိုင်အက်စ်စစ်သွေးကြွများ သိမ်းယူထားရာ နယ်မြေအားလုံးနီးပါးပြန်လည်ထိန်းချုပ်ရယူနိုင်ခဲ့သည့် ကိစ္စကိုလည်း ထည့်သွင်း



အတည်ပြုသွားသည်။ "အိုင်အက်စ်အိုင်အက်စ်လုံးဝဥဿုံနိဂုံးချုပ်အဆုံးသတ်သွားတဲ့ထိ ကျုပ်တို့ဆက်ပြီးတိုက်ပွဲဝင်သွားမှာပါ" ဟု ထရမ့်က ကတိပေးခဲ့သည်။

ထရမ့်၏မိန့်ခွန်းထဲတွင် ရုရှားနှင့်ပတ်သက်၍များများစားစားထည့်သွင်းမှတ်ချက်ပေးမှုမျိုးမရှိချေ။ ၎င်းကတရုတ်နည်းတူ ရုရှားသည်လည်း အမေရိကန်ပြိုင်ဘက်အဖြစ်တစ်ကြိမ်မျှသာ ရည်ညွှန်းသုံးစွဲသွားခဲ့ကြောင်းသိရသည်။

လရောင် – Ref: AFP

# အငြင်းပွားကျွန်းများနှင့် ပတ်သက်၍ ဂျပန်နိုင်ငံတွင် ပြတိုက်သစ်ဖွင့်လှစ်

တောင်ကိုရီးယားနှင့်တရုတ်တို့က ပိုင်ဆိုင်သည်ဟု ပြောဆိုထားသော အငြင်းပွားဖွယ် ကျွန်းစုနှစ်ခုနှင့်ပတ်သက်၍ ဂျပန်ကတိုကျိုမြို့တွင် ပြတိုက်တစ်ခုဖွင့်လှစ်ခြင်းကြောင့် ယင်းနှစ်နိုင်ငံကို ဒေါသထွက်စေဖွယ်ရှိသည်။ ဂျပန်အစိုးရဖွင့်လှစ်သောပြတိုက်တွင် ယင်းကျွန်းများကို ဂျပန်က ပိုင်ဆိုင်သည်ဟု ပြောဆိုမှုများအပေါ် ကာကွယ်ပေးသည့်မြေပုံများနှင့် စာရွက်စာတမ်းများ ပြသထားသည်။ အရှေ့တရုတ်ပင်လယ်တွင် လူမနေကျွန်းများနှင့်ပတ်သက်၍ ဂျပန်ကတရုတ်နှင့် အငြင်းပွားနေသည်မှာ ကြာမြင့်ပြီဖြစ်သည်။

ယင်းကျွန်းများကို ဂျပန်နိုင်ငံကအုပ်ချုပ်ပြီး ဆင်ကာကူဟုခေါ်ကာ တရုတ်ကဒီယာအိုယုကျွန်း ဟုခေါ်သည်။ ဂျပန်ပင်လယ်ရှိ တောင်ကိုရီးယားထိန်းချုပ်ထားရာကျွန်းများကို ဂျပန်ကပိုင်ဆိုင်ထားသည်ဟု ပြောကြားသည့် ယင်းကျွန်းများကို ကိုရီးယားဘာသာဖြင့် ဒိုခ်ဒိုဟုခေါ်ပြီးဂျပန်ဘာသာဖြင့် တာကီရှီမာဟုခေါ်သည်။

တာကီရှီမာနှင့် ဆင်ကာကူကျွန်းစုများနှင့် ပတ်သက်၍ ယခုပြတိုက်က ပိုမိုနားလည်လာစေမည်ဟု မျှော်လင့်ကြောင်း နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ တာဝန်ခံရသော ဝန်ကြီးတက်ဆူမာအီဆာကီက ပြတိုက်ဖွင့်လှစ်စဉ်ပြောကြားသည်။

အရှေ့တရုတ်ပင်လယ်ရှိ တိုကျိုအုပ်ချုပ်သောကျွန်းစုများ တစ်ဝိုက်ရေပြင်တွင် တရုတ်နိုင်ငံနျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများကို ဂျပန်ကမကြာမီက စူးစမ်းတွေ့ရှိပြီးနောက် ဂျပန်၏ ယခုလုပ်ရပ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းကျွန်းများတစ်ဝိုက် ဂျပန်ပိုင်ရေပြင်သို့တရုတ်က ကမ်းခြေစောင့်ရေယာဉ်များ ပုံမှန်စေလွှတ်မှုနှင့်ပတ်သက်၍ ဂျပန်အစိုးရက စောဒကတက်ခဲ့သည်မှာ ကြာပြီဖြစ်သည်။

ယင်းကျွန်းများအနက် အချို့ကို ဂျပန်နိုင်ငံကထိန်းချုပ်ခဲ့သည့် ၂၀၁၂အတွင်း တရုတ်နှင့်နှစ်နိုင်ငံဆက်ဆံရေးထိခိုက်ခဲ့သည်။ ယင်းနောက်ပိုင်း အာရှထိပ်တန်းစီးပွားရေးနှစ်နိုင်ငံကြားဆက်ဆံရေး ဆက်လက်တင်းမာခဲ့သည်။

လရောင်—Ref: AFP

# ရုရှားထောက်လှမ်းရေးအကြီးအကဲနှင့် အမေရိကန်ထောက်လှမ်းရေးအရာရှိများ တိတ်တဆိတ်တွေ့ဆုံခဲ့

၂၀၁၆အမေရိကန် ရွေးကောက်ပွဲတွင် မော်စကိုကြားဝင်စွက်ဖက်သည်ဆိုခြင်းနှင့်ပတ်သက်သော စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ နိုင်ငံရေးဆိုင်ရာ အချင်းချင်းယှဉ်ပြိုင်တိုက်ခိုက်မှု အရှိန်မြင့်လာခြင်း ဖော်ထုတ်မှုကို အတည်ပြုခြင်းအဖြစ် အမေရိကန်၏ တားဆီးပိတ်ဆို့မှုဒဏ်ခံထားရသော ရုရှားနိုင်ငံ၏ နိုင်ငံခြားထောက်လှမ်းရေး အကြီးအကဲသည် ပြီးခဲ့သည့်သီတင်းပတ်က ဝါရှင်တန်အပြင်ဘက်၌ ကန်ထောက်လှမ်းရေးအရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း အမေရိကန်သတင်းရင်းမြစ်နှစ်ခုက ပြောသည်။ SVRဟုခေါ်သော ရုရှားထောက်လှမ်းရေးဌာန အကြီးအကဲဆာဂျီနာရီရှကင်သည် အမေရိကန်ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးဒန်ကုတ်စ်နှင့် အခြားအမေရိကန်ထောက်လှမ်းရေးအရာရှိများနှင့် ဆွေးနွေးခဲ့ကြောင်း သတင်းရင်းမြစ်များက ပြောသည်။

နာရီရှကင်နှင့် အမေရိကန်ထောက်လှမ်းရေးအရာရှိများသည် အကြမ်းဖက်ဝါဒပူးပေါင်း တိုက်ဖျက်ရေးနှင့်ပတ်သက်၍ဆွေးနွေးခဲ့ကြောင်း အမေရိကန်ဆိုင်ရာရုရှားသံအမတ်အနာတိုလီအန်တိုနော့ဗ်နှင့် ရုရှားနိုင်ငံပိုင်IT-AR-Tassသတင်းဌာနကို ကိုးကား၍ ရုရှားသံရုံးက တွစ်တာတွင် ဖော်ပြခဲ့သည်။

သို့သော် အန်တိုနော့ဗ်တွေ့ဆုံဆွေးနွေးခဲ့သော အမေရိကန်ထောက်လှမ်းရေးအရာရှိများ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြခြင်းမရှိပေ။ နာရီရှကင်တိတ်တဆိတ်ခရီးစဉ်သတင်းကြောင့် ၂၀၁၆သမ္မတရွေးကောက်ပွဲအတွင်း မော်စကိုကကြားဝင်စွက်ဖက်သည်ဆိုခြင်းအပေါ် စုံစမ်းမှုနှင့်ပတ်သက်၍ ဒီမိုကရက်တို့ကို ခုခံနေသော ရီပက်ဘလေကန်များနှင့်ထရန့် အစိုးရအဖွဲ့၏ တိုက်ပွဲအတွက် လောင်စာဖြည့်ပေးသလိုဖြစ်ခဲ့သည်။

နာရီရှကင်နှင့် မည်သည့်အမေရိကန်အရာရှိများတွေ့ဆုံခဲ့သလဲ၊ ၎င်းနှင့်အိမ်ဖြူတော်(သို့မဟုတ်)အမျိုးသားလုံခြုံရေးအကြံပေးအရာရှိများ တွေ့ခဲ့သလား၊ မည်သည့်အကြောင်းအရာဆွေးနွေးခဲ့သနည်းစသော မေးခွန်းများအတွက် ချက်ချင်းဖြေရှင်း အဖြေပေးရန် လွှတ်တော်ဒီမိုကရက်ပါတီခေါင်းဆောင်ရှူးမားက တောင်းဆိုထားသည်။

လရောင်—Ref: BBC

# မတ်လမှာ စစ်မှုထမ်းဝင်ရောက်မယ့် CNBLUE အဖွဲ့ဝင် ဂျွန်ယောင်ဟွာ




တောင်ကိုရီးယားရော့ခ်တီးဝိုင်း CNBLUE မှ အဖွဲ့ဝင် ဂျွန်ယောင်ဟွာသည် မကြာမီစစ်မှုထမ်းဝင်ရောက်မည်ဖြစ်၍ ပြည်ပဂီတခရီးစဉ်များ အားလုံးဖျက်သိမ်းလိုက်သည်။ ဇန်နဝါရီ ၂၆ရက်တွင် FNC Entertainmentကုမ္ပဏီက ဂျွန်ယောင်ဟွာသည် စစ်မှုထမ်းဝင်ရောက်ရန် အမိန့်ကျရောက်လာသဖြင့် မတ်လ ၅ရက်၌ စစ်မှုထမ်းဝင်ရောက်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့ကြောင့် ဂျွန်ယောင်ဟွာ၏ ပြည်ပခရီးစဉ်များအားလုံးကို ဖျက်သိမ်းမည်ဖြစ်၍ ပြည်တွင်း၊ ပြည်ပမှပရိသတ်များအနေဖြင့် နားလည်ပေးစေလိုကြောင်း ကုမ္ပဏီကပြောခဲ့သည်။

အသက် (၂၈)နှစ်အရွယ် ဂျွန်ယောင်ဟွာသည် ဂီတလောကတွင်သာမက သရုပ်ဆောင်လောကတွင်လည်း အောင်မြင်ခဲ့ပြီး ၎င်းပါဝင်သရုပ်ဆောင်ခဲ့သော You're Beautiful, Heartstrings နှင့် Marry Him If You Dareစသည့် ဒရာမာဇာတ်ကားများမှာ ပရိသတ်အားပေးမှုများစွာရရှိခဲ့သည်။

လရောင်—Ref:Allkpop



# မီးဖွားမယ့်ရက်ကို ရေတွက်ပြီး စိတ်လှုပ်ရှားနေတဲ့ ကိုင်လီဂျန်နာ

နာမည်ကျော် အမေရိကန်မော်ဒယ်ကိုင်လီဂျန်နာသည် မီးဖွားမည့်နေ့ရက်ကို ရေတွက်ကာစိတ်လှုပ်ရှားနေကြောင်းဆိုသည်။ အသက် (၂၀)အရွယ်ကိုင်လီဂျန်နာနှင့် ချစ်သူထရာဗစ်စကော့တို့၏ ရင်သွေးလေးသည် မိန်းကလေးဖြစ်ပြီး ဖေဖော်ဝါရီလဆန်းတွင် မီးဖွားနိုင်ကြောင်း ဆရာဝန်များက ခန့်မှန်းသည်။ "ကိုင်လီဂျန်နာက သူ့ရဲ့ကလေးလေးနဲ့တွေ့ရမယ့်ရက်ကို ရေတွက်နေပြီးတော့မိခင်တစ်ယောက်ဖြစ်ရမှာကို စိတ်လှုပ်ရှားနေရပါတယ်။ မိသားစုဝင်တွေအားလုံးကလည်း ဘေးနားကနေဝိုင်းပြီး အားပေးကြပါတယ်" ဟု သတင်းရင်းမြစ်တစ်ခုက ပြောသည်။ ငယ်ရွယ်သောမိခင်တစ်ဦး ဖြစ်လိုကြောင်းပြောသော ကိုင်လီဂျန်နာသည် ၂၀၁၇ခုနှစ်၊ စက်တင်ဘာက ချစ်သူထရာဗစ်စကော့၏ ရင်သွေးလေးလွယ်ထားရကြောင်း ကြေညာပြီး ကလေးအတွက် ကန်ဒေါ်လာ ၇၀,၀၀၀တန်ဖိုးရှိသော အဝတ်များကြိုတင်ဝယ်ယူထားသည်။

လရောင်—Ref:Contactmusic






# ဥရောပ ထိပ်တန်းလိဂ်ငါးခုသည် ငွေကြောင့်ပျက်စီးနေပြီဟု အာစင်ဝင်းဂါးပြော




ဥရောပ အကြီးဆုံး လိဂ်များ၏ ယှဉ်ပြိုင်မှုသည် ငွေကြေးသုံးစွဲနိုင်မှု အင်အားကြီးမားသော ကလပ်များ၏ ဖျက်ဆီးခြင်းခံနေရသည်ဟု အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ပြောသည်။

ပြင်သစ်သား ဝင်းဂါးက ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်နှင့် စပိန်တို့ကိုဥပမာပေး၍ ထောက်ပြသည်။ ပီအက်စ်ဂျီသည် လီဂူးဝမ်းတွင် ထိပ်ဆုံးမှနေ၍ ၁၁ မှတ် ဖြတ်ထားပြီး ဘိုင်ယန်က ဘွန်ဒက်စ်လီဂါတွင် ၁၆ မှတ်ဖြတ်ထားကာပရီးမီးယားလိဂ်တွင် မန်စီးတီးက ၁၅ မှတ်ဖြတ်ထားသည်။

ဝင်းဂါးက ယင်းလိဂ်များတွင် ကြိုတင်မှန်းဆ၍ မရသော အခြေအနေမျိုးမရှိတော့ဟု ပြောသည်။ "ဥရောပမှာ လိဂ်ကြီးငါးခုကို ကြည့်လိုက်ရင် ဒီဇင်ဘာမှာ ချန်ပီယံလေးသင်းကို ကျွန်တော်တို့ သိပြီးသားဖြစ်နေပါပြီ" ဟု ဝင်းဂါးက ထပ်လောင်းပြောကြား သည်။


ယင်းအခြေအနေကြောင့် မိမိတို့ ယှဉ်ပြိုင်မှုအတွင်း တစ်စုံတစ်ခု မမှန်ကန်ဖြစ်နေသည်ဟု ဆိုလိုပြီး ကလပ်အချို့၏ ကြီးမားသော ငွေအင်အားက ယင်းယှဉ်ပြိုင်မှုကို ဖျက်ဆီးနေသည်ဟု ၎င်းကပြောသည်။

စပိန်တွင် ဘာစီလိုနာသည် ဒုတိယနေရာရှိအက်သလက်တီကို ကို ၁၁ မှတ် ဖြတ်ထားပြီး လက်ရှိချန်ပီယံ ရီးရဲလ်မှာ အံ့သြစရာ ကောင်းလောက်အောင် အခက်ကြုံနေကာ ဘာကာထက် ၁၉ မှတ် လျော့ဖြင့် စတုတ္ထနေရာ၌ရှိနေသည်။ အီတလီစီးရီးအေတွင် ပြီးခဲ့သည့် ခြောက်ရာသီက ချန်ပီယံ ဆက်တိုက်ဖြစ်ခဲ့သော ဂျူဗင်တပ် ထက် နာပိုလီက တစ်မှတ်သာနေသည်။

ပရီးမီးယားလိဂ် အပြောင်းအရွှေ့ကာလအတွင်း စံချိန်တင် သုံးစွဲမှုရှိခဲ့ပြီး နစ်ရက်အကြာ၌ ဝင်းဂါးကယင်းကဲ့သို့ပြောခြင်း ဖြစ်သည်။

ပရီးမီးယားလိဂ်ကလပ်များသည် ဗုဒ္ဓဟူးနေ့က ပေါင်သန်း ၁၅၀ သုံးခဲ့ပြီး ဆောင်းရာသီအ ပြောင်းအရွှေ့ကာလက ငွေသုံးစွဲ မှုပေါင်သန်း ၄၃၀ ရှိခဲ့သည်။ ယူအီးအက်ဖ်အေက သတ်မှတ်ထားသည့် ဘဏ္ဍာငွေမျှတစွာသုံးစွဲယှဉ်ပြိုင်ရေး စည်းကမ်းကို ကလပ်များကမလေးစားသောကြောင့် ယင်းကို ပယ်ဖျက်သင့်သည်ဟု ဝင်းဂါးက ပြောသည်။ ဥရောပထပ်သီးကလပ်များ အနက် ပီအက်စ်ဂျီနှင့် မန်စီးတီးတို့၏ ငွေသုံးစွဲမှု ဆက်လက်မြင့် တက်လာဖွယ်ရှိသည်။

မြတ်မင်းဇင်




# ယမန်နှစ်က အဖြစ်မျိုး မကြုံစေရန် ရီးရဲလ်နှင့်ပွဲအတွက် ဒိုင်လူကြီးခန့်အပ်မှုကို ပီအက်စ်ဂျီ အနီးကပ်စောင့်ကြည့်နေ

ယမန်နှစ်က ဘာစီလိုနာကိုရှုံး၍ ချန်ပီယံလိဂ်မှထွက်ခဲ့ရသောပွဲတွင် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များအပေါ်ဒေါသထွက်ခဲ့သည့် ပီအက်စ်ဂျီက ယခုနှစ် ရီးရဲလ်နှင့်ရင်ဆိုင်ရမည့်ပွဲအတွက် ယင်းကဲ့သို့ အဖြစ်မျိုး ထပ်မံမဖြစ်ပွားစေရေး ဒိုင်လူကြီး ခန့်အပ်မှုကိုအနီးကပ်စောင့်ကြည့်နေကြောင်း သိရသည်။

ဘာစီလိုနာနှင့်ပွဲကို ကိုင်တွယ်ခဲ့သည့် ဒန်းနစ်အေတီကင်၏ ဆုံးဖြတ်ချက်များကြောင့် ဘာစီလိုနာသည် မိမိတို့ကို အနိုင်ပြန်ယူနိုင်ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း ပီအက်စ်ဂျီကပြောသည်။ ယင်းပွဲတွင် မိမိတို့ကစားသမားအချို့၏ အမှားများရှိသော်လည်း ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် မမျှတဟု ပီအက်စ်ဂျီက ပြောသည်။

ယင်းကြောင့် ဘာနေ့ဗျူးကွင်းသို့သွားရောက်ယှဉ်ပြိုင်ရမည့် ပွဲအတွက် ဒိုင်လူကြီးခန့်အပ်မှုနှင့် အိမ်ကွင်းတွင် ဒုတိယအကျော့အတွက် ခန့်အပ်မည့် ဒိုင်လူကြီးတို့ကိုအနီးကပ်စောင့်ကြည့်နေကြောင်း ပီအက်စ်ဂျီက ပြောသည်။ ယင်းပွဲများအတွက် ခန့်အပ်သည့် ဒိုင်လူကြီးများသည် သင့်တော်သော အတွေ့အကြုံရှိ၊ မရှိ၊ ယင်းပွဲမျိုးကို ကိုင်တွယ်သင့်လောက်သော အရည်အသွေး ရှိ မရှိစောင့်ကြည့်နေသည်ဟု ပီ အက်စ်ဂျီက ပြောသည်။

ပီအက်စ်ဂျီက ယမန်နှစ်ကဘာကာကိုရှုံးခဲ့သောပွဲတွင် ဒိုင်၏ အမှားများကို ဖော်ပြသော ဗီဒီယို ဖိုင်များကို ယူအီးအက်ဖ်အေသို့ ပေးပို့ခဲ့ပြီး မကျေနပ်ကြောင်း ပြောကြားခဲ့သည်။

မြတ်မင်းဇင်

# နောက်တန်းကစားသမားများ အမြန်ပြန်လည် ကစားနိုင်မည်ဟု ရီးရဲလ်နည်းပြဇီဒန်းမျှော်လင့်




ရီးရဲလ်တွင် ကွင်းလယ်နှင့် တိုက်စစ်မှူးများ ဒဏ်ရာပြဿနာ ပြေလည်သွားသော်လည်း နောက်တန်း ကစားသမားများ ဒဏ်ရာပြဿနာ ကြုံနေသော ကြောင့် နည်းပြဇီဒန်းက ယင်းပြဿနာများ အမြန်ပြေလည်ရေး မျှော်လင့်နေသည်။


အရေးပါသော ချန်ပီယံလိဂ် နောက်ဆုံး(၁၆) သင်းအဆင့်တွင် ပီအက်စ်ဂျီနှင့် ရင်ဆိုင်ရန် သီတင်း နှစ်ပတ်အလို၌ ရီးရဲလ် တွင် ရာမို့စ်၊ဗယ်လီဂျို၊ ရာဖေးလ် ဗာရိန်းနှင့် ကာဗာဂျယ်တို့ပါဝင်ကစားနိုင်ခြင်း မရှိသေးပေ။

နောက်တန်းလူရွေးချယ်ရန် အခက်ကြုံနေသော နည်းပြဇီဒန်းက ယင်းကစားသမားများ အမြန် ပြန်လည်ကစားနိုင်မည်ဟု မျှော် လင့်ကြောင်း ပြောသည်။

ဗာရိန်းသည် လီဗန်တေးနှင့် ပွဲအတွက်ပြန်လည်ကစားနိုင်ဖွယ်ရှိကြောင်း ဇီဒန်းကပြောပြီး ယခုရာသီတွင် ဒဏ်ရာပြဿနာ ကင်းဝေးသောတစ်ဦးတည်းသော ကစားသမားဖြစ်သည့် နာချိုဖာနန်ဒက်ဇ်ကို ထည့်သုံးရန် ပြင်ဆင်ထားသည်။

ယခုရာသီတွင် ရာမို့စ်သည် ၁၀ ပွဲလွဲချော်ခဲ့ပြီး ဗယ်လီဂျို ၁၁ပွဲ၊ ကာဗာဂျယ်ကိုးပွဲနှင့် ဗာရိန်းက ငါးပွဲလွဲချော်ခဲ့သည်။ ထိုအတောအတွင်း ပီအက်စ်ဂျီကွင်းလယ်လူ ဒရက်စ်လာက ၎င်းတို့သည်ချန်ပီယံလိဂ် နောက်ဆုံး (၁၆) သင်းအဆင့်တွင်ရီးရဲလ်နှင့် ရင်ဆိုင်ရခြင်းသည် အန္တရာယ်ရှိသော ရင်ဆိုင်တွေ့ဆုံမှုဖြစ်သည်ဟု ပြောသည်။

ရီးရဲလ်သည် လာလီဂါ ၂၁ ပွဲအပြီးတွင် တစ်ပွဲလျော့ဖြင့် နံပါတ်(၄) နေရာ၌ရှိနေကာ ထိပ်ဆုံးရှိ ဘာကာနှင့် ၁၉ မှတ်ကွာနေပြီး ကိုပါဒယ်ရေး ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ မြတ်မင်းဇင်



# လုပ်အားခအများဆုံး ဒိုင်လူကြီးအဖြစ် ပရီးမီးယားလိဂ်ဒိုင်များ ရပ်တည်နေ

ကမ္ဘာ့ထိပ်တန်းလိဂ်များတွင် ပရီးမီးယားလိဂ်ဒိုင်လူကြီးများသည် တစ်နှစ်လျှင် ပေါင် ၇၀,၀၀၀ နှုန်းဖြင့် လုပ်အားခအကောင်းဆုံး ဒိုင်လူကြီးများ အဖြစ် ရပ်တည်နေသည်။

ထိပ်တန်းလိဂ်ပွဲများကို ကိုင်တွယ်ရသည့် ဒိုင်လူကြီးများသည် အသင်းနည်းပြများနှင့် သတင်းမီဒီယာများ၏ မပြတ်ကြည့်ရှုခြင်း၊ ဝေဖန်ခြင်းများ ရင်ဆိုင်နေရပြီး ၎င်းတို့၏ ဆုံးဖြတ်ချက်တိုင်း စောင့်ကြည့်ခံနေရသည်။

ကိုင်တွယ်သော ပွဲစဉ်အလိုက် တစ်ပွဲအတွက်ရသော စာရင်းတွင် ပရီးမီးယားလိဂ်ဒိုင်များ က တစ်ပွဲနှုန်းထက် ပေါင် ၁,၁၅၀ အထက်ဖြင့်ထိပ်ဆုံး၌ ရပ်တည် နေသည်။

အင်္ဂလန်နောက်တွင် စပိန် လာလီဂါ၊ ဂျာမနီ၊ အီတလီ၊ ပြင်သစ်နှင့် ပေါ်တူဂီလိဂ်များမှ ဒိုင်လူကြီးများက အဆင့်လိုက် ရပ်တည်နေသည်။

ချန်ပီယံလိဂ်ပွဲများကို ကိုင်တွယ်ရသည့် ဒိုင်များအား အတွေ့အကြုံအရ နှစ်တန်းခွဲထားပြီးထိပ်တန်းအဆင့်ပွဲများကို ကိုင်တွယ်ရသည့် အတွေ့အကြုံရှိ ဒိုင်များသည် တစ်ပွဲလျှင် ပေါင် ၅,၅၀၀ ရရှိကာ တစ်ဆင့်နိမ့်ပွဲများကို ကိုင်တွယ်ရသောဒိုင်များက တစ်ပွဲလျှင် ပေါင် ၃,၀၀၀ သာ ရရှိသည်။

ပရီးမီးယားလိဂ်သည် ကြည့်ရှုအားပေးသူ အများဆုံးလိဂ်များတွင် ပါဝင်နေခြင်းနှင့်အတူ ဒိုင်များ၊ ကစားသမားများနှင့် နည်းပြများ၏ လုပ်ခလစာလည်း မြင့်မားနေသည်။

သို့သော် ပရီးမီးယားလိဂ်ဒိုင်များသည် လက်ရှိတွင် ဗီဒီယို အကူအညီဒိုင် VAR စနစ်အသုံးပြုနေသော်လည်း ကိုင်တွယ်ဆုံးဖြတ်နေရသော အလုပ်သည် ပိုမိုလွယ်ကူလာခြင်း မရှိသေးပေ။

ဗြိတိန်တွင် အပျော်တမ်း ဘောလုံးဒိုင်တစ်ဦးသည် တစ်ပွဲလျှင် ပေါင် ၂၀ နှင့် ၄၀ ကြားရရှိသည်။

မြတ်မင်းဇင်

myanmar national airlines

MANN YADANARPON AIRLINES
Enjoy Royal Service!

# CODE SHARE FLIGHTS

**Route** RGN-HEH-MDL-NYU-RGN (Afternoon Flight)

**Flight Days** : 6 Days

**UB Flight Days :**
Tuesday, Thursday, and Saturday
(Flight Numbers: UB481 7Y241/UB482 7Y241)

**7Y Flight Days :**
Monday, Wednesday and Friday
(Flight Numbers: 7Y241 UB481/ 7Y241 UB482)

| | ETD | | ETA |
|---|---|---|---|
| RGN | 1530 | HEH | 1640 |
| HEH | 1655 | MDL | 1725 |
| MDL | 1745 | NYU | 1815 |
| NYU | 1830 | RGN | 1950 |



www.flymna.com

**MNA Yangon Office;**
104 Kanna Road,Kyauktada Township,Yangon,Myanmar
Ph: 01-378603-04-06. 01-477840-841-842-843.

**MNA Mandalay Office;**
81 Street , 25x26 Street, Aung Myay Thar San Yet Township.
Ph: 02-36221, 36222, 09-797565776.

www.airmyp.com

**MYP Yangon Office;**
No.3, Thalarwaddy Street, 7th Mile, Mayangone Township
Phone : (+95-1) 656969, Fax : (+95-1) 656998

**MYP Mandalay Office;**
No.9, 78th Street, Between 33rd & 34th Street, Chan Aye Thar Zan Township.
Tel : (+95-2) 67099, Fax : (+95-2) 67039